၂၀၁၁ ခုနှစ်၊
စက်တင်ဘာလ (၅) ရက်မှ
စတင်ထုတ်ဝေသည်။

နှစ်ပတ်တစ်ကြိမ်
(ဗုဒ္ဓဟူးနေ့တိုင်း) ထုတ်ဝေသည်။

www.transcomjournal.com

# ပို့ဆောင်ဆက်သွယ်

သတင်းဂျာနယ်

TRANSCOM NEWS JOURNAL

အတွဲ (၉)၊ အမှတ် (၉)

၂၀၁၉ခုနှစ်၊ မေလ(၂၉)ရက်

## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်မှ ၂၀၁၉ ခုနှစ်၊ မေလအတွက် ချီးကျူးဂုဏ်ပြုထိုက်သူအဖြစ် မြန်မာအမျိုးသားလေကြောင်းလိုင်းမှ လေယာဉ်မှူးကြီး ဦးမြတ်မိုးအောင်နှင့်အဖွဲ့အား ရွေးချယ်ဂုဏ်ပြု

စာ-၁၅ »




## ရထားလမ်းပိုင်းများ မြေပြင်တည်ဆောက်ရေးလုပ်ငန်း စတင်ဆောင်ရွက်ခြင်း အခမ်းအနားကျင်းပ

စာ-၁၈ »

## မြန်မာနိုင်ငံပိုင်အနိမ့်ပျံဂြိုဟ်တုလွှတ်တင်ရေး LOI (Letter of Intent) လက်မှတ်ရေးထိုး

စာ-၁၅ »

## ပြည်သူ့အတွက် တတိယ (၁)နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့် စပ်လျဉ်းသည့် သတင်းစာရှင်းလင်းပွဲ

စာ-၃ »

## ပြည်တွင်းဆိပ်ကမ်းများ လုံခြုံရေးဆောင်ရွက်ရန်၊ AIS စနစ်တပ်ဆင်ရန်၊သတင်းအချက်အလက်မျှဝေခြင်း ကွန်ရက်ထူထောင်ရန် ကိစ္စများနှင့် ပတ်သက်၍ ဆွေးနွေး

စာ-၇ »




## အထွေထွေကုန်စည်နှင့် ကုန်သေတ္တာတင်/ချ ဆိပ်ကမ်းတံတားသစ် ဇွန် (၁)ရက်တွင် ဖွင့်မည်

စာ-၉ »



# အယ် ဒီ တာ့ အာ ဘော်

## လှသော မွှေးသော လေးစားဂုဏ်ယူဖွယ်ကောင်းသော မေ . . .

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည် မေလ (၂၄) ရက်၊ နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီရုံး၊ ဇမ္ဗူသီရိခန်းမတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ နေပြည်တော်ကောင်စီ၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများကို တွေ့ဆုံလမ်းညွှန်အမှာစကားပြောကြားခဲ့သည်။

အဆိုပါ တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ၊ ဦးမင်းသူ၊ ဒေါက်တာ အောင်သူ၊ ဦးဟန်ဇော်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

- မိမိတို့၏ အန္တိမရည်မှန်းချက်မှာ နိုင်ငံတော်ကို ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုနိုင်ငံတည်ဆောက်မည်ဖြစ်ပါကြောင်း၊
- တိုင်းရင်းသားလူမျိုးများအားလုံး၊ သက်ဆိုင်ရာတာဝန်ရှိသူများအားလုံး၊ နိုင်ငံသူ နိုင်ငံသားများအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်မှ အောင်မြင်မည်ဖြစ်ပါကြောင်း၊
- လောကနိယာမအရ ပြုပြင်ပြောင်းလဲမှုသည် အချိန်နှင့်အမျှပြောင်းလဲနေပါကြောင်း၊ ပြုပြင်ပြောင်းလဲမှုကို လိုက်ပါနိုင်မှ နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ လူမှုစီးပွားဘဝ တိုးတက်ပြီး သာယာဝပြောလာမည်ဖြစ်ပါကြောင်း၊
- ပြုပြင်ပြောင်းလဲမှုသည် စိုးရိမ်စရာမဟုတ်ပါကြောင်း ခြိမ်းခြောက်မှုမဟုတ်ပါကြောင်း၊ နိုင်ငံတော်နှင့် နိုင်ငံသားတို့အတွက် အခွင့်အခါကောင်းဖြစ်ပါကြောင်း၊
- နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအရတရားမျှတမှုရှိစေရန်လိုအပ်ပါကြောင်း၊ ဥပဒေ၏ရှေ့မှောက်တွင် အညီအမျှဖြစ်ရမည်ဖြစ်ပါကြောင်း၊
- ဝန်ထမ်းများအနေဖြင့် နိုင်ငံ့ဝန်ထမ်းဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်း၊ အမိန့်ညွှန်ကြားချက်၊ တည်ဆဲဥပဒေများကို လေးစားလိုက်နာရမည်ဖြစ်ပါကြောင်း၊
- လွှတ်တော်ကိုယ်စားလှယ်များသည် နိုင်ငံတော်၏ နောင်အကျိုးဆက်ကို ကြည့်၍ လွှတ်တော်ဆိုင်ရာ ပြဋ္ဌာန်းထားသည့် ဥပဒေ၊ နည်းဥပဒေများကို လိုက်နာ၍ မေ့သင့်၊ မေ့ထိုက်သည်ကို မေ့ရမည်ဖြစ်ပါကြောင်း၊
- သက်ဆိုင်ရာမဲဆန္ဒနယ်၏ ဒေသဖွံ့ဖြိုးရေးနှင့် စီမံကိန်းများတွင် အုပ်ချုပ်ရေးအာဏာပိုင်အဖွဲ့အစည်းကအလေးထားတိုင်ပင်ရမည့် ပုဂ္ဂိုလ်များဖြစ်သလို လွှတ်တော်နှင့် အုပ်ချုပ်ရေးအပိုင်း အပြန်အလှန်ယုံကြည်မှုပေး၍ ထိန်းကျောင်းရမည်ဖြစ်ပါကြောင်း၊
- တရားဥပဒေစိုးမိုးရေးရှိမှ ဒီမိုကရေစီယန္တရားဖြစ်မြောက်မည်ဖြစ်ပါကြောင်း၊ မိမိတို့လိုလားသည့် တရားစီရင်ရေးသည် ဘက်မလိုက်သောတရားစီရင်ရေးဖြစ်ပါကြောင်း၊
- ပြည်ထောင်စုအစိုးရကချမှတ်သော လုပ်ငန်းစဉ်မူဝါဒများကို နေပြည်တော်ကောင်စီကလက်တွေ့ အကောင်အထည်ဖော်ရမည်ဖြစ်ပါကြောင်း၊
- ဒီမိုကရက်တစ်အုပ်ချုပ်ရေးစနစ်ကောင်းဖြစ်အောင်တာဝန်ယူမှု၊ တာဝန်ခံမှု၊ လုပ်ငန်းဆောင်ရွက်ရာတွင် ပွင့်လင်းမြင်သာမှု၊ ကြိုတင်မျှော်မှန်းနိုင်မှု၊ အားလုံးပါဝင်နိုင်မှုရှိရန် လိုအပ်ပါကြောင်း၊ သို့မှသာ ဒီမိုကရေစီဖက်ဒရယ်နိုင်ငံတော်တည်ဆောက်ရေးအောင်မြင်နိုင်မည်ဖြစ်ပါကြောင်း လမ်းညွှန်မှာကြားခဲ့သည်။

၂၀၁၉ ခုနှစ်၊ မေလ ၂၄ ရက် (၁၃၈၁ ခု၊ ကဆုန်လပြည့်ကျော် ၆ ရက်) တွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ရုံးမှ ပြည်သူသို့ ကျေးဇူးတင်လွှာထုတ်ပြန်ခဲ့သည်။

အဆိုပါ ထုတ်ပြန်ချက်တွင် ယခုနှစ်မေလအတွက် ချီးကျူးဂုဏ်ပြုထိုက်သူအဖြစ် မိမိတို့၏ အတွေ့အကြုံ၊ ကျွမ်းကျင်မှုနှင့် တည်ငြိမ်မှုတို့ကို အခြေခံ၍ ဆုံးဖြတ်ချက်မှန်ကန်စွာဖြင့် မောင်းနှင်ပေးခဲ့သော လေယာဉ်မှူးကြီး ဦးမြတ်မိုးအောင်၊ တွဲဖက်လေယာဉ်မှူး ဦးကောင်းဆက်လင်းနှင့် ဦးမျိုးသီဟအောင်တို့အားလည်းကောင်း၊ ခရီးသည်များ ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် အရေးပေါ်ကယ်ဆယ်ရေးလုပ်ငန်းစဉ်နှင့်အညီ ဆောင်ရွက်နိုင်ခဲ့သော အကြီးတန်းလေယာဉ်မယ် ဒေါ်ချယ်ရီမြင့်၊ လေယာဉ်မယ် ဒေါ်ကေဂျာဆန်အောင်၊ ဒေါ်ခိုင်ဇာလင်းနှင့် ဒေါ်ဥမ္မာအောင်တို့အား ရွေးချယ်၍ ဤကျေးဇူးတင်လွှာကို ထုတ်ပြန်လိုက်ပါသည်။

လေယာဉ်မှူးကြီးဦးမြတ်မိုးအောင်နှင့် လေယာဉ်အမှုထမ်းများ၏ ဖြစ်စဉ်သည် မိမိတို့ ကျွမ်းကျင်တတ်မြောက်သည့်ပညာရပ်များ၊ လေ့ကျင့်ခဲ့ရသည့် ကြိုတင်ပြင်ဆင်မှုများကို တည်တည်ငြိမ်ငြိမ်၊ ညီညီညွတ်ညွတ်၊ ယုံကြည်မှုရှိရှိဖြင့် စုပေါင်းကြိုးပမ်းဆောင်ရွက်ကြမည်ဆိုလျှင် မည်သို့သော အခက်အခဲမျိုး ကြုံတွေ့စေကာမူ ကျော်လွှားအောင်မြင်နိုင်ကြောင်း အထင်အရှားသက်သေပြဆိုနေပြီဖြစ်ရာ နိုင်ငံသူနိုင်ငံသားအားလုံးတို့ကလည်း နိုင်ငံတော်၏ ရှေ့ဆက်လျှောက်လှမ်းမည့် ခရီးလမ်းတစ်လျှောက် စည်းလုံးညီညွတ်သောစုပေါင်းအားဖြင့် တိုးတက်ပြောင်းလဲမှုများကို ပိုင်းဝန်းကူညီပံ့ပိုးကာ မျိုးဆက်သစ်များအတွက် ကောင်းမွန်သော အနာဂတ်ကို လက်ဆင့်ကမ်းဆောင်ကျဉ်းပေးနိုင်ကြပါစေကြောင်း မေတ္တာရပ်ခံလျက်မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါသည်ဟု နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဒေါ်အောင်ဆန်းစုကြည်က လက်မှတ်ရေးထိုးထုတ်ပြန် ဂုဏ်ပြုခဲ့ပါသည်။

၂၀၁၉ ခုနှစ်၊ မေလ ၁၈ ရက်၊ နံနက် (၁၀)နာရီခွဲအချိန်က ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်ဘူတာကြီးယာဒ်ဝန်းတွင် ရန်ကုန်–မန္တလေးရထားလမ်းအဆင့်မြှင့်တင်ရေးစီမံကိန်း (အဆင့် ၁) ၏ ရထားလမ်း၊ တံတားများအဆင့်မြှင့်တင်ခြင်းနှင့် အချက်ပြစနစ်သစ်များတပ်ဆင်ခြင်းလုပ်ငန်းနှင့် ရန်ကုန်မြို့ပတ်လမ်းပိုင်း (CP-201) တို့အား မြေပြင်တည်ဆောက်ရေးလုပ်ငန်းများစတင်ဆောင်ရွက်ခြင်းအခမ်းအနား ပြုလုပ်ခဲ့သည်။

အခမ်းအနားသို့ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးသန့်စင်မောင်၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးဖြိုးမင်းသိန်း၊ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း၊ ဒုတိယဝန်ကြီးဦးကျော်မျိုး၊ အမြဲတမ်းအတွင်းဝန် ဦးဝင်းခန့်၊ မြန်မာ့မီးရထား ဦးဆောင်ညွှန်ကြားရေးမှူး ဦးဘမြင့်၊ ဂျပန်နိုင်ငံသံအမတ်ကြီး၊ JICA မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသောဧည့်သည်တော်များ တက်ရောက်ကြသည်။

စီမံကိန်းကာလမှာ ရထားလမ်းတစ်ခုသာ အသုံးပြုနိုင်ပြီး ရထားစောင့်စနစ်ဖြင့် သွားလာရမှာဖြစ်ကြောင်း၊ ရထားလမ်းနှင့် ကားလမ်းဆုံရာနေရာများတွင် ကြုံတွေ့နိုင်သည့် ဘေးအန္တရာယ်များ ရှိသည့်အတွက် အားလုံးပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စီမံကိန်းလုပ်ငန်းများပြီးစီးသွားပါက ကီလို ၁၀၀ နှုန်းဖြင့် မောင်းနှင်ခွင့်ပြုမှာဖြစ်ကြောင်းပြောကြားခဲ့သည်။

ရန်ကုန်–မန္တလေးရထားလမ်းပိုင်းအား ရန်ကုန်–တောင်ငူလမ်းပိုင်းနှင့် တောင်ငူ–မန္တလေးလမ်းပိုင်းဟူ၍ အပိုင်း (၂) ပိုင်းခွဲ၍ အဆင့်မြှင့်တင်မှုလုပ်ငန်းများဆောင်ရွက်လျက်ရှိသည်။

၂၀၁၉ ခုနှစ်၊ မေလ ၂၂ ရက်၊ နံနက် (၉) နာရီက နေပြည်တော်ရှိ မြန်မာ့မီးရထားရုံးချုပ်တွင် ရန်ကုန်–မန္တလေးရထားလမ်းပိုင်းအဆင့်မြှင့်တင်ရေးစီမံကိန်း (အဆင့် ၂)၊ တောင်ငူ–မန္တလေးရထားလမ်းပိုင်းအတွက် မြန်မာ့မီးရထားနှင့် Construction Management Consultancy Services (CMC) တို့အကြား စာချုပ်လက်မှတ်ရေးထိုးပွဲ ကျင်းပခဲ့သည်။ မြန်မာ့မီးရထားဦးဆောင်ညွှန်ကြားမှူး ဦးဘမြင့်နှင့် (CMC) မှ အထွေထွေမန်နေဂျာတို့ လက်မှတ်ရေးထိုးခဲ့သည်။

၂၀၁၉ ခုနှစ်၊ မေလ ၂၃ ရက်၊ နေ့လည် (၂) နာရီခွဲတွင် နေပြည်တော်ရှိ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရုံးအမှတ် (၂) အစည်းအဝေးခန်းမတွင် မြန်မာနိုင်ငံပိုင်ဂြိုဟ်တု ထရန်စပွန်ဒါဌားရမ်းရေးဆပ်ကော်မတီ၊ တတိယအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပခဲ့သည်။ ကော်မတီ ဥက္ကဋ္ဌ၊ အမြဲတမ်းအတွင်းဝန် ဦးစိုးသိန်း၊ ပြန်ကြားရေးဝန်ကြီးဌာနအမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်၊ ပြန်ကြားရေးဝန်ကြီးဌာန၏ မိတ်ဖက်ကုမ္ပဏီများဖြစ်ကြသော ရွှေသံလွင်ကုမ္ပဏီနှင့် Forever ကုမ္ပဏီမှ ကိုယ်စားလှယ်များ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

၂၀၁၉ ခုနှစ်၊ ဩဂုတ်လ (၁) ရက်တွင် Myanmar Sat-2 ဂြိုဟ်တုကို လွှတ်တင်ပြီး အောက်တိုဘာလတွင် ဂြိုဟ်တုချန်နယ် 864 MHz ကို နည်းပညာသစ်ဖြင့် အရည်အသွေးကောင်းမွန်စွာအသုံးပြုနိုင်မည်ဖြစ်ရာ ပြည်ပဂြိုဟ်တု ဌားရမ်းသုံးစွဲနေရာမှ နိုင်ငံပိုင်ဂြိုဟ်တုအား ဌားရမ်းအသုံးပြုရေးဆိုင်ရာများ ဆွေးနွေးခဲ့ကြသည်။

မေလသည် ပူပြင်းခြောက်သွေ့သည့် ကာလ၏ နောက်ဆုံးသတ်အချိန်ဖြစ်သကဲ့သို့ မုတ်သုံအကြိုကာလလည်းဖြစ်သည်။ အပူငြိမ်းသည့် မိုးရွာချိန်ကလေးများ အစပျိုးလာနေသည်။ ဤမေလတွင် ထူးခြားလေးနက်ပြီး စံနမူနာယူစရာများ၊ လေးစားဂုဏ်ယူဖွယ်ရာဖြစ်ပေါ်ကြုံတွေ့မှုများက နိုင်ငံတော်၏ အားထားယုံကြည်ဖွယ် ဥယျာဉ်အတွင်းမှ အဆင်းကောရန့်ပါကြွယ်သည့် ပန်းများပွင့်နေသည်ကို ပြည်သူတို့ တွေ့မြင်ခံစား ကြည်နူးကျေနပ်ခွင့်ရကြသည်။ သို့ဖြစ်ရာ လှသောမေ၊ မွှေးသောမေ ဂုဏ်ယူဖွယ်ပြည့်သောမေလဟု တင်စားဂုဏ်ပြုရေးသားလိုက်ရပါသည်။ ။

# ၂၀၁၉ ခုနှစ်၊ မေလ တတိယ (၁၀)ရက်ပတ်အတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

အနောက်တောင်မုတ်သုံလေသည် မေလ (၂၁–၂၃) ရက်အတွင်း မြန်မာနိုင်ငံတောင်ပိုင်းဒေသများသို့လည်းကောင်း၊ မေလ (၂၄–၂၈)ရက်အတွင်း မြစ်ဝကျွန်းပေါ်ဒေသများသို့လည်းကောင်း၊ မေလ (၂၉)ရက်မှ ဇွန်လ (၃)ရက်အတွင်း မြန်မာနိုင်ငံအလယ်ပိုင်းဒေသများသို့လည်းကောင်း ဝင်ရောက်နိုင်ပါသည်။ ယင်းကာလအတွင်း အနောက်တောင်မုတ်သုံလေသည် အားအသင့်အတင့်ရှိနိုင်ပါသည်။ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် လေဖိအားနည်းရပ်ဝန်း (၁)ကြိမ် ဖြစ်ပေါ်နိုင်ပါသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်ပြီး၊ ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနိုင်ပါသည်။

**မိုးအခြေနေနှင့် မိုးရွာရက်**

မိုးရွာသွန်းမှုအခြေအနေမှာ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် ရွာသွန်းမြဲခန့်ရွာနိုင်ပါသည်။

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် (၆)ရက်မှ (၈)ရက်ခန့်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် (၃)ရက်မှ (၅)ရက်ခန့် မိုးထစ်ချုန်းရွာနိုင်ပါသည်။


**နေ့အပူချိန်**

စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် မေလပုံမှန်အပူချိန်၏ (၁.၅)ဒီဂရီစင်တီဂရိတ်နှင့်အထက်ပိုနိုင်ပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့်မွန်ပြည်နယ်တို့တွင် မေလ၏ပုံမှန်အပူချိန်ခန့်သာ ရှိနိုင်ပါသည်။

**မြစ်ရေအခြေအနေ**

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့၊ ကသာမြို့နှင့် သပိတ်ကျင်းမြို့တို့တွင် (၄)ပေမှ (၆)ပေခန့်၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့နှင့်ပြည်မြို့တို့တွင် (၁)ပေမှ (၃)ပေခန့် လက်ရှိရေမှတ်များအထက်မြင့်တက်လာနိုင်ပြီး၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့်ဇလွန်မြို့တို့တွင် ပေဝက်မှ (၁)ပေခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်ပါသည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့နှင့်ဖောင်းပြင်မြို့တို့တွင် (၃)ပေမှ (၅)ပေခန့်နှင့် မော်လိုက်မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် (၁)ပေမှ (၂) ပေခန့် လက်ရှိရေမှတ်များ အထက်မြင့်တက်လာနိုင်ပါသည်။



# ပြည်သူ့အတွက် တတိယ (၁)နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့် စပ်လျဉ်းသည့် သတင်းစာရှင်းလင်းပွဲ





ပြည်သူ့အတွက် တတိယ (၁) နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့်စပ်လျဉ်း၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနနှင့် စက်မှုဝန်ကြီးဌာနတို့၏ သတင်းစာရှင်းလင်းပွဲကို မေလ (၁၃)ရက် မွန်းလွဲ (၁)နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ထို့နောက် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၏ ပြည်သူ့အတွက် တတိယ (၁)နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှုနှင့်စပ်လျဉ်း၍ အမြဲတမ်းအတွင်းဝန် ဦးဝင်းခန့်က ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနကို ဦးစီးဌာန ခုနစ်ခု၊ နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်း ရှစ်ခု၊ လူ့အရင်းအမြစ်ဖွံ့ဖြိုးရေးအတွက် ကျောင်းတစ်ကျောင်း၊ ကောလိပ်တစ်ခု၊ တက္ကသိုလ်တစ်ခုအပါအဝင် စုစုပေါင်းဌာန၊ အဖွဲ့အစည်း (၁၈)ခုဖြင့်ဖွဲ့စည်းခဲ့ပါကြောင်း၊ မြန်မာအမျိုးသားလေကြောင်း၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ မြန်မာ့သင်္ဘောကျင်းလုပ်ငန်းတို့သည် ပြည်ထောင်စုဘတ်ဂျက်ပြင်ပမှဆောင်ရွက်သည့် စီးပွားရေးအဖွဲ့အစည်းများဖြစ်ပေါင်းကြောင်း။

ရထားပို့ဆောင်ရေးကဏ္ဍတွင် အမြန်ရထား (၃၉) စင်း၊ စာပို့ရထား (၅၃)စင်း၊ လူစီးကုန်တင် ရထား (၄၇) စင်း၊ မြို့ပတ်နှင့်ဆင်ခြေဖုံးရထား (၂၂၁)စင်း ပြေးဆွဲလျက်ရှိပြီး လိုအပ်သောစက်ခေါင်းနှင့်တွဲများ အသစ်ဝယ်ယူဖြည့်တင်းလျက်ရှိသကဲ့သို့ အရေးပါသော ရထားလမ်းပိုင်းများ၏ အဆင့်မြှင့်တင်မှုများကိုလည်း ဆောင်ရွက်လျက်ရှိပါကြောင်း။

ရန်ကုန်မြို့ပတ်ရထားလမ်း အဆင့်မြှင့်တင်ရေး စီမံကိန်း (၅၉)မိုင်ကို ဂျပန်ချေးငွေ အမေရိကန်ဒေါ်လာ (၂၀၇)သန်းနှင့် ပြည်ထောင်စုဘတ်ဂျက် ငွေကျပ် (၅၄) ဘီလီယံတို့ဖြင့် ဆောင်ရွက်ခြင်းဖြစ်ပြီး ချေးငွေဖြင့်အချက်ပြစနစ်နှင့် DEMU တွဲများဝယ်ယူဖြည့်တင်းပြီး မြို့ပြလုပ်ငန်းများကို ဘတ်ဂျက်ဖြင့်ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း၊ ရန်ကုန်မြို့ပတ်ရထားလမ်း အဆင့်မြှင့်တင်ရေး စီမံကိန်း (၅၉)မိုင်တွင် မြို့ပတ်ရထားလမ်းတစ်လျှောက် ရေမြောင်းများပြုလုပ်ခြင်း၊ ဘူတာပလက်ဖောင်းများမြှင့်တင်ခြင်း၊ သံလမ်းအဆင့်မြှင့်ပြုပြင်ခြင်း၊ မြို့ပတ်ရထားလမ်း PC Girder လဲလှယ်ထားသော တံတားများ၏အောက်ခြေအပိုင်း အဆင့်မြှင့်ပြုပြင်ခြင်း၊ သံလမ်းတိုင်နှင့် သံဆန်ခါ ခြံစည်းရိုးကာရံခြင်း၊ အုတ်ခြံစည်းရိုးကာရံခြင်း၊ လမ်းခင်းကျောက်များ ဝယ်ယူဖြည့်တင်းခြင်း၊ သံမဏိတံတားပေါင်များနေရာတွင် PC Concrete တံတားပေါင်များဖြင့် အစားထိုးလဲလှယ်ခြင်းများ ဆောင်ရွက်ခဲ့ပါကြောင်း။

### လူကူးခုံးကျော်တံတား (၃၅)စင်းလိုအပ်

ကားလမ်းကူးနေရာများနှင့် ဘူတာအများစု၌ လူကူးခုံးကျော်တံတား (၃၅)စင်းလိုအပ်သဖြင့် ဆောင်ရွက်ခဲ့ရာ တည်ဆောက်ပြီး သုံးခု၊ တည်ဆောက်ဆဲ သုံးခုနှင့် ကျန် (၂၉)ခုဖြစ်ပြီး ကားလမ်းကူးများ အဆင့်မြှင့်တင်ခြင်းအနေဖြင့် ဆောင်ရွက်ပြီး ငါးခု၊ ဆောင်ရွက်ဆဲ (၁၃)ခု ဆောင်ရွက်ရန်ကျန် ခုနစ်ခုဖြစ်ပါကြောင်း။

ရန်ကုန်-မန္တလေး ရထားလမ်းအဆင့်မြှင့်တင်ရေး စီမံကိန်း (၃၈၅)မိုင်ကို ဂျပန်နိုင်ငံ၏ချေးငွေ အမေရိကန်ဒေါ်လာ (၂၁၁၅)သန်း၊ နိုင်ငံတော်ကျခံငွေ အမေရိကန်ဒေါ်လာ (၄၆၈)ဒသမ (၉၅၂)သန်းဖြင့် အဆင့်နှစ်ဆင့်ခွဲ၍ ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း၊ အဆင့် (၁) ရန်ကုန်-တောင်ငူ (၁၆၆)မိုင်၊ အဆင့် (၂) တောင်ငူ-မန္တလေး (၂၁၉) မိုင်ဖြစ်ပြီး မြန်မာဘက်မှ ဆောင်ရွက်ရမည့် လမ်းခင်းကျောက်များ စုဆောင်းခြင်း (၁၄၁၁၇၉)ကျင်း၊ ကွန်ကရစ်ဇလီဖားများ (၁၆၆၅၄၈)တုံး ထုတ်လုပ်ခြင်းများ ဆောင်ရွက်ပြီး အုတ်ခြံစည်းရိုးကာရံခြင်း ပေ (၁၄၅၅၀) ဆောင်ရွက်ပြီးဖြစ်ပါကြောင်း။

ပဲခူး-မော်လမြိုင်ရထားလမ်း အကြီးစားပြင်ဆင်ခြင်း (၁၂၉)မိုင်တွင် ကိုးချောင်းဆက်သံလမ်း ဂဟေဆက်ခြင်းလုပ်ငန်း (၁၂၉)မိုင်ဆောင်ရွက်ပြီး လမ်းခင်းကျောက်ဖြည့်ပက်ကင်ရိုက်ခြင်း မိုင် (၈၀)ပြီးစီးပြီး (၄၉)မိုင် ကျန်ရှိပါကြောင်း။

မန္တလေး-မြစ်ကြီးနားရထားလမ်း အကြီးစားပြင်ဆင်ခြင်း မိုင် (၃၄၀)တွင် ရထားလမ်းခုန်၊ ဆောင့်၊ လူးများမဖြစ်ပေါ်စေရေး၊ စက်ခေါင်း/တွဲများ ချို့ယွင်းမှုလျော့နည်းရေးတို့အတွက် ကိုးချောင်းဆက် သံလမ်းဂဟေဆက်ခြင်းလုပ်ငန်းနှင့် စက်ကြီးဖြင့် ပက်ကင်ရိုက်ခြင်းလုပ်ငန်းကို မန္တလေး-မြစ်ကြီးနားလမ်းပိုင်းတွင် (၈၅)မိုင်ဆောင်ရွက်ပြီးဖြစ်ပါကြောင်း။

ရထားလမ်းပိုင်း၏ မတ်စောက်သော ဆင်ခြေလျှောနှင့် ကွေ့များအား လျှော့ချနိုင်ရန်အတွက် အဓိကလမ်းပိုင်းများဖြစ်သည့် ဂျီးထောင်-မဲဇာ (၂၄)မိုင်နှင့် မော်ဟန်-ကာဒူ (၁၀)မိုင်အား အဆင့်မြှင့်တင်ရန် ကိုရီးယားနိုင်ငံ၏အကူအညီဖြင့် ဖြစ်မြောက်နိုင်စွမ်းလေ့လာမှုများ ဆောင်ရွက်ခဲ့ရာ အပြီးသတ်အစီရင်ခံစာအား ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလအတွင်းပေးပို့လာသဖြင့် ချေးငွေ အမေရိကန် ဒေါ်လာသန်း (၁၀၀)ရယူနိုင်ရေး ဆောင်ရွက်လျက်ရှိပါကြောင်း။

### အကြံညှိနှိုင်းမှုများ ဆောင်ရွက်

ရန်ကုန်-ပြည်ရထားလမ်း အကြီးစားပြင်ဆင်ခြင်း (၁၆၆)မိုင်တွင် တံတားပေါင်း (၄၄၇)စင်း အားတိုင်းတာစစ်ဆေးပြီး 120 km ပြေးဆွဲနိုင်ရန်နှင့် 20 ton Axle Load ရရှိရန် လေ့လာတွက်ချက် ပြီးဖြစ်ပါကြောင်း၊ ချေးငွေစီမံကိန်းအတွက် အမေရိကန်ဒေါ်လာသန်း (၂၀၀)ရရှိရေး ADB နှင့် အကြံညှိနှိုင်းမှုများဆောင်ရွက်လျက်ရှိပါကြောင်း။

ရထားပို့ဆောင်ရေးကဏ္ဍဖွံ့ဖြိုးရေးလုပ်ငန်းများအနေ

တ-၅ »

# 2019 ASEAN-US Digital Policy Consultative Forum 2 အား ကျင်းပ

2019 ASEAN-US Digital Policy Consultative Forum 2 အား ၂၀၁၉ ခုနှစ်၊ မေလ ၆ ရက်က ရန်ကုန်မြို့ ပြည်လမ်းရှိ Novotel Yangon Max Hotel ၌ ကျင်းပခဲ့ရာ အစည်းအဝေးတွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန် ဦးစိုးသိန်းက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားခဲ့သည်။

ဆက်လက်၍ Cisco System (Asia Paciffic), Global Policy & Government Affairs., Executive Director ဖြစ်သူ Mr.Scow Hiong Goh မှ ဆွေးနွေးပွဲနှင့် စပ်လျဉ်းသည့် ဆောင်ရွက်ခဲ့မှုများ၊ ရှေ့ဆက်လက်ဆောင်ရွက်မည့် အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ဆွေးနွေးပွဲသို့ တက်ရောက်လာသည့် အာဆီယံနိုင်ငံများမှ ဆက်သွယ်ရေးကဏ္ဍဆိုင်ရာ ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ၊ US ပုဂ္ဂလိက Sector မှ ကိုယ်စားလှယ်များ၊ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သူများ စုစုပေါင်း (၅၀) ဦးခန့်တက်ရောက်ခဲ့ကြကြောင်း သိရသည်။

အဆိုပါ ဖိုရမ်ပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်မှာ အာဆီယံဒေသတွင်း ဆောင်ရွက်နေသည့် ဒစ်ဂျစ်တယ်ဒေတာ အုပ်ချုပ်မှု ပိုမိုတောင့်တင်းခိုင်မာလာစေရန်၊ ဒေတာ အီကိုစနစ်လုံခြုံရေးကို အားကောင်းလာစေရေး အထောက်အပံ့ပေးရန်၊ အာဆီယံအား ဒစ်ဂျစ်တယ်ဒေတာ အုပ်ချုပ်မှုကို အကောင်းဆုံး အတွေ့အကြုံများဖြင့်သာမက ဦးဆောင်အဖြစ် ထူထောင်နိုင်ရေး အာဆီယံအတွင်း လုံခြုံစိတ်ချသေချာသည့် အကောင်းဆုံးအတွေ့အကြုံများနှင့် မူဝါဒပိုင်းဆိုင်ရာ ကိစ္စရပ်များအပေါ်တွင် အမြင်များဖလှယ်၍ ဆန်းစစ်ရန် စသည်တို့အတွက် ကျင်းပခြင်းဖြစ်သည်ကို သိရသည်။ သတင်းအဖွဲ့ (ဆ.သ.ရ)






# CREC နှင့် မြန်မာ့မီးရထားတို့ ပူးပေါင်း၍ တရုတ်စကားပြောအခြေခံသင်တန်း ဖွင့်လှစ်

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်း အောင်ဆန်းခန်းမ၌ မေလ (၂၀) ရက်၊ နံနက် (၈) နာရီတွင် CREC နှင့် မြန်မာ့မီးရထားတို့ပူးပေါင်း၍ တရုတ်စကားပြောအခြေခံသင်တန်းဖွင့်ပွဲကျင်းပပြုလုပ်ခဲ့ကြောင်းသိရသည်။

အဆိုပါ အခမ်းအနားတွင် ကျောင်းအုပ်ကြီးဦးမင်းချစ်ဦးက သင်တန်းဖွင့်အမှာစကားပြောကြားခဲ့သည်။

ဆက်လက်၍ မြန်မာ့မီးရထား ဦးဆောင်ညွှန်ကြားရေးမှူး ဦးဘမြင့်က CREC နှင့် မြန်မာ့မီးရထားပူးပေါင်း၍ အခြေခံတရုတ်စကားပြောသင်တန်းဖွင့်လှစ်ရခြင်းအကြောင်း အကျဉ်းချုပ်အမှာစကားပြောကြားခဲ့သည်။

ထို့နောက် CREC ကုမ္ပဏီအကြောင်းနှင့် ပတ်သက်၍ Chief Representative Wang Guoliang က အမှာစကားပြောကြားခဲ့သည်။

ဆက်လက်၍ တရုတ်စကားပြောသင်တန်းနည်းပြဆရာမ Ms. Yang Guixiang က သင်တန်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

ယင်းတရုတ်စကားပြောအခြေခံသင်တန်းသို့ မြန်မာ့မီးရထားမှ သင်တန်းသား/သူ ၂၂ ဦးနှင့် ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်းမှ သင်တန်းသူ ၃ ဦးစုစုပေါင်း ၂၅ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ၂၀.၅.၂၀၁၉ မှ ၆.၉.၂၀၁၉ ထိ သင်တန်းကာလရက်သတ္တပတ် ၁၆ ပတ်ကြာမြင့်မည်ဖြစ်ကြောင်းသိရသည်။

ဗဆက


ပို့ဆောင်ဆက်သွယ်
TRANSCOM NEWS JOURNAL

| | |
|---|---|
| စီမံခန့်ခွဲရေးအရာရှိ | ဦးနီအောင် |
| စာတည်းမှူးချုပ် | မောင်ကြင်နာ |
| အုပ်ချုပ်ရေးအရာရှိ | နေလင်း |
| ငွေစာရင်းအရာရှိ | ကျော်သူရ |
| မျက်နှာဖုံးဒီဇိုင်း | ဝင်းထိုက် |
| စာမျက်နှာဒီဇိုင်း | နေလင်း၊ မြတ်ထူးဇော်၊ ဇင်ဘိုထွန်း |
| ကွန်ပျူတာ | ခိုင်ယုသွယ်၊ မေသဥ္ဇာငွေ၊ ထက်လှိုင်ဦး၊ ခန့်ဇော်ထွန်း |
| စာတည်း | တင်မောင်၊ အိမ်စည် |
| သတင်းထောက် | ဘုန်းပိုင်ဦး၊ စိုးသူ၊ သဇင်ဖူး |
| သတင်း (ဆက်သွယ်ရေး) | လှမျိုး |
| သတင်း (ရထား) | အောင်ဆန်းဦး |
| စာပြင် | ဆုဆုစန္ဒီဇော် |
| ကာတွန်းသရုပ်ဖော် | တင်ယု |
| ထုတ်ဝေသူ | နီအောင် (၀၀၄၉၆) |
| ပုံနှိပ် | မင်းပြည့်စုံ (၀၀၁၀၃) |
| ဖြန့်ချိရေး | ကိုကိုမြတ်၊ ဘိုဘို |

**တိုက်တည်နေရာ**

၈၃ /၉၁ ဗိုလ်အောင်ကျော်လမ်း (အောက်)၊
ကျောက်တံတား၊ ရန်ကုန်။
ဖုန်း ၀၁ - ၈၆၁၀၁၉၂
စာတည်းမှူးချုပ် ၀၁ - ၃၇၅၄၄၃

Email - thetransportnews@gmail.com
tcnj.transcomnews@gmail.com




ပို့ဆောင်ဆက်သွယ်သတင်းဂျာနယ်တိုက်သို့ လူကြီးမင်းတို့၏ သတင်း၊ ဆောင်းပါး၊ ကဗျာများအား ပေးပို့နိုင်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

ကြော်ငြာများထည့်သွင်းလိုပါက
ဖုန်း၊ ၀၁-၈၆၁၀၁၉၂၊ ၀၉-၄၂၀၁၃၆၆၇

# Windows Server Administration Course-l သင်တန်းဖွင့်ပွဲ အခမ်းအနားကျင်းပ



ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ သတင်းအချက်အလက်နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးသင်တန်းကျောင်းတွင် အစိုးရအဖွဲ့အစည်းများနှင့် ဝန်ကြီးဌာနများရှိ ဝန်ထမ်းများအား Windows Server Operating System 2016 နှင့် Active Directory Domain Service,Domain Controller,Internet Information Service, Domain Name System, DHCP Service စသည့် Windows Service တို့ကို Installation, Configuration, နှင့် Operation ပြုလုပ်ပုံများကို စာတွေ့၊ လက်တွေ့သိရှိနိုင်စေရန် ရည်ရွယ်၍ဖွင့်လှစ်သည့် Windows Server Administration Course-l သင်တန်းဖွင့်ပွဲ အခမ်းအနားကို မေလ (၁၃) ရက်က နေပြည်တော်၊ ရုံးအမှတ်(၂)သင်တန်းခန်းမတွင် ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ Windows Server Administration Course-l သင်တန်းကို ပြည်ထောင်စုဝန်ကြီးဌာနနှင့် အစိုးရအဖွဲ့အစည်း (၃၃)ခုမှ သင်တန်းသား (၄၀)ဦး တက်ရောက်ကြောင်း သိရသည်။

သင်တန်းကာလမှာ (၁၃-၅-၂၀၁၉)ရက်မှ (၂၄-၅-၂၀၁၉)ရက်အထိ (၁၀)ရက် ဖွင့်လှစ်ပို့ချမည်ဖြစ်ပါသည်။ သင်တန်းဖွင့်ပွဲသို့ သတင်းအချက်အလက်နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေး သင်တန်းကျောင်း၊ ကျောင်းအုပ်ဒေါ်ခင်ဆွေငွေနှင့် ဌာနမှတာဝန်ရှိသူများတက်ရောက်ခဲ့ပြီး ကျောင်းအုပ်က အဖွင့်အမှာစကား ပြောကြားခဲ့သည်။

သတင်းအချက်အလက် နည်းပညာနှင့်ဆိုက်ဘာလုံခြုံရေးသင်တန်းကျောင်းသည် ပြည်ထောင်စုဝန်ကြီးဌာနနှင့် အစိုးရအဖွဲ့အစည်းများမှ နိုင်ငံ့ဝန်ထမ်းများအား e-Government နှင့်ဆိုက်ဘာလုံခြုံရေးလုပ်ငန်းများ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှစ၍ ICT သင်တန်းများ ဖွင့်လှစ်ပို့ချပေးလျက်ရှိကြောင်း သိရှိရသည်။

သန္တာ -ICTS

# "Myanmar National Airlines Travel Fair 2019" လာပြီ

Myanmar National Airlines Travel Fair ၂၀၁၉ ကို ဇွန်လ (၁)ရက်၌ မြန်မာပလာဇာတွင် မနက် (၁၀)နာရီမှ ည (၇)နာရီအထိ စည်ကားစွာကျင်းပပြုလုပ်သွားမည်ဖြစ်သည်။

"Myanmar National Airlines Travel Fair ၂၀၁၉" တွင် (၄၀၀,၀၀၀)ကျပ်နှင့်အထက် ဝယ်ယူအားပေးကြသူများအတွက် အသွားအပြန်လေယာဉ်လက်မှတ်များအပြင် (၇,၅၀၀)ကျပ်တန်ဖိုးရှိ MNA ဝက်ဝံရုပ်လေးများနှင့် လေယာဉ်ရုပ်လေးများကို ကံစမ်းနိုင်မည့် ဗလာမပါ Lucky Draw အစီအစဉ်လည်း ပြုလုပ်ပေးသွားမည်ဖြစ်သည်။ ထို့ပြင် Travel Fair ၂၀၁၉ တွင် လာရောက်အားပေးကြမည့် ခရီးသွားပြည်သူများကို မြန်မာအမျိုးသားလေကြောင်း လက်ရှိပျံသန်းနေသောနေရာများအား (၁၅%)လျှော့ဈေးဖြင့် ရောင်းချပေးသွားမှာဖြစ်ပြီး Travel Period ကိုတော့ ၂၀၂၀ ခုနှစ်၊ မတ်လ (၃၁)ရက်အထိ သက်မှတ်ပေးထားကြောင်းသိရသည်။

အဆိုပါ "Myanmar National Airlines Travel Fair ၂၀၁၉" တွင် ဖျော်ဖြေရေးအစီအစဉ်များလည်းပါဝင်သွားမှာဖြစ်ရာ ပြည်သူချစ်အနုပညာရှင် "Jewel" မှပါဝင်၍ သီဆိုဖျော်ဖြေပေးသွားမည်ဖြစ်သည်။




မြန်မာအမျိုးသားလေကြောင်းသည် နိုင်ငံတကာခရီးစဉ်များအဖြစ် စင်ကာပူ၊ ဟောင်ကောင်၊ ဘန်ကောက်၊ ချင်းမိုင်၊ ဗုဒ္ဓဂါယာနှင့် ယခုဆိုလျှင် ချန်ဒူးခရီးစဉ်လည်း ပါဝင်လာပြီဖြစ်သည်။ ပြည်တွင်းခရီးစဉ်အနေဖြင့်လည်း မြို့ပေါင်း (၂၈)မြို့သို့ ပျံသန်းပြေးဆွဲနေခြင်းဖြစ်သည်။

တင်မောင်(ပို့/ဆက်)၊ ES

# အခြေခံစာရေး၊ စက်ပြင်၊ တွဲစစ်(ဒု)နှင့် Traction Motor Maintenance သင်တန်းများဖွင့်လှစ်



ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဗဟိုပို့ဆောင်ရေးကျောင်း အောင်ဆန်းခန်းမတွင် မေလ (၆)ရက်နံနက်ပိုင်းက စီမံကွပ်ကဲရေးအခြားအဆင့်သင်တန်းအမှတ်စဉ် (၆၇/၂၀၁၉) အခြေခံစာရေးရုံးလုပ်ငန်းသင်တန်းအမှတ်စဉ် (၅/၂၀၁၉)အခြေခံယာဉ်မောင်းစက်ပြင်သင်တန်းအမှတ်စဉ် (၂၀/၂၀၁၉)စက်မှုကျွမ်းကျင် (၄)တွဲစစ် ဒုသင်တန်းအမှတ်စဉ် (၂၇/၂၀၁၉) နှင့် Traction Motor Maintenance သင်တန်းအမှတ်စဉ် (၁၃/ ၂၀၁၉)တို့၏ သင်တန်းဖွင့်ပွဲ အခမ်းအနားကျင်းပပြုလုပ်ခဲ့သည်။

အဆိုပါသင်တန်းဖွင့်ပွဲ အခမ်းအနားတွင် ကျောင်းအုပ်ကြီးဦးမင်းချစ်ဦးက သင်တန်းဖွင့်ပွဲအမှာစကား ပြောကြားခဲ့သည်။

ယခုဖွင့်လှစ်ခဲ့သည့် သင်တန်းဖွင့်ပွဲအခမ်းအနားသို့ သင်တန်းတက်ရောက်ကြမည့် သင်တန်းသား၊ သင်တန်းသူ (၈၉)ဦးနှင့် အရာရှိများ၊ နည်းပြများအပြင် ဝန်ထမ်းများလည်း တက်ရောက်ခဲ့ကြကြောင်း သိရှိရသည်။

လှမျိုး - ဆသရ

# MMU နောက်ဆုံးနှစ် ကျောင်းသား/သူများအတွက် ဂျပန်နိုင်ငံကုမ္ပဏီများမှ အလုပ်အကိုင်များ ပေးမည်




ဂျပန်–မြန်မာ ပူးပေါင်းဆောင်ရွက်ရေးအသင်း Association of Japan Myanmar Mutual Cooperation (AJMMC) ၏ အစီအစဉ်ဖြင့် ဂျပန်နိုင်ငံ NIKKEI HR Co.,Ltd မှ 6th Asian Recruiting Forum 2018 နှင့် ပတ်သက်၍ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်မှ ကျောင်းသား၊ ကျောင်းသူများအား မေလ (၃၀) ရက်တွင် အလုပ်အကိုင်များရရှိရေးအတွက် လာရောက်ဟောပြောသွားမည်ဖြစ်ကြောင်းသိရသည်။

ဂျပန်နိုင်ငံ NIKKEI HR Co.,Ltd သို့ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်မှ ဘွဲ့ရကျောင်းသား၊ ကျောင်းသူများနှင့် နောက်ဆုံးနှစ်ကျောင်းသား၊ကျောင်းသူများ လျှောက်ထားနိုင်ပြီး ရွေးချယ်ခံရပါက ဂျပန်နိုင်ငံရှိကုမ္ပဏီများတွင် အလုပ်အကိုင်များရရှိနိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

တင်မောင် (ပို့/ဆက်)

» စာ-၃ မှ

ဖြင့် ကိုရီးယားသမ္မတနိုင်ငံ EDCF ချေးငွေ အမေရိကန်ဒေါ်လာ (၄၅)သန်းဖြင့် လူစီးတွဲသစ် (၁၀၀)ဝယ်ယူရန်အတွက် ချေးငွေစာချုပ်ကို လက်မှတ်ရေးထိုးခဲ့ပြီး တွဲဝယ်ယူရေးအတွက် တင်ဒါအောင်မြင်သည့် DAWONSYS ကုမ္ပဏီဖြင့် ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာ (၅)ရက်တွင် စာချုပ်ချုပ်ဆိုခဲ့ကာ Design Meeting များကို မြစ်ငယ်တွဲပြင်စက်ရုံ၌ပြုလုပ်လျက်ရှိပြီး တွဲသစ်များကို ၂၀၂၀ ပြည့်နှစ်အတွင်းအပြီးရောက်ရှိ တပ်ဆင်/တည်ဆောက်သွားမည်ဖြစ်ပါကြောင်း။

တရုတ်နိုင်ငံ အတိုးမဲ့ချေးငွေ ယွမ်သန်း (၈၀)ဖြင့် လူစီးတွဲ (၂၈)တွဲဝယ်ယူရန် ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာ (၃) ရက်တွင် ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်အရနှစ်ဖက်ညှိနှိုင်းဆောင်ရွက်ခဲ့ရာ Exchange Letter ကို မတ် (၁၄)ရက်တွင် လက်မှတ်ရေးထိုးပြီး နှစ်နှစ်အတွင်း တွဲများရရှိမည်ဖြစ်ပါကြောင်း။

### ဖွင့်လှစ်

Dry Port စီမံကိန်း တင်ဒါအောင်မြင်သော Kerry Logistics Co., Ltd. နှင့် Resource Group Logistics Co., Ltd. တို့သည် မြန်မာ့မီးရထားနှင့် ပူးပေါင်း၍ BOT စနစ်ဖြင့် ရွာသာကြီးကုန်းတွင်းဆိပ်အား ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာ (၁၈)ရက်နှင့် မြစ်ငယ်ကုန်းတွင်းဆိပ်အား ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီ (၂၃) ရက်တွင်ဖွင့်လှစ်ခဲ့ပါကြောင်း။

Dry Port ဖွင့်ပြီးသည်မှစ၍ ကုန်သေတ္တာတင်ရထား ခရီးစဉ်များကို ရန်ကုန်–မန္တလေးအကြား တစ်ပတ်လျှင် ပျမ်းမျှ အစုန်/အဆန် နှစ်ခေါက်စီပြေးဆွဲလျက်ရှိရာ ယနေ့အချိန်ထိ အစုန်/အဆန် (၆၉)ခေါက်စီပြေးဆွဲခဲ့ပြီး ကုန်သေတ္တာ (၃၀၁၇)လုံး၊ တန်ချိန် (၅၃၇၈၆)တန် ပို့ဆောင်ပေးနိုင်ခဲ့ပါကြောင်း။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနအနေဖြင့် မြန်မာနိုင်ငံယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးစီမံချက် ၂၀၁၄–၂၀၂၀ ကို အချိန်တိုအတွင်း အောင်မြင်မှုရရှိရန် Quick Win အစီအမံငါးရပ်ကို ချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်း။ ယင်းတို့မှာ ယာဉ်မောင်းသူနှင့်ခရီးသည်များ Seat Belts ဝတ်ဆင်ရေး၊ အရည်အသွေးပြည့်မီသော ဆိုင်ကယ်စီးဦးထုပ်များ ဝတ်ဆင်မောင်းနှင်ရေး၊ မူးယစ်သောက်စားမောင်းနှင်ခြင်းမရှိစေရေး၊ ယာဉ်မောင်းစဉ် လက်ကိုင်ဖုန်းအသုံးမပြုရေး၊ အမြန်နှုန်းသတ်မှတ်ချက်ထက် ကျော်လွန်မောင်းနှင်မှုမရှိစေရေးတို့ဖြစ်ပါကြောင်း။

မော်တော်ယာဉ်များ မှတ်ပုံတင်ခြင်းအနေဖြင့် ၂၀၁၆ ခုနှစ်၊ မတ်လတွင် ယာဉ်စီးရေ (၅)ဒသမ (၅)သန်းရှိရာမှ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလကုန်အထိ (၇)ဒသမ (၂)သန်း တိုးတက်မှတ်ပုံတင်ပေးနိုင်ခဲ့ပါကြောင်း။

လေကြောင်းပို့ဆောင်ရေးကဏ္ဍတွင် ဟဲဟိုး၊ မော်လမြိုင်၊ ကော့သောင်းလေဆိပ်များအား PPP အစီအစဉ်ဖြင့် အကောင်အထည်ဖော်ရန် တင်ဒါခေါ်ယူရွေးချယ်ခဲ့ပြီး စာချုပ်ချုပ်ဆိုနိုင်ရန် ညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်း။

မူဆယ်လေဆိပ်သစ် တည်ဆောက်ရန်အတွက် တင်ဒါခေါ်ယူထားပြီး ပဏာမအရည်အချင်း အောင်မြင်သော ကုမ္ပဏီခြောက်ခု၏ အမည်စာရင်းအား နိုင်ငံပိုင်သတင်းစာများတွင် ကြေညာခဲ့ပါကြောင်း။

နိုင်ငံတော်ဘတ်ဂျက်ဖြင့် ချင်းပြည်နယ် ဖလမ်းတွင် ATR-72 လေယာဉ်များ ဆင်း/တက် အသုံး ပြုနိုင်သည့် လေဆိပ်အား ၂၀၁၅–၂၀၁၆ ခုနှစ်မှစတင်၍ တည်ဆောက်လျက်ရှိရာ (၅၀)ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ပါကြောင်း။ ၂၀၂၀ ပြည့်နှစ် စက်တင်ဘာလမတိုင်မီ လေယာဉ်ဆင်း/တက် အသုံးပြုနိုင်ရန် အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း။

ဟံသာဝတီအပြည်ပြည်ဆိုင်ရာ လေဆိပ်သစ်အား ဂျပန်နိုင်ငံ၏ချေးငွေအကူအညီဖြင့် တည်ဆောက်နိုင်ရေး ညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ရန်ကုန်၊ မန္တလေး၊ နေပြည်တော်အပြည်ပြည်ဆိုင်ရာ လေဆိပ်များနှင့် ပြည်တွင်းလေဆိပ်များသို့ ပြည်တွင်း/ပြည်ပ ခရီးသည် ဝင်/ထွက်မှုမှာ ၂၀၁၆ ခုနှစ်တွင် ခရီးသည် စုစုပေါင်း(၉) ဒသမ (၂၆)သန်း၊ ၂၀၁၇ ခုနှစ်တွင် (၁၀)ဒသမ (၁၂) သန်းနှင့် ၂၀၁၈ ခုနှစ်တွင် (၉)ဒသမ (၉၁)သန်း ဖြစ်ပါကြောင်း။

### နိုင်ငံခြားငွေယိုစီးမှုကို လျှော့ချ

မြန်မာအမျိုးသားလေကြောင်းအနေဖြင့် ၂၀၁၆ ခုနှစ်တွင် Boeing လေယာဉ် သုံးစင်း၊ Embraer နှစ်စင်း၊ ATR ငါးစင်း၊ Caravan လေးစင်း၊ Beech Craft နှစ်စင်း၊ စုစုပေါင်း (၁၆)စင်း ရှိခဲ့ပြီး ၂၀၁၉ ခုနှစ်၊ မတ်လအထိ Boeing လေယာဉ်လေးစင်း၊ Embraer နှစ်စင်း၊ ATR ကိုးစင်း၊ Caravan နှစ်စင်း၊ စုစုပေါင်း (၁၇)စင်းရှိလာပြီး စီးပွားရေးအရပိုမိုတွက်ခြေကိုက်စေရန်ဆောင်ရွက်ခဲ့ပါကြောင်း၊ ATR လေယာဉ် အကြီးစားပြုပြင်ထိန်းသိမ်းရေးအလုပ်ရုံစီမံကိန်းအား ၂၀၁၆ ခုနှစ်၊ ဧပြီလမှ စတင်ဆောင်ရွက်နိုင်ခဲ့ရာ ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလတွင် European Aviation Safety Agency (EASA) ၏ အသိအမှတ်ပြုလက်မှတ် (Maintenance Organization Approval Certificate) ရရှိခဲ့ပြီး ပြည်တွင်းရှိ ATR လေယာဉ် များအား ကုန်ကျစရိတ်သက်သာစွာ ပြင်ဆင်ပေးနိုင်သဖြင့် နိုင်ငံခြားငွေယိုစီးမှုကို လျှော့ချနိုင်ခဲ့ပါကြောင်း။

၂၀၁၈–၂၀၁၉ ဘဏ္ဍာနှစ်တွင် ရေလမ်းကောင်းမွန်ရေးနှင့် ကမ်းပြိုကာကွယ်ရေးလုပ်ငန်း ဆောင်ရွက်မှုမှာ ရေလမ်းကောင်းမွန်ရေးတွင် (၁၈)ခုနှင့် ကမ်းပြိုကာကွယ်ရေးတွင် (၂၀၄)ခု ဆောင်ရွက်ခဲ့ပါကြောင်း၊ နယ်စပ်မြစ်များ ထိန်းသိမ်းကာကွယ်ခြင်းအပိုင်းတွင် မြန်မာ–ထိုင်း နယ်နိမိတ် ရွှေတြိဂံဒေသ ဝမ်ပုံဆိပ်ကမ်း မြန်မာ–တရုတ် နယ်စပ်ဒေသများ၌ ၂၀၁၈–၂၀၁၉ ခုနှစ်တွင် မြေထိန်းနံရံ အလျား (၇၁၄၅)ပေ ဆောင်ရွက်ခဲ့ပါကြောင်း။

### ရေကြီးရေလျှံလျှော့ပါးရေး ဆောင်ရွက်

ရေကြီးရေလျှံလျှော့ပါးရေးအတွက် သံလွင်မြစ်၊ ဘီးလင်းမြစ်၊ ပဲခူးမြစ်၊ စစ်တောင်းမြစ်၊ ဒေါင်းမြူးချောင်း၊ တနင်္သာရီမြစ်တို့တွင် ရေကြီးရေလျှံလျှော့ပါးရေးအတွက် ဆောင်ရွက်ရသည့်လုပ်ငန်းစဉ် (၁၅)ခုအနက် ယခုဘဏ္ဍာနှစ်အတွင်း လုပ်ငန်း (၁၁)ခုဆောင်ရွက်လျက်ရှိပါကြောင်း။

မြန်မာနိုင်ငံ၏ ပင်လယ်ကမ်းရိုးတန်းအလျားသည် (၁၃၈၅)မိုင်ရှည်လျားကြောင်း၊ ကမ်းရိုးတန်း တစ်လျှောက် ဆိပ်ကမ်းကိုးခုရှိပြီး ရန်ကုန်ဆိပ်ကမ်းသည် အဓိကဆိပ်ကမ်းဖြစ်ကာ နိုင်ငံ၏အပြည်ပြည်ဆိုင်ရာ ရေကြောင်းကုန်သွယ်မှုပမာဏ၏ (၉၀)ရာခိုင်နှုန်းကျော်ကို ကိုင်တွယ်လျက်ရှိပါကြောင်း။

ရန်ကုန်ဆိပ်ကမ်းတိုးတက်ရေး ဖွံ့ဖြိုးဆောင်ရွက်မှုတွင် ယခင်က ရန်ကုန်ဆိပ်ကမ်း၏ ရန်ကုန် ဧရိယာနှင့် သီလဝါဧရိယာတို့တွင် အပြည်ပြည်ဆိုင်ရာ ရေယာဉ်ကြီးများ ဆိုက်ကပ်နိုင်သည့် ဆိပ်ကမ်းတံတား ယခင်က (၃၃)စင်းရှိပြီး သုံးနှစ်တာကာလအတွင်း ဆိပ်ခံတံတား ရှစ်စင်း တည်ဆောက်ပြီးစီးခဲ့သဖြင့် ယခုအခါ ဆိပ်ခံတံတား (၄၁)စင်းရှိလာပြီဖြစ်ပါကြောင်း။

မြန်မာ့ဆိပ်ကမ်းအာဏာပိုင် လုပ်ငန်းဆောင်ရွက်နိုင်မှုအနေဖြင့် ၂၀၁၆–၂၀၁၇ ခုနှစ်တွင် TEU ၁၀၅၇၈၈၈၊ ၂၀၁၇–၂၀၁၈ ခုနှစ်တွင် TEU ၁၀၄၃၄၆၉၊ ၂၀၁၈–၂၀၁၉ ခုနှစ်တွင် TEU ၁၁၁၉၀၁၃ ထိ ကိုင်တွယ်ခဲ့ရာ ၂၀၁၆ ခုနှစ်၊ ဧပြီလမှ ၂၀၁၉ ခုနှစ် မတ်လအထိ သုံးနှစ်အတွင်း ကုန်သေတ္တာ (၃၂၂၀၃၇၀)လုံး၊ ကုန်တန်ချိန်အနေဖြင့် (၃၆၃၆၄၆၉၄)ကိုင်တွယ်ခဲ့ပါကြောင်း။

ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာကဏ္ဍတွင် နိုင်ငံတော်၏ပြုပြင်ပြောင်းလဲမှုများကြောင့် ၂၀၁၄ ခုနှစ်မှစ၍ ပြည်တွင်း/ ပြည်ပ ရင်းနှီးမြှုပ်နှံမှုများစွာဝင်ရောက်လာခဲ့ပြီး ၂၀၁၆ ခုနှစ် လူဦးရေ (၅၁) ဒသမ (၄၈၆)သန်းတွင် တယ်လီဖုန်းသိပ်သည်းဆ (၈၆) ဒသမ (၂၀)ရာခိုင်နှုန်းရှိခဲ့ရာမှ ယခုအခါ လူဦးရေ (၅၄) ဒသမ (၀၇၄)သန်းတွင် တယ်လီဖုန်းသိပ်သည်းဆ (၉၉) ဒသမ (၅၇)ရာခိုင်နှုန်းရှိပြီဖြစ်ပါကြောင်း၊ အင်တာနက်သုံးစွဲသူအနေဖြင့် ၂၀၁၆ ခုနှစ်တွင် လူဦးရေ၏ (၅၅)ဒသမ (၄၁) ရာခိုင်နှုန်းရှိခဲ့ရာမှ ယခုအခါ (၈၂)ဒသမ (၅၆) ရာခိုင်နှုန်းအထိ တိုးတက်လာခဲ့ပါကြောင်း။

### ပိုမိုကျယ်ပြန့်စွာ အသုံးပြု

e-Government ဖွံ့ဖြိုးရေးလုပ်ငန်းများ အနေဖြင့် ဌာန/အဖွဲ့အစည်းအသီးသီး၏ ဝန်ဆောင်မှုများ၊ သတင်းအချက်အလက်များအား ပြည်သူများလွယ်ကူစွာရယူအသုံးပြုနိုင်ရန် Myanmar National Portal အား ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလတွင် စတင်လွှင့်တင်နိုင်ခဲ့ပြီး ပြည်သူအများပိုမိုကျယ်ပြန့်စွာအသုံးပြုနိုင်ရန် ဆက်လက်ဆောင်ရွက်လျက်ရှိပါကြောင်း။

ဌာန/အဖွဲ့အစည်းအသီးသီး၏ Server များအား Co-location ထားရှိနိုင်ရန် အဆင့် (၂) (Tier 2 အဆင့်ရှိ ) Data Center တစ်ခုအား နေပြည်တော်၌ ၂၀၁၇ ခုနှစ်တွင် တည်ဆောက်ခဲ့ပါကြောင်း။

နိုင်ငံတကာအဆင့်မီ အဆင့် (၃) (Tier 3 အဆင့်ရှိ) e-Government Integrated Data Center (eGIDC) ကို ကိုရီးယားသမ္မတနိုင်ငံချေးငွေ အမေရိကန်ဒေါ်လာ (၉၃)သန်းဖြင့် တည်ဆောက်ရန် ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်အား ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလတွင် ရရှိခဲ့ပြီး ကိုရီးယားနိုင်ငံသို့ Loan Pledge Acceptance Letter ပေးပို့နိုင်ရေး ဆောင်ရွက်လျက်ရှိပါသည်။ ၂၀၂၂ ခုနှစ်ဆန်းပိုင်းတွင် စတင်အသုံးပြုနိုင်ရန် ရည်မှန်းထားပါကြောင်း။

### ပူးပေါင်းဆွေးနွေး

e-Government ဖွံ့ဖြိုးရေးလုပ်ငန်းများ အနေဖြင့် မြန်မာဂြိုဟ်တုစနစ်တည်ထောင်ရေး ပထမအဆင့် Condosat စနစ်အတွက် Myanmar Sat 1 Condosat ဂြိုဟ်တုကို Intelsat Satellite Operator ထံမှ ဂြိုဟ်တုချန်နယ် (၃၆၀)မဂ္ဂါဟာတ်ဇ်ကို ၂၀၁၆ ခုနှစ်မှစ၍ ငါးနှစ်စာချုပ်ချုပ်ဆို ငှားရမ်းခဲ့ပါကြောင်း၊ ဒုတိယအဆင့် အချိုးကျပိုင်ဆိုင်မှုစနစ် ဆောင်ရွက်ရန် Intelsat Satellite Operator က ၂၀၁၉ ခုနှစ်၊ ဩဂုတ်လတွင် လွှတ်တင်မည့် ဂြိုဟ်တု၌ IRU (Indefeasible Right of Use) ရင်းနှီးမြှုပ်နှံမှုထည့်ဝင်၍ Myanmar Sat 2 အဖြစ်ပါဝင်ကာ ဂြိုဟ်တုချန်နယ် (၈၆၄)မဂ္ဂါဟာတ်ဇ်ကို ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလမှစ၍ ဂြိုဟ်တုသက်တမ်းကုန်သည်အထိ (၁၅)နှစ်အသုံးပြုနိုင်မည်ဖြစ်ပါကြောင်း၊ မြန်မာဂြိုဟ်တုစနစ်၏ တတိယအဆင့်ဖြစ်သည့် ကိုယ်ပိုင်ဂြိုဟ်တု Earth Observation Satellite (EOS) လွှတ်တင်နိုင်ရန်လည်း ဂျပန်နိုင်ငံ ဟော်ကိုင်းဒိုးတက္ကသိုလ်နှင့် မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ်တို့ဖြင့် ပူးပေါင်းဆွေးနွေးခဲ့ပြီး လာမည့် ၂၀၁၉–၂၀၂၀ ဘဏ္ဍာနှစ်တွင် စတင်အကောင်အထည်ဖော်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း။

မိုးလေဝသနှင့်ဇလဗေဒကဏ္ဍတွင် မုန်တိုင်းများ၏ တည်နေရာ၊ ပြင်းအားနှင့် ရွေ့လျားမှုလမ်းကြောင်းများကို အချိန်နှင့်တစ်ပြေးညီထောက်လှမ်း၍ သတိပေးချက်များ အခါမလပ်ထုတ်ပြန်နိုင်ရန် မိုးလေဝသရေဒါ သုံးလုံးကို ကျောက်ဖြူ၊ ရန်ကုန်နှင့် မန္တလေးမြို့များတွင် (၂၀၁၅၊ ၂၀၁၆၊ ၂၀၁၈)ခုနှစ် များတွင်တပ်ဆင်ခဲ့ပြီး မုန်တိုင်းဖြစ်ပေါ်မှုများကို (၁၅)မိနစ်လျှင် တစ်ကြိမ်ရာဖွေထောက်လှမ်းလျက်ရှိပါကြောင်း၊ တစ်နိုင်ငံလုံးလွှမ်းခြုံနိုင်ရန် ထားဝယ်မြို့တွင် မိုးလေဝသရေဒါတစ်လုံး ထပ်မံတပ်ဆင်နိုင်ရေး ဂျပန်နိုင်ငံဖြင့် ညှိနှိုင်းလျက်ရှိပါကြောင်း၊ နိုင်ငံတစ်ဝန်း ၂၀၁၅–၂၀၁၆ ခုနှစ်အထိ မိုးလေဝသ၊ ဇလဗေဒ၊ မြေငလျင်စခန်း စုစုပေါင်း (၁၈၈)ခုရှိသည့်အနက် သုံးနှစ်တာကာလအတွင်း မိုးလေဝသစခန်းနှစ်ခု၊ ဇလဗေဒစခန်းနှစ်ခု၊ မြေငလျင်စခန်းငါးခု တိုးချဲ့ဖွင့်လှစ်ခဲ့ပါကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တက်ရောက်လာကြသည့် သတင်းမီဒီယာများက သဘာဝဘေးအန္တရာယ်နှင့် ပတ်သက်သည့် ကြိုတင်ပြင်ဆင်မှုများအတွက် ဘဏ္ဍာငွေသုံးစွဲမှု၊ ကမ်းရိုးတန်းဒေသများတွင် ဘေးဒဏ်ခံအဆောက်အအုံတည်ဆောက်ဖြည့်ဆည်းပေးမှု၊ နေရပ်စွန့်ခွာသူများအား ပြန်လည်လက်ခံရေးဆောင်ရွက်မှု၊ တပ်မတော်မှ ပြန်လည်နုတ်ထွက်ခွင့်ပြုသည့် ကလေးစစ်သားများကို ထောက်ပံ့ပေးနေမှု၊ သဘာဝဘေးကြိုတင်စီမံမှုအနေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးတို့ ပူးပေါင်းဆောင်ရွက်မည့် အစီအစဉ်၊ ရခိုင်ပြည်နယ်ရှိ စစ်ဘေးရှောင်စခန်းများတွင် လူမှုကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ကလေးသူငယ်စွန့် ပစ်မှုနှုန်းများပြားလာမှု၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ဖြစ်ပွားခဲ့သည့် လေယာဉ်မတော်တဆမှုနှင့်ပတ်သက်၍ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနအနေဖြင့် ထိန်းကျောင်းဆောင်ရွက်မှု၊ မန္တလေးခေတ်မီဆိပ်ကမ်း ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ မန္တလေး–မူဆယ်ရထားလမ်းဖောက်လုပ်မည့် စီမံကိန်း၊ ရထားပြေးဆွဲမှုမှရရှိသည့် ဘဏ္ဍာငွေ၊ ပျဉ်းမနားဘူတာပြုပြင်ရေး၊ နေပြည်တော်မီးရထား စက်ခေါင်းစက်ရုံမှထုတ်လုပ်မှု၊ ယာဉ်မောင်းလိုင်စင်နှုန်းထားနှင့် လိုင်စင်ထုတ်ပေးသည့်မူဝါဒ၊ လျှပ်စစ်မော်တော်ကား ထုတ်လုပ်မည့်အစီအစဉ်၊ SME လုပ်ငန်းများကို ချေးငွေထုတ်ချေးပေးနေမှု၊ မြေဆိပ်ဖြေဆေးထုတ်လုပ်မှုပမာဏ၊ စက်မှုဝန်ကြီးဌာနလက်အောက်ရှိ ရပ်ဆိုင်းထားသည့် နိုင်ငံပိုင်စက်ရုံများအနက် ပြန်လည်လုပ်ကိုင်ခွင့်ပြုရန် သုံးသပ်နေမှုအခြေအနေတို့နှင့်စပ်လျဉ်း၍ မေးမြန်းကြရာ သက်ဆိုင်ရာဝန်ကြီးဌာနအလိုက် ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြသည်။

Transcom

# ရန်ကုန်–မန္တလေးရထားလမ်းအဆင့်မြှင့်တင်ရေးစီမံကိန်းအဆင့် (၂) တောင်ငူ–မန္တလေးရထားလမ်းပိုင်းအတွက် မြန်မာ့မီးရထားနှင့် Construction For Consultancy Services (CMC) တို့ စာချုပ်ချုပ်ဆို လက်မှတ်ရေးထိုး



ဂျပန်နိုင်ငံ (JICA) ၏ ODA ချေးငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် ရန်ကုန်–မန္တလေးရထားလမ်းပိုင်းအဆင့်မြှင့်တင်ရေးစီမံကိန်းအဆင့် (၂) တောင်ငူ–မန္တလေးရထားလမ်းပိုင်းအတွက် စီမံကိန်းဆောင်ရွက်နိုင်ရန် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထားနှင့် Construction Management Consultancy Services (CMC) တို့အကြား စာချုပ်လက်မှတ်ရေးထိုးခြင်းအခမ်းအနားကို မေလ (၂၂) ရက်၊ နံနက် (၉) နာရီတွင် မြန်မာ့မီးရထားရုံးချုပ်၊ အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်သည်။

အဆိုပါ အခမ်းအနားသို့ မြန်မာ့မီးရထား၊ ဦးဆောင်ညွှန်ကြားရေးမှူး ဦးဘမြင့်၊ Construction Management Consultancy Services (CMC) မှ တာဝန်ရှိသူများ၊ မြန်မာ့မီးရထားမှ အထွေထွေမန်နေဂျာများနှင့် တာဝန်ရှိသူများတက်ရောက်သည်။

ထို့နောက် မြန်မာ့မီးရထား၊ ဦးဆောင်ညွှန်ကြားရေးမှူး ဦးဘမြင့်မှ စာချုပ်လက်မှတ်ရေးထိုးရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ပြီး မြန်မာ့မီးရထား ဦးဆောင်ညွှန်ကြားရေးမှူး ဦးဘမြင့်နှင့် Construction Management Consultancy Services (CMC) မှ Authorized Representative Mr.Narentorn Yingyongrattanakul တို့မှ ရန်ကုန်–မန္တလေးရထားလမ်းပိုင်း အဆင့်မြှင့်တင်ရေးစီမံကိန်း အဆင့် (၂) တောင်ငူ–မန္တလေးရထားလမ်းပိုင်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းဆောင်ရွက်နိုင်ရန်အတွက် စာချုပ်လက်မှတ်ရေးထိုးခဲ့ပြီး အပြန်အလှန်လဲလှယ်၍ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရှိရသည်။

မြန်မာ့မီးရထား

# ရန်ကုန်–မန္တလေးရထားလမ်း အဆင့်မြှင့်တင်ရေးစီမံကိန်းတွင် အသုံးပြုမည့် (၈၂) ပေအရှည်သံလမ်းများအား ဆူးလေဆိပ်ကမ်းမှ ရွာသာကြီးကုန်းတွင်းဆိပ်သို့ သယ်ယူခဲ့ပြီး ကုန်းတွင်းဆိပ်အသုံးပြုခွင့် ကူညီပေးခြင်းအတွက် ဂုဏ်ပြု



ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထားရုံးချုပ် အစည်းအဝေးခန်းမ၌ မေလ (၁၅) ရက်၊ နံနက် (၁၀)နာရီတွင် ရန်ကုန်–မန္တလေးလမ်းပိုင်း အဆင့်မြှင့်တင်ရေးစီမံကိန်းတွင် အသုံးပြုမည့် အရှည် (၈၂) ပေ JIS.50N သံလမ်းသစ် (၃၀၀၀) တန်ကို ဆူးလေဆိပ်ကမ်းမှ ရွာသာကြီးကုန်းတွင်းဆိပ်သို့ သယ်ယူခဲ့ပြီး ရွာသာကြီး Dry Port ယာဒ်ဝန်းတွင် အသုံးပြုခွင့် ကူညီစီစဉ်ပေးခဲ့သော Resources Group Logistics Co.,Ltd နှင့် မြန်မာ့မီးရထားရုံးချုပ် ဘဝသံသရာခန်းမတွင် ဝန်ထမ်းများအစည်းအဝေးပြုလုပ်သည့်အခါ အဆင်ပြေစွာဆောင်ရွက်နိုင်ရန် လေအေးပေးစက် (၆) လုံးလှူဒါန်းပေးအပ်ခဲ့သော Resources Group Logistics Co.,Ltd နှင့် Kerry Logistics Network Co.,Ltd တို့အား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲ အခမ်းအနားကို ကျင်းပခဲ့ရာ မြန်မာ့မီးရထားဦးဆောင်ညွှန်ကြားရေးမှူး ဦးဘမြင့်၊ မြန်မာ့မီးရထားမှ အထွေထွေမန်နေဂျာများ၊ Resources Group Logistics Co.,Ltd နှင့် Kerry Logistics Network Co.,Ltd တို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

အဆိုပါ အခမ်းအနားတွင် မြန်မာ့မီးရထား ဦးဆောင်ညွှန်ကြားရေးမှူး ဦးဘမြင့်မှ ဂုဏ်ပြုအမှာစကားပြောကြားရာတွင် ရန်ကုန်–မန္တလေးရထားလမ်း အဆင့်မြှင့်တင်ရေးစီမံကိန်းတွင် အသုံးပြုမည့်အရှည် (၈၂) ပေရှိသံလမ်းသစ် ၃၀၀၀ တန်ကို မှာယူခဲ့ရာ မေလ (၁) ရက်တွင် ဂျပန်နိုင်ငံမှ Taikli သင်္ဘောဖြင့် ရောက်ရှိလာပြီး ရန်ကုန်ဆူးလေဆိပ်ကမ်းမှရွာသာကြီး Dry Port ယာဒ်ဝန်းအထိ ရထားဖြင့် သယ်ဆောင်ခဲ့ရာ Dry Port ယာဒ်ဝန်းတွင် သံလမ်းများထားရှိရန် အခမဲ့အသုံးပြုခွင့်ပေးခဲ့သည့်အတွက်လည်းကောင်း မြန်မာ့မီးရထားအတွက် လေအေးပေးစက်များလှူဒါန်းပေးခဲ့ခြင်းအတွက်လည်းကောင်း ကျေးဇူးတင်စကားပြောကြားခဲ့ပြီး Resources Group Logistics Co.,Ltd မှ ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြင့်မော်နှင့် Kerry Logistics Network Co.,Ltd မှ အထွေထွေမန်နေဂျာ ဦးညီထွန်းတို့က ကူညီဆောင်ရွက်ပေးရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် မြန်မာ့မီးရထားဦးဆောင်ညွှန်ကြားရေးမှူး ဦးဘမြင့်၊ အထွေထွေမန်နေဂျာ (အင်ဂျင်နီယာစီမံ) ဦးအောင်ဝင်းတို့မှ ရွာသာကြီး Dry Port ယာဒ်ဝန်းအား အခမဲ့အသုံးပြုခွင့်ပေးခဲ့သည့် Resources Group Logistics Co.,Ltd နှင့် လေအေးပေးစက်လှူဒါန်းပေးခဲ့သည့် Kerry Logistics Network Co.,Ltd တို့အား အသီးသီးဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့ပြီး စုပေါင်းမှတ်တမ်းဓာတ်ပုံရိုက်ကူး၍ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်းသိရသည်။

မြန်မာ့မီးရထား

# တရုတ်နိုင်ငံမှ CREC ၏ Deputy General Representative Senior Economist Mr.Yang Ming ၏ ဦးဆောင်အဖွဲ့လာရောက်တွေ့ဆုံ

ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်း၊ အစည်းအဝေးခန်းမ (၁) ၌ တရုတ်နိုင်ငံမှ CREC MYANMAR REPRESENTATIVE OFFICE ၏ Deputy General Representative Senior Economist Mr.Yang Ming ဦးဆောင်သည့် အဖွဲ့လာရောက်တွေ့ဆုံကြရာ ကျောင်းအုပ်ကြီးကိုယ်စား ဒုတိယကျောင်းအုပ်ကြီး ဦးဝင်းနိုင်နှင့် သက်ဆိုင်ရာအရာရှိများက တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

ယင်းသို့ တွေ့ဆုံဆွေးနွေးရာတွင် မြန်မာ့မီးရထားမှ (၂၂) ဦးနှင့် ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်းမှ (၃) ဦး စုစုပေါင်း သင်တန်းသား (၂၅) ဦးကို တရုတ်စကားပြောသင်တန်းဖွင့်လှစ်နိုင်ရန်အတွက် တရုတ်ဆရာမ (၁)ဦး ကျောင်း၌တည်းခိုနေထိုင်ပြီး သင်တန်းဖွင့်လှစ်ပို့ချသွားရန် ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ ဗဆက

# Training on Internal Quality Assurance of Teaching and Learning သင်တန်းဖွင့်ပွဲကျင်းပ

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်း ပင်မစာသင်ဆောင်၌ မေလ (၂၀) ရက်၊ နံနက် (၉)နာရီခွဲတွင် Training on Internal Quality Assurance of Teaching and Learning သင်တန်းဖွင့်ပွဲအခမ်းအနား ကျင်းပပြုလုပ်ခဲ့ကြောင်းသိရသည်။

အဆိုပါ ဖွင့်ပွဲအခမ်းအနားတွင် ကျောင်းအုပ်ကြီး ဦးမင်းချစ်ဦးက အဖွင့်အမှာစကားပြောကြားခဲ့သည်။

ဆက်လက်၍ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ် ပါမောက္ခချုပ်ဒေါက်တာမြတ်လွင်က သင်တန်းနှင့် ပတ်သက်၍ အမှာစကားပြောကြားခဲ့သည်။

အဆိုပါ သင်တန်းကို ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်းမှ အရာရှိများအပါအဝင် သင်တန်းသူ၊သင်တန်းသား ၄၀ ဦးတက်ရောက်ခဲ့ပြီး မေလ (၂၀) ရက်တွင် ဒေါက်တာနီလာတိုး (တွဲဘက်ပါမောက္ခ) နှင့် မေလ (၂၁) ရက်တို့တွင်ဒေါက်တာမြတ်လွင် (ပါမောက္ခချုပ်) မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်တို့က သင်တန်းပို့ချသွားမည်ဖြစ်ကြောင်းသတင်းရရှိသည်။

ဗဆက

# ရင်းနှီးမြှုပ်နှံမှုများမြင့်တက်စေရန် Yangon Investment Forum 2019 ကျင်းပ















ရန်ကုန်တိုင်းဒေသကြီးအတွင်း ရင်းနှီးမြှုပ်နှံမှုများမြင့်တက်စေရန် ရည်ရွယ်၍ Yangon Investment Forum 2019 ကို Lotte Hotel Yangon ၌ မေလ (၁၀) ရက်မှ (၁၁) ရက်အထိ ကျင်းပခဲ့သည်။

ဖိုရမ်သို့ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးသန့်စင်မောင်၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ ဦးသောင်းထွန်း၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရန်ကုန်မြို့အခြေစိုက် ပြည်ပသံရုံးများမှ သံအမတ်ကြီးများနှင့် သံရုံးအရာရှိကြီးများ၊ ပြည်တွင်းပြည်ပအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ စီးပွားရေးလုပ်ငန်းရှင်များ စုစုပေါင်း ၁၁၀၀ ကျော်ခန့် တက်ရောက်ခဲ့ကြသည်။

Yangon Investment Forum 2019 ကို ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်ဥက္ကဋ္ဌ ဦးသောင်းထွန်းက ဖွင့်လှစ်ပေးသည်။

ဖွင့်ပွဲအခမ်းအနားတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ထံမှ ပေးပို့သော ဂုဏ်ပြုအမှာစကားကို Video File ဖြင့်ပြသသည်။

ထို့နောက် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ ဦးသောင်းထွန်းက ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနအနေဖြင့် ရင်းနှီးမြှုပ်နှံမှုများကို ဆွဲဆောင်နိုင်ရန် ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ထားပြီးဖြစ်ကြောင်း၊ ထို့အတူ နိုင်ငံတကာအသိုင်းအဝိုင်းနှင့် ပိုမိုပူးပေါင်းဆောင်ရွက်ခြင်းမှတစ်ဆင့် ပြင်ပရင်းနှီးမြှုပ်နှံမှုများကို မြင့်တင်ဖို့ ဖော်ဆောင်နိုင်ရန် ရည်ရွယ်၍ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနကို အသစ်ဖွဲ့စည်းတည်ထောင်ထားပြီးဖြစ်ကြောင်းပြောကြားသည်။

ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ယနေ့ဖိုရမ်ရဲ့ဆောင်ပုဒ်မှာ " Yangon Region Investment Hub in Myanmar " ဖြစ်ပါကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးသည် မြန်မာနိုင်ငံ၏ စီးပွားရေးအဓိကအချက်အချာကျလှသည့်နေရာသာမက အာရှတိုက်၏ ရင်းနှီးမြှုပ်နှံမှု အချက်အချာနေရာဖြစ်ရန် ရည်ရွယ်ပါကြောင်းပြောကြားသည်။

ထို့နောက် Myanmar Investors Development Association (MIDA) ဥက္ကဋ္ဌ ဦးခင်မောင်အေးက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး အခမ်းအနားအစီအစဉ်အရ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများနှင့် ပုဂ္ဂလိကကဏ္ဍတို့မှ တင်ပြချက်များနှင့် စကားဝိုင်းဆွေးနွေးပွဲများကို အသီးသီး ကျင်းပခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုဖိုရမ်သည် ပြည်တွင်းပြည်ပကုမ္ပဏီများကို ရန်ကုန်တိုင်းဒေသကြီးအတွင်း ရင်းနှီးမြှုပ်နှံမှုများပြုလုပ်ရန် ပိုမိုဆွဲဆောင်နိုင်မည်ဖြစ်ကြောင်းသိရသည်။

Transcom

# ပြည်တွင်းဆိပ်ကမ်းများ လုံခြုံရေးဆောင်ရွက်ရန်၊ AIS စနစ်တပ်ဆင်ရန်၊ သတင်းအချက်အလက်မျှဝေခြင်း ကွန်ရက်ထူထောင်ရန် ကိစ္စများနှင့် ပတ်သက်၍ ဆွေးနွေး





ပြည်တွင်းဆိပ်ကမ်းများလုံခြုံရေးဆောင်ရွက်ရန်၊ AIS စနစ်တပ်ဆင်ရန်၊ သတင်းအချက်အလက်မျှဝေခြင်း (Information Sharing Network) ထူထောင်ရန် ကိစ္စရပ်များနှင့် ပတ်သက်၍ ညှိနှိုင်းအစည်းအဝေးတစ်ရပ်ကို မေလ (၆) ရက်၊ နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး သိမ်ဖြူလမ်းရှိ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရှိ အစည်းအဝေးခန်းမတွင်ပြုလုပ်ခဲ့သည်။

အစည်းအဝေးတွင် ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးသောင်းကြိုင်က အဖွင့်အမှာစကားပြောကြားခဲ့သည်။ ထို့နောက် ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးကိုကိုနိုင်က ပြည်တွင်းဆိပ်ကမ်းများလုံခြုံရေး ဆောင်ရွက်ရန်ကိစ္စနှင့် ပတ်သက်၍လည်းကောင်း၊ AIS စနစ်တပ်ဆင်ရန်ကိစ္စနှင့် ပတ်သက်၍ SEE ဌာနခွဲ၊ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်မြင့်မိုးကလည်းကောင်း၊ Information Sharing Network ထူထောင်ရန် ကိစ္စနှင့် ပတ်သက်၍ ညွှန်ကြားရေးမှူး ဦးကိုကိုနိုင်ကလည်းကောင်း အသီးသီးရှင်းလင်းဆွေးနွေးခဲ့ကြသည်။

ထို့နောက် တက်ရောက်လာကြသည့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများက ပြန်လည်ဆွေးနွေးခဲ့ပြီး အစည်းအဝေးဆုံးဖြတ်ချက်ချမှတ်ကာ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းကြိုင်က နိဂုံးချုပ်စကားပြောကြားခဲ့သည်။

အဆိုပါ အစည်းအဝေးသို့ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ရေ)၊ မြန်မာနိုင်ငံရေကြောင်းရဲတပ်ဖွဲ့၊ နိုင်ငံဖြတ်ကျော်မှုခင်းဌာန၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးဌာန၊ ငွေကြေးဆိုင်ရာမှုခင်းတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၊ သတင်းရဲတပ်ဖွဲ့၊ သတင်းအချက်အလက်နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန၊ အကောက်ခွန်ဦးစီးဌာန စသည်ဖြင့် ဌာနများမှ ဌာနအကြီးအကဲများနှင့် ရေယာဉ်လုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများတက်ရောက်ခဲ့ကြသည်။

Transcom

အိမ်စည်

# ဂုဏ်ယူစွာဖြင့် ဂုဏ်ပြုအပ်ပါသည်

ဓာတ်ပုံ– တင်မောင် (ပို့ဆက်)

ယခုရက်ပိုင်းတွင် လေယာဉ်ခရီးစဉ်များ၏အသံများကို ကြားနေရသည်မှာ လေယာဉ်စီးပြီးခရီးသွားရန်ပင် ဝန်လေးမိပါသည်။ သို့သော် မြန်မာအမျိုးသားလေကြောင်း၏ စွမ်းဆောင်ရည်ကို မြန်မာသာမက ပြည်ပနိုင်ငံများကပင် ချီးကျူးနေကြရသည်မို့ မြန်မာအမျိုးသားလေကြောင်းဖြင့် ခရီးသွားရမည်ကို တွန့်ဆုတ်မိခြင်းမရှိ၊ ယုံကြည်မှုအပြည့်ဖြင့် ရန်ကုန်–နေပြည်တော်ခရီးစဉ်ကို တက်ကြွစွာပါဝင်ခဲ့ပါသည်။

သွားရမည့်ခရီးကလည်း ဂုဏ်ယူစရာကောင်းသည့်ကိစ္စပင်ဖြစ်သည်။ မြန်မာအမျိုးသားလေကြောင်း၏ မေလ (၁၂)ရက်ဖြစ်စဉ်တွင် ထူးချွန်စွာတာဝန်ထမ်းဆောင်ခဲ့သူများကို ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနက ဂုဏ်ပြုမည့်အခမ်းအနားဖြစ်သည်။ နေပြည်တော်ရှိ Horizon Lake View Resort Hotel တွင် မေလ(၁၆) ရက်တွင် ကျင်းပခြင်းဖြစ်သည်။

ခရီးစဉ်အတွက် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ရောက်ရှိတော့ MNA ကောင်တာတွင် အနုပညာရှင်များဖြစ်ကြသည့် နေမင်း၊ စည်သူမောင်တို့ကိုလည်း တွေ့ရသည်။ သူတို့လည်း မေလ (၁၂)ရက်ဖြစ်စဉ်တွင် ခရီးသည်အဖြစ်ပါဝင်ခဲ့သည့်အတွက် MNA မှ ဖိတ်ကြားချက်အရ ဂုဏ်ပြုပွဲသို့ လိုက်လံအားပေးဂုဏ်ပြုကြခြင်းဖြစ်မည်ဟု တွေးမိသည်။ အမှန်လည်း ထိုသို့လိုက်လံဂုဏ်ပြုအားပေးခြင်းဖြစ်ကြောင်း လေယာဉ်ပေါ်တွင် သိခဲ့ရပါသည်၊ လေယာဉ်ပေါ်တွင် မြန်မာနေရှင်နယ်လိုင်းမှ CEO ဦးစိုးမိုးကျော်လည်းပါသည်။ သရုပ်ဆောင်မှုဏ်းလည်းပါသည်။ ခိုင်သဇင်ဦးလည်းပါသည်။ ဂုဏ်ပြုခရီးမို့လည်း သူတို့၏ပျော်ရွှင်သံများက လေယာဉ်ပေါ်တွင် ဝေစည်နေပါသည်။

မေလ (၁၂)ရက်က ဖြစ်စဉ်များအကြောင်း မေးကြည့်တော့ဖြင့် ယခုကဲ့သို့ပျော်ရွှင်သံများမဟုတ်တော့ "အမှန်အတိုင်းပြောရရင် လူဆိုတာကတော့ တစ်နေ့သေမှာပဲလေ၊ ဒါပေမဲ့ အတွေးဝင်လာတာက ငါဒီလို လေယာဉ်ပျက်ကျပြီး သေသွားမှာလား။ ဒါဆိုရင်တော့ တော်တော်ကြောက်စရာကြီးဆိုပြီး သံမှုဒ္ဓေကို ရွတ်သွားနေမိတယ်။ စိတ်ထဲမှာတော့ အဲဒီလိုဖြစ်သွားရင် ရေထဲမကျပါစေနဲ့ ဆုတောင်းမိတယ်၊ ဘာဖြစ်လို့လည်းဆိုတော့ ညီမကရေအရမ်းကြောက်တယ်" ဟု ထိုနေ့ကဖြစ်ခဲ့သည့်အကြောင်းများကို သရုပ်ဆောင်ခိုင်သဇင်ဦးက ပြောပြပါသည်။

ယနေ့တော့ ထိုသို့မဟုတ်ကြ၊ လေယာဉ်ပေါ်တွင် အပျော်အပြုံးတို့ဖြင့် စုပေါင်းဓါတ်ပုံရိုက်ကြ၊ စနောက်ကြနှင့် သာယာစွာရှိနေကြသည်။ ထို့နောက်တွင်တော့ နေပြည်တော်လေဆိပ်တွင်လေယာဉ်ဆင်းသက်ပြီး ဂုဏ်ပြုပွဲကျင်းပမည့် Horizon Lake View Resort Hotel သို့ရောက်ကြ အစာပြေစားကြပြီး ပွဲကျင်းပမည့်နေရာသို့ သွားကြသည်။

ဂုဏ်ပြုပွဲမစတင်မီ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးကိုယ်တိုင်ပင် ဦးဆောင်ညွှန်ကြားပြင်ဆင်နေသည်မှာ လေယာဉ်မှူးကြီးနှင့်အဖွဲ့သားများကို အမှန်ပင်ဂုဏ်ပြုလိုသည့် စိတ်စေတနာအပြည့်ကို တွေ့မြင်ရပါသည်။ ပွဲမဝင်ခင် ကြိုတင်ပြင်ဆင်မှုများနှင့် အခမ်းအနားပြုလုပ်မည့်ဝန်းကျင်သည် ကျက်သရေအပေါင်းခညောင်းလို့နေသည်။

ထို့နောက်တွင်တော့ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၏ ပြည်ထောင်စုဝန်ကြီး ဦးမင်းသူ၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၏ ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးနှင့် အမြဲတမ်းအတွင်းဝန်များ၊ ဌာနဆိုင်ရာအကြီးအကဲများ MNA ၏ စီအီးအိုဦးသန်းထွန်းနှင့်တာဝန်ရှိသူများ ခရီးသည် (၈၀)ကျော်အသက်ကို ကယ်တင်ပေးခဲ့သည့် လေယာဉ်မှူးကြီး ဦးမြတ်မိုးအောင်နှင့်အဖွဲ့သားများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် သတင်းမီဒီယာများအစုံအလင်ဖြင့် အခမ်းအနားကိုစတင်ခဲ့ကြသည်။

အဆိုပါအခမ်းအနားတွင် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသူကနိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ကိုယ်စားဂုဏ်ပြုအမှာစကား ပြောကြားပေးရာတွင်"ကျွန်တော့်အနေနဲ့ကတော့ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ရဲ့ကိုယ်စား မေလ (၁၂)ရက်က ဖြစ်သွားတဲ့ မြန်မာအမျိုးသားလေကြောင်းခရီးစဉ်မှာ လေယာဉ်မတော်တဆဖြစ်စဉ်နဲ့ပတ်သက်ပြီး ဆုံးဖြတ်ချက်မှန်မှန်ကန်ကန်နဲ့ မောင်းနှင်ပေးခဲ့တဲ့ လေယာဉ်မှူးကြီးနဲ့အဖွဲ့က ခရီးသည်တွေအန္တရာယ်ကင်းရှင်းအောင် ကယ်ဆယ်ရေးလုပ်ငန်းစဉ်နဲ့အညီ ဆောင်ရွက်ပေးနိုင်ခဲ့တဲ့အတွက် ကျွန်တော့်အနေနဲ့ အကျဉ်းချုပ်တင်ပြရရင် အဲဒီဖြစ်စဉ်ကို ကျွန်တော် အကြမ်းဖျင်းရေးပေးခဲ့ရပါတယ်။ ဖြစ်စဉ်နဲ့ပတ်သက်လို့ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနကလည်း ကူလုပ်ပေးပါတယ်။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ကနေ မေးတာလေးတွေရှိပါတယ်၊ *လေယာဉ်မှူးနဲ့အဖွဲ့က သူတို့လုပ်သင့်လုပ်ထိုက်တာကို လုပ်တဲ့အခါမှာ Teamwork ကောင်းတဲ့အတွက်ကြောင့် ဒီလိုမျိုး ဘေးအန္တရာယ်ကင်းအောင် ဆောင်ရွက်နိုင်ခြင်းဖြစ်ပါတယ်ဆိုပြီးတော့မှ ကျွန်တော်တင်ပြခဲ့ပါတယ်။ တင်ပြခဲ့ပြီးတော့မှ အခုကျွန်တော်တို့တင်ပြတဲ့အတိုင်းကို ဒီအတိုင်း လက်မှတ်မထိုးပေးပါဘူး။ စိတ်ဝင်တစားနဲ့ ဖတ်ပြီးတော့မှသေသေချာချာသူကိုယ်တိုင် ပြင်ဆင်ပေးပါသေးတယ်။သဘောကတော့ ကျွန်တော်တင်ပြချင်တာကတော့ ကျွန်တော်တို့ဒီလိုတင်ပြလိုက်တဲ့အတိုင်း မဟုတ်ပါဘူး။ အလေးအနက်ထားပြီးတော့မှ ဒီဂုဏ်ပြုမှတ်တမ်းလွှာကို လက်မှတ်ရေးထိုးပေးခြင်းဖြစ်ပါတယ်*"ဟု နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ဒေါ်အောင်ဆန်းစုကြည်၏ သဘောထားကိုရှင်းပြပေးခဲ့သည်။

ထို့နောက်တွင် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က ဂုဏ်ပြုစကားပြောကြားပေးရာတွင်"ဒီဖြစ်ရပ်ကတော့ EMB-RAER190 လေယာဉ်ရဲ့ ရှေ့ဘီးမကျဘဲနဲ့ဆင်းသက်တာ၊ ဆင်းသက်တဲ့ပုံကိုလည်း ကျွန်တော်တို့ အဲဒီနေ့ကမြင်နေရတော့ တကယ့်ကိုညင်သာတယ်။ တကယ့်ကိုဘဲစက်ကို သပ်လိုက်တယ်။ နောက်ဘီးချပြီး ဦးမော့လို့ဆင်းတယ်၊ နောက်မှ တဖြည်းဖြည်းဦးကိုစိုက်ချလိုက်ပြီး ဒရွတ်တိုက်လျှောဆင်းသွားတယ်၊ တကယ့်ကိုညင်သာစွာဆင်းသက်ခဲ့တာကို တွေ့ရှိရပါတယ်၊ ဒါကြောင့် လေယာဉ်မှူးရဲ့ ပိုင်နိုင်ကျွမ်းကျင်မှု၊ စိတ်အေးချမ်းမှုနဲ့ စိတ်တည်ငြိမ်စွာလုပ်ဆောင်မှု ဒါကိုတော့ ချီးကျူးလို့မဆုံးပါဘူး၊ အများကြီးကိုတော်တဲ့ လေယာဉ်မှူးဖြစ်ကြောင်းတွေ့ရပါတယ်။ အဲဒီတော့လေယာဉ်မှူးနဲ့အတူ လေယာဉ်အဖွဲ့သားတွေအားလုံးကိုအားလုံးတညီတညွတ်တည်း သတ္တိရှိရှိ တည်တည်ငြိမ်ငြိမ်နဲ့ ဆုံးဖြတ်လုပ်ဆောင်နိုင်ကြတယ်၊ ခရီးသည်တွေကိုလည်းဦးဆောင်မှုပေးနိုင်တယ်၊ လမ်းညွှန်မှုပေးနိုင်တယ်။ လမ်းညွှန်သံတွေကိုလည်း ကျွန်တော်တို့ကြားနေရပါတယ်။ ဒီနေ့ အဲဒီဟာအတွက်တော့ *ကမ္ဘာမှာလည်း မြန်မာ့လေကြောင်းဟာ ဒီလိုလုံခြုံမှုအဆင့်အတန်းတွေကို လိုက်နာနိုင်တယ်ဆိုတဲ့ အကြောင်းပြောနေကြပါပြီ*"ဟု မြန်မာလေကြောင်း၏ ဂုဏ်သတင်းနှင့်လေယာဉ်မှူးကြီးနှင့်အဖွဲ့သားများ၏ စွမ်းဆောင်ရည်ကိုဂုဏ်ယူစွာဖြင့်ဂုဏ်ပြုပြောကြားပေးခဲ့ပါသည်။

ထို့အပြင် ထိုခရီးစဉ်တွင်ပါဝင်ခဲ့သည့် ခရီးသည်တို့ကိုလည်းချန်မထားခဲ့။ ကျေးဇူးတင်စကားထည့်သွင်းပြောကြားခဲ့သည်မှာ "ကျေးဇူးတင်စကားမှာ ကျန်မသွားဖို့လိုတာက ခရီးသည်တွေပါ။ ခရီးသည်တွေကလည်းတော်တော်ကို တော်ပါတယ်၊ ဘာဖြစ်လို့လည်းဆိုတော့ ခရီးသည်တွေကသာ လေယာဉ်ကဘာဖြစ်နေမှန်း မသိဘူးပေါ့၊ ကိုယ့်အိတ်ကလေး ကိုယ့်ပစ္စည်းလေးပါဦးမှဘဲဆိုပြီး အိတ်တွေဘာတွေဆွဲချင်တဲ့စိတ်တွေဖြစ်ခဲ့ရင် တစ်ခါတည်းပိတ်ဆို့သွားမှာ၊ စက္ကန့်ကိုးဆယ်အတွင်းမှာ အားလုံးလွတ်မြောက်နိုင်လောက်အောင် ဖြစ်မှာမဟုတ်ဘူး။ အခုက တော်တော့်ကိုအချိန်ကိုက် အချိန်မြန်မြန်နဲ့ ဆင်းနိုင်ခဲ့တယ်။ ဒါကလည်း ခရီးသည်တွေရဲ့ စည်းကမ်းရှိမှု၊ စည်းကမ်းလိုက်နာမှုပါ။ ဒါကလည်း ချီးကျူးရမှာဖြစ်ပါတယ်"ဟုပြောကြားခဲ့ပါသည်။

မြန်မာအမျိုးသားလေကြောင်းလိုင်းတင်မက လေကြောင်းကဏ္ဍတစ်ခုလုံးကို ပြီးခဲ့သည့်နှစ်အတွင်းက ကမ္ဘာ့လေကြောင်းအဖွဲ့ချုပ်မှ အရည်အချင်း စစ်ဆေးမှုခံယူထားပြီးဖြစ်သည်၊ ထိုသို့စစ်ဆေးရာတွင်ခရီးသည်များ ဘေးကင်းလုံခြုံစိတ်ချစွာနှင့် စီးနင်းနိုင်မှုကို အစစ်ခံခဲ့သည့်အခါတွင်ပျမ်းမျှခြင်း ၇၀ရာခိုင်နှုန်းနှင့် အောင်မြင်ခဲ့သည်၊ ထိုသို့အောင်မြင်မှုတို့ကြောင့်သည်ပင်လျှင် Myanmar National Airlines လေကြောင်းမှ လေယာဉ်အမှတ် XY.AGQ Embraer 190 ခရီးသည်တင်လေယာဉ်၊ ခရီးစဉ်အမှတ်(ယူဘီ–၁၀၃) သည်လေယာဉ်အမှုထမ်း ၇ဦးနှင့်ခရီးသည် ၈၂ ဦး တင်ဆောင်ပြီး မေ ၁၂ ရက်နံနက်ပိုင်းတွင် ရန်ကုန်မှ မန္တလေးသို့ ပျံသန်းလာရာ မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်သို့အဆင်း၌ Nose Landing Geer ချမရသော်လည်း *လေယာဉ်မှူးကြီး ဦးမြတ်မိုးအောင်သည် တည်တည်ငြိမ်ငြိမ်ဖြင့် ဆုံးဖြတ်ချက် မှန်ကန်စွာ ဆင်းသက်နိုင်ခဲ့ခြင်း။ ဘေးအန္တရာယ်မတော်တဆမှုအား ရင်ဆိုင်ကြုံတွေ့ချိန်တွင် လေယာဉ်အမှုထမ်းများနှင့်ခရီးသည်များအား ဦးဆောင်မှုမှန်ကန်စွာဖြင့် အခြေအနေကို ထိန်းချုပ်နိုင်ခြင်းတို့ကြောင့် ခရီးသည်များနှင့် လေယာဉ်အမှုထမ်းများ တစ်စုံတစ်ရာထိခိုက်ဒဏ်ရာရရှိမှုမရှိဘဲ လေယာဉ်ပျက်စီးဆုံးရှုံးမှု အနည်းငယ်ဖြင့် မြေပြင်သို့ အန္တရာယ်ကင်းစွာ ဆင်းသက်နိုင်ခဲ့ခြင်းဖြစ်သည်။*


ထိုသို့စွမ်းဆောင်နိုင်မှုကို လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးရဲထွဋ်အောင်က"ပြောရရင် အဆင့်တန်းမြင့်မားတဲ့လေယာဉ်ဆင်းသက်မှုမျိုးနဲ့ အရှေ့ဘီးမပါပဲ ဆင်းသက်နိုင်ခဲ့တယ်လို့ပြောကြားလိုပါတယ်၊ ဖြစ်စဉ်ဖြစ်တဲ့နေ့ကလည်း DCA (လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန) အနေနဲ့ပူးပေါင်းပါဝင်ပါတယ်။ ဘာလည်းဆိုတော့ ကပ္ပတိန်က လေယာဉ်ဘီးချလို့မရဘူး။ ပထမတစ်ကြိမ်ချတဲ့အခါချလို့မရဘူး။ မန္တလေးလေဆိပ်မှာရှိတဲ့ DCA က လေကြောင်းထိန်းမျှော်စင်ကိုသတင်းပို့ပါတယ်။ အဲဒီမှာရှိတဲ့ လေကြောင်းထိန်းသိမ်းရေးတွေကို စစ်ဆေးပေးပါ၊ ပြီးတော့မှ သူကပေ ၁၀၀၀လောက်ကနေပြီးတော့ မျှော်စင်ရှေ့ကနေပြီး ပျံသန်းပြတယ်၊ စစ်ဆေးတယ်၊ ဟုတ်တယ်။ မှန်ပြောင်းကနေကြည့်တယ်။

လေယာဉ်ဘီးအရှေ့ကမကျဘူး၊ နောက်တစ်ခါကြိုးစားကြည့်မယ်၊ နောက်တစ်ကြိမ်ကြိုးစားတယ်မရဘူး၊ ဒါကိုလေ သတင်းအချက်လက်တွေပေးတယ်။ သူတို့ပေးနေတဲ့အချိန်မှာပဲ လေကြောင်းထိန်းမျှော်စင်အဖွဲ့တွေက မြေပြင်မှာရှိတဲ့ အဖွဲ့တွေအားလုံးကိုအရေးပေါ်အချက်ပေးတယ်။ လေကြောင်းလိုင်းမြေပြင်အဖွဲ့သားတွေကိုပြောပေးတယ်၊ မန္တလေးလေဆိပ်ရဲ့ control center ကိုလည်း ပြောပေးတယ်။ *လေယာဉ်အသက်ကယ်မီးသတ်ဌာနကို အကြောင်းကြားတယ်။ လေဆိပ်မှာမီးသတ်ကားတွေနဲ့ လူနာတင်ယာဉ်အဖွဲ့သားတွေကို အသင့်အနေအထားရှိဖို့ ပြောတယ်။ ဒါတွေအားလုံးကို DCA ဘက်က ဝိုင်းဝန်းပြီး လေကြောင်းထိန်းဘက်ကပါ ပူးပေါင်းလုပ်ဆောင်နေတာပေါ့။ မြေပြင်ကိုဆင်းသက်တဲ့အခါမှာလည်းလေယာဉ်အဖွဲ့သားတွေရော ခရီးသည်တွေပါ ပူးပေါင်းပါဝင်ကြတယ်။ စည်းကမ်းတကျအောင်အောင်မြင်မြင်နဲ့ဆင်းသက်နိုင်ခဲ့တယ်။* နောက်ပိုင်းမှာကျတော့ အဲဒီနေ့ မှာပဲ ဖြစ်ဖြစ်ချင်း MNA မှ CEO နဲ့ အဖွဲ့ဟာ လေယာဉ်နဲ့လိုက်သွားတယ်၊ ဦးတို့ဖက်ကလည်း ဝန်ကြီးကိုတင်ပြပြီး အဖွဲ့ဖွဲ့စည်းပြီးလိုက်သွားတယ်၊ ဟိုမှာဖြစ်တဲ့အခါမှာ မျက်မြင်အခြေအနေကို ကြည့်တယ်၊ နောက်ပြီးရင်သူ့မှာပါလာတဲ့ Fly Data Record ဖြုတ်တယ်၊ စင်ကာပူကိုပို့ပြီးစစ်ဆေးဖို့ရှိတယ်။ ဒါတွေကတော့ လေယာဉ်ပျံဖြစ်သွားတဲ့ဖြစ်စဉ်နဲ့ပတ်သက်ပြီးတော့ မျက်မြင်စစ်ဆေးတာရော စက်နဲ့ စစ်ဆေးတာရောလုပ်နေပါတယ်" ဟုရှင်းပြပါသည်။

ထိုနေ့ကဖြစ်စဉ်တွင်ပါဝင်ခဲ့သည့်မြန်မာနေရှင်နယ်လိုင်စီအီးအိုဦးစိုးမိုးကျော်က "လေယာဉ်အမှုထမ်းတွေရဲ့ ညွှန်ကြားချက်လေယာဉ်မှူးကြီးရဲ့ ပိုင်နိုင်တဲ့ဆုံးဖြတ်ချက်တွေကို ယုံကြည်နေလို့ဘဲလားမသိဘူး၊ ကျွန်တော်တို့အားလုံး အေးဆေးတည်ငြိမ်စွာရှိပါတယ်။ လေယာဉ်အရေးပေါ်ဆင်းသက်ရတော့မယ်လို့ ကြေညာလိုက်တဲ့အချိန်မှာကျွန်တော်တို့အနည်းငယ် တုန်လှုပ်ကောင်းတုန်လှုပ်ခဲ့ပေမယ့် သူတို့ရဲ့လမ်းညွှန်မှုကို တသွေမတိမ်းလိုက်နာပါတယ်၊ ဘာပစ္စည်းမှုထမယူကြပါနဲ့လို့ဆိုရင် ဘယ်သူကမှမယူကြပါဘူး။ နေထိုင်ပုံအမှန်နဲ့နေထိုင်ဖို့ကိုလည်း လေယာဉ်အောက်ကိုဆင်းတဲ့အထိ လေယာဉ်မယ်လေးတွေက သရုပ်ပြပေးပါတယ်။ *ကျွန်တော်တို့ ၈၀ ကျော်သောခရီးသည်တွေရဲ့အသက်သခင်ကျေးဇူးရှင်ကတော့ လေယာဉ်မှူးကြီးနဲ့အဖွဲ့ပါ။ တစ်သက်လုံး မေ့တော့မှာမဟုတ်ပါဘူး*" ဟုထိုနေ့က မမေ့နိုင်စရာခရီးစဉ် အကြောင်းပြန်ပြောင်း

၈ - ၁၀ »



# အိန္ဒိယနိုင်ငံ၏ တန်ပြန်ဂြိုဟ်တုဒုံးလက်နက် စမ်းသပ်မှု





မကြာမီက အိန္ဒိယနိုင်ငံ၏ မမျှော်လင့်ဘဲပစ်လွှတ်လိုက်သော တန်ပြန်ဂြိုဟ်တုဒုံးလက်နက် စမ်းသပ်မှုက နိုင်ငံတကာနှင့် အာကာသ-စက်မှုလုပ်ငန်း ကျွမ်းကျင်သူများအကြား အံ့အားသင့်စရာနှင့် အချို့သောသူများအတွက် နှိုးဆော်သံဖြစ်စေခဲ့သည်။ အဆိုပါရန်သူတစ်ဦး၏ ဂြိုဟ်တုကိုဖျက်ဆီးနိုင်စွမ်း စမ်းသပ်အောင်မြင်မှုသည် အမေရိကန်၊ ရုရှားနှင့် တရုတ်အပြီး အိန္ဒိယသည် စတုတ္ထမြောက်တိုင်းပြည်တစ်ခုဖြစ်လာသည်။ သို့ရာတွင် နည်းပညာမည်သို့ပြုလုပ်သနည်း။

တန်ပြန်ဂြိုဟ်တုလက်နက် သို့မဟုတ် ASAT (Anti-Satellite) သည် ရန်သူတစ်ဦး၏ ဂြိုဟ်တုတစ်ခုလုံးကို ဖျက်ဆီးခြင်း သို့မဟုတ် ရုပ်ပိုင်းဆိုင်ရာ အစိတ်အပိုင်းများကို ပျက်စီးစေခြင်းဖြစ်သည်။ ယင်းသည် ကျယ်ပြန့်သော အဓိပ္ပါယ်ဖွင့်ဆိုချက်ဖြစ်သည်။

အိန္ဒိယဝန်ကြီးချုပ် Narendra Modi က ASAT ဒုံးကျည်ပစ်လွှတ်သည့် ထိုနေ့သည် တိုင်းပြည်ကိုဆွဲမ ဖေါ်ထုတ်ခဲ့ကြောင်း ဗုဒ္ဓဟူးနေ့ (မတ်လ ၂၇)ရက်တွင် ကြေညာခဲ့သည်။ အဆိုပါပစ်လွှတ်မှု "Mission Shakti" သည် ကမ္ဘာမြေပြင်အနိမ့် ဂြိုဟ်တုပတ်လမ်းတွင်ရှိသော အိန္ဒိယဂြိုဟ်တုကို ထိမှန်၍ Debris (အာကာသအမှိုက်)ခေါ် အာကာသအရာဝတ္ထု အပျက်အစီးများအဖြစ်သို့ ပြန်လည်ဖြစ်စေခဲ့သည်။

ASAT သည် ပုံသဏ္ဍာန်အမျိုးမျိုးရှိနိုင်သော်လည်း အရှင်းလင်းဆုံးသော ဥပမာမှာ အရွေ့စွမ်းအင်ကုန်ဆုံးစေသော ပုံစံ (Kinetic-kill model) ကို လိုက်နာဆောင်ရွက်ကြပြီး အာကာသအတွင်း သို့မဟုတ် မြေပြင်ပေါ်တွင်ရှိသော အရာဝတ္ထုတစ်ခုကို ပစ်လွှတ်လိုက်ပြီး ယင်း၏အရွေ့စွမ်းအင်ဖြင့် ပတ်လမ်းတွင်သွားနေသော ဂြိုဟ်တုကိုတိုက်မိစေကာ အရာဝတ္ထုနှင့် ပစ်မှတ်နှစ်ခုလုံးကို ဖျက်ဆီးခြင်းဖြစ်သည်။

Rhode Island, Newport ၌ရှိသော ရေတပ်စစ်ကောလိပ်က အမျိုးသားလုံခြုံရေးရာ ပါမောက္ခဂျိုးဂျွန်ဆင်ဖရီ(စ်) (Joan Johnson-Freese) က အဆိုပါ ASAT အဓိပ္ပါယ်ဖွင့်ဆိုချက်နှင့်အတူပါလာသော ပြဿနာသည် ယခင်ကတည်းက အများဆုံးသော အာကာသနည်းပညာများကို ရည်ရွယ်ချက်နယ်ပယ် (၂)ခုတို့တွင် အပြိုင်အသုံးပြုလာကြပြီး ASATs အများအပြားသည် လူသိရှင်ကြားပုံစံအမျိုးမျိုးဖြင့် ထွက်ပေါ်လာသောကြောင့်ဖြစ်သည်ဟု Space.com သို့ အီးမေးလ်ဖြင့် ပြောကြားခဲ့သည်။

သို့သော် ASAT တစ်ခုသည် လေကြောင်းပျံသန်းလေ့ကျင့်ရန် မလိုအပ်ပါဘူး။ ဂြိုဟ်တုကနေ မြေပြင်သို့အချက်အလက်များ ထုတ်လွှင့်ခြင်းကို ရပ်တန့်ဖို့ ရည်ရွယ်ပါက အဆိုပါရည်ရွယ်ချက်ကို အာကာသအပျက်အစီးအဖြစ်သို့ မရောက်ရှိနိုင်သော ရည်မှန်းချက်ကို ရရှိနိုင်သည်ဟု ဂျွန်ဆင်-ဖရိစ်ကဆိုသည်။

စစ်ရေးလေ့ကျင့်သော ဂြိုဟ်တုတစ်ခုကိုအခြားဂြိုဟ်တုသို့တိုက်မိစေရန် ညွှန်ကြားထားနိုင်ကြောင်း၊ လေဆာရောင်ခြည်ကို အသုံးပြုပြီး ဂြိုဟ်တုတစ်ခုအား ယာယီသို့မဟုတ် အပြီးအပိုင်မမြင်နိုင်အောင် ယင်း၏အာရုံခံကိရိယာကို ဖျက်ဆီးထားသော ဂြိုဟ်တုကိုလည်း ASAT လက်နက်တစ်ခုအဖြစ် စဉ်းစားမည်ဖြစ်ကြောင်း ဂျွန်ဆင်-ဖရိစ်က ပြောကြားခဲ့ကြောင်း လေ့လာတင်ပြအပ်ပါသည်။

ဝင်းအောင် (ITCS)

# အထွေထွေကုန်စည်နှင့် ကုန်သေတ္တာတင်/ချ ဆိပ်ကမ်းတံတားသစ် ဇွန် (၁)ရက်တွင် ဖွင့်မည်




ရန်ကုန်တိုင်းဒေသကြီး၊ (သန်လျင်) ကျောက်တန်းမြို့နယ်၊ သီလဝါဒေသရှိ အကွက်အမှတ် (၂၅) နှင့် (၂၆) တို့တွင် ဂျပန်နိုင်ငံ၏ တရားဝင်ဖွံ့ဖြိုးမှု အကူအညီဖြစ်သည့် ချေးငွေဂျပန်ယန်း ၂၃၄၈၀ မီလီယံ (အမေရိကန်ဒေါ်လာသန်း ၂၀၀)ခန့်ဖြင့် တည်ဆောက်ထားသည့် ဆိပ်ကမ်းတည်ဆောက်ရေးလုပ်ငန်းများတွင် အလျား (၄၀၀)မီတာ အကျယ် (၄၀)မီတာရှိ Steel Jacket Type နည်းဖြင့် တည်ဆောက်ထားသည့် ပင်မတံတားနှင့် ချဉ်းကပ်တံတား ၃ စင်း၊ ဆိပ်ကမ်းဆိုင်ရာအဆောက်အအုံများ တည်ဆောက်ခြင်းနှင့် ကုန်ကိုင်တွယ်စက်ကိရိယာများဖြစ်သည့် Quay Crane ၂ စင်း၊ RTG ၆ စင်း၊ Reach Stacker ၃ စင်း၊ Trailer ၆ စင်းနှင့် Chassis ၆ စင်းတို့အား ဝယ်ယူတပ်ဆင်ခြင်းတို့ ပါဝင်ကြောင်းသိရသည်။

သီလဝါဧရိယာ အခြေခံအဆောက်အဦများ ဖွံ့ဖြိုးတိုးတက်ရေး သီလဝါဆိပ်ကမ်းဒေသသို့ ရန်ကုန်ဆိပ်ကမ်းတိုးချဲ့ရေးစီမံကိန်း ပထမအဆင့်အတွက် ဂျပန်အစိုးရနှင့် မြန်မာအစိုးရတို့အကြား ချေးငွေစာချုပ်များကို ၂၀၁၃ ခုနှစ်နှင့် ၂၀၁၅ ခုနှစ်များတွင် စာချုပ်ချုပ်ဆို၍ စီမံကိန်းအတွက် အတိုင်ပင်ခံအဖွဲ့အစည်းအဖြစ် နိပ္ပွန်ကိုအိကုမ္ပဏီမှ Consulting Services လုပ်ငန်းများကို ၂၀၁၄ ခုနှစ်တွင် စတင်ဆောင်ရွက်ခဲ့ပြီး ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလတွင် နိပ္ပွန်ကိုအိကုမ္ပဏီနှင့် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်တို့အကြား နှစ်ဖက်သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်သည်။

တည်ဆောက်ရေး ကန်ထရိုက်တာများအတွက် ၂၀၁၅ ခုနှစ်တွင် တင်ဒါခေါ်ယူခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ပြီး တည်ဆောက်ရေးကန်ထရိုက်တာအဖြစ် စိစစ်ရွေးချယ်ခဲ့သော Toyo-JFEE Joint Venture အဖွဲ့နှင့် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်တို့အကြား နှစ်ဖက်သဘောတူစာချုပ်ကို ၂၀၁၅ ခုနှစ် ဒီဇင်ဘာတွင် လက်မှတ်ရေးထိုးဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ စီမံကိန်းတည်ဆောက်ရေးလုပ်ငန်းများကို ၂၀၁၆ ခုနှစ်၊ ဇွန်လတွင် စတင်အကောင်အထည်ဖေါ် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ရန်ကုန်ဆိပ်ကမ်း သီလဝါကမ်းနားဒေသတွင် ဂျပန်နိုင်ငံ ODA ချေးငွေ အမေရိကန်ဒေါ်လာသန်း (၂၀၀)ခန့်ဖြင့် တည်ဆောက်မည့် အထွေထွေကုန်စည်နှင့် ကုန်သေတ္တာတင်/ချဆိပ်ခံတံတားသစ် တည်ဆောက်တပ်ဆင်ရေးလုပ်ငန်းများပြီးစီးခြင်း အခမ်းအနားအား ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာ ၁၄ ရက်က ပြုလုပ်ခဲ့ပြီးဖြစ်ပါသည်။ ယခုအခါ အဆိုပါ အထွေထွေကုန်စည်နှင့် ကုန်သေတ္တာတင်/ချ ဆိပ်ခံတံတားသစ်ကို ယခုလာမည့်ဇွန် (၁)ရက်တွင် တရားဝင်ဖွင့်လှစ်ပြီးလုပ်ငန်းများ စတင်ဆောင်ရွက်တော့မည်ဖြစ်ပါသည်။

အဆိုပါဆိပ်ကမ်းတံတားသစ်တွင် ဆိပ်ကမ်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်နှင့် ဂျပန်နိုင်ငံ Kamigumi Co., နှင့် ပူးပေါင်းအဖွဲ့တို့အကြား Concession Agreement ဖြင့် သဘောတူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရပါသည်။

ယခုအခါ အဆိုပါဆိပ်ကမ်းတံတားအား Thilawa Multipurpose International Terminal (TMIT) ဟု အမည်ပေးထားပြီး၊ ရန်ကုန်ဆိပ်ကမ်းသီလဝါဒေသတွင် နိုင်ငံတကာအဆင့်မီ အထွေထွေကုန်စည်နှင့် ကုန်သေတ္တာတင်/ချပြုလုပ်နိုင်သော ဆိပ်ကမ်းတံတားတစ်ခုအဖြစ် နိုင်ငံ၏ရေကြောင်းကုန်စည်စီးဆင်းမှုကို ကောင်းမွန်စွာ ထောက်ပံ့ဆောင်ရွက်နိုင်တော့မည် ဖြစ်ပါသည်။

Transcom

# Asean Telsom-ATRC joint Working Group Meeting 2019 and Related Meetings with Dialogue Partners and ITU အစည်းအဝေးများကျင်းပ

အာဆီယံဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဆိုင်ရာအရာရှိကြီးများနှင့် အာဆီယံဆက်သွယ်ရေး ဥပဒေပြုသူများကောင်စီတို့၏ စီမံကိန်းအကောင်အထည်ဖော်ရေး အစည်းအဝေး ၂၀၁၉ နှင့် ဆွေးနွေးဖက်နိုင်ငံများ၏ အစည်းအဝေး (ASEAN TELSOM -ATRC joint Working Group Meeting 2019 and Related Meetings with Dialogue Partners and ITU) ကို ၂၀၁၉ ခုနှစ်၊ မေလ ၇ ရက်မှ ၉ ရက်အထိ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်ရန်ကုန်မြို့၊ ပြည်လမ်း Novotel Yangon Max Hotel တွင် ကျင်းပခဲ့သည်။

အစည်းအဝေးတွင် ASEAN ICT Masterplan 2020 (AIM 2020) အရ ဆောင်ရွက်မည့်ကိစ္စရပ်များ၊ ASEAN Telecommunications and Information Technology Senior Officials Meeting (TELSOM) အောက်၌ ဆောင်ရွက်လျက်ရှိသော ၂၀၁၈ ခုနှစ် စီမံကိန်းများနှင့် ဆောင်ရွက်ပြီးစီးမှုများ၊ ၂၀၁၉ ခုနှစ်နှင့် ၂၀၂၀ ခုနှစ်တွင် ဆောင်ရွက်မည့်စီမံကိန်းများ၊ (၁၈) ကြိမ်မြောက် အာဆီယံဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဆိုင်ရာ ဝန်ကြီးများအစည်းအဝေးမှ အတည်ပြုချမှတ်ခဲ့သည့် လုပ်ငန်းအစီအစဉ်များ၊ 1st TELMIN Retreat 2019 နှင့် 1st ASEAN TELSOM-ATRC Leaders' Retreat 2019 တို့၏ လမ်းညွှန်ချက်များအရဆောင်ရွက်ရမည့် ကိစ္စရပ်များနှင့် AIM 2020 အလွန် ဆက်လက်ဆောင်ရွက်မည့်ကိစ္စများ စသည်တို့ကို အဓိကထားဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ASEAN TELSOM-ATRC joint Working Group Meeting 2019 နှင့် ကျောကပ်အစည်းအဝေးများအဖြစ် 9th Sub-Working Group on Spectrum Management နှင့် US-ABC မှ စီစဉ်ပြုလုပ်သည့် 2019 ASEAN - US Digital Policy Consultative Forum 2 တို့ကို ၂၀၁၉ ခုနှစ်၊ မေလ ၆ ရက်တွင် ကျင်းပခဲ့ပြီး၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ စီစဉ်ပြုလုပ်သည့် ASEAN TELSOM - ATRC project Implementation and Funding Management Manual (ATPMM) Workshop ကို ၂၀၁၉ခုနှစ်၊ မေလ ၁၀ ရက်တွင်လည်းကောင်း တစ်ဆက်တည်းဆက်လက်ကျင်းပပြုလုပ်ခဲ့သည်။




ASEAN TELSOM - ATRC joint Working Group Meeting 2019 and Related Meetings with Dialogue Partners and ITU တွင် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနက ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသန်းထွန်းအောင်ဦးဆောင်သော အာဆီယံအဖွဲ့ဝင်နိုင်ငံ များမှ ကိုယ်စားလှယ်ပေါင်း (၆၅)ဦးခန့် တက်ရောက်ခဲ့ကြသည်။ မြန်မာနိုင်ငံအနေဖြင့် အဆိုပါ အာဆီယံဆက်သွယ်ရေးဆိုင်ရာအစည်းအဝေးများအား အလှည့်ကျတာဝန်ယူ၍ အိမ်ရှင်အဖြစ် ကျင်းပခြင်းဖြစ်သည်ကို သိရှိရသည်။

သတင်းအဖွဲ့(ဆသရ)

# မဟာရန်ကုန်မြို့ပြသယ်ယူပို့ဆောင်မှု တိုးတက်ဖွံ့ဖြိုးရေးအစီအစဉ်၏နောက်ဆုံးအခြေအနေ JICA ထုတ်ပြန်

ဖွံ့ဖြိုးရေးကဏ္ဍအသီးသီးအတွက် ချေးငွေနှင့်နည်းပညာများအကူအညီ ပေးနေသည့် JICA သည် မေလ ၂၂ ရက်က ရန်ကုန်မြို့ရှိ ၎င်းတို့၏ ရုံးချုပ်ရှိရာ ဆာကူရာတာဝါတွင်ရန်ကုန်မြို့ပြ သယ်ယူပို့ဆောင်ရေးနှင့် ပတ်သက်သော နောက်ဆုံးလေ့လာ တွေ့ရှိချက်များကို မီဒီယာများအား တွေ့ဆုံရှင်းပြခဲ့သည်။

ထိုကဲ့သို့အသိပေးတင်ပြရာတွင် လူမှုစီးပွားတိုးတက်လာမည့် အခြေအနေများကြောင့် ရန်ကုန်မြို့အနာဂတ် သယ်ယူပို့ဆောင်ရေးလိုအပ်ချက်သည် ခြေလျှင်မပါဦးရေ အနေဖြင့် ၂၀၁၆ ခုနှစ်တွင် ၆ ဒသမ ၇ သန်းခန့် ရှိရာမှ ၂၀၃၅ ခုနှစ်တွင် ၁၅ ဒသမ ၆ သန်းသို့ တိုးမြင့်လာမည်ဟု သိရသည်။

ထို့ကြောင့် အလုံးစုံရည်မှန်းချက်အနေဖြင့် အပြည်ပြည်ဆိုင်ရာနှင့် အမျိုးသားဖွံ့ဖြိုးတိုးတက်ရေး အပြိုင်အဆိုင် ဗဟိုအဖြစ်ဆောင်ရွက်ခြင်း၊ ပြည်သူတို့အတွက်လိုအပ်သော သွားလာနိုင်စွမ်းနှင့် အသုံးပြုနိုင်ခွင့်ရရှိစေခြင်းတို့ကို ချမှတ်လိုက်သည်။ ထို့နောက်အဆင့်လိုက် မြို့ပြသယ်ယူပို့ဆောင်ရေးကွန်ရက်ကို အားဖြည့်တင်းခြင်း၊ ထိရောက်သော မြေအသုံးချမှုနှင့် မြို့ပြဖွံ့ဖြိုးမှုတို့ကို ပေါင်းစပ်လျက် အရည်အသွေးမြင့်သယ်ယူပို့ဆောင်ရေးစနစ် ဖြစ်ထွန်းစေခြင်း၊ တာတို၊ တာလတ်၊ တာရှည် ဆောင်ရွက်မှုတို့ ပြတ်တောက်မှုမရှိစေခြင်းနှင့်အဖွဲ့အစည်းများတည်ထောင်ခြင်း၊ ရံပုံငွေများ အသုံးချရေးအတွက်ဘဏ္ဍာငွေအကန့်အသတ် (သို့မဟုတ်) ရံပုံငွေများ ရှွေ့လျားနိုင်စွမ်းနှင့် သယ်ယူပို့ဆောင်ရေးစီမံချက်များဖော်ဆောင်ခြင်းတို့ကို အခြေခံနည်းဗျူဟာများအနေဖြင့်လည်း ရေးဆွဲသတ်မှတ်ခဲ့သည် ဟု JICA ၏ ထုတ်ပြန်ချက်ပြောကြားသည်။

ယာဉ်ကြောပိတ်ဆို့မှုလျှော့ချရေး ရှေ့ပြေးစီမံချက်အနေဖြင့် ကမ္ဘာအေးဘုရားလမ်းပေါ်ရှိ ကမ္ဘာအေးဘုရားကားမှတ်တိုင်တွင် ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်က YRTA နှင့်ပူးပေါင်းပြီး စတင်လုပ်ဆောင်ခဲ့သည်။ ထိုအခါတွင် လမ်းများ၌လိုအပ်သည့် အထောက်အကူများမရှိခြင်း၊ ယာဉ်ကြောစီမံခန့်ခွဲမှုနှင့် စည်းကမ်းကြပ်မတ် သည့်အစီအစဉ်များမရှိခြင်း၊ လမ်းအသုံးပြုသူများအတွက် ပညာပေး အစီအစဉ်များရှိမနေခြင်းကိုတွေ့ရှိခဲ့ရသည်။ ထို့အတွက် လမ်းလိုအပ်ချက်တိုးတက်ကောင်းမွန်စေရေး စည်းကမ်းကြပ်မတ်ရေးနှင့် လမ်းအသုံးပြုသူများအား ပညာပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ရသည်ဟုသိရသည်။

အထူးသဖြင့် အစိုးရသစ်မှ ရုံးပိုင်းဆိုင်ရာတာဝန်ယူမှုအပြီးတွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ယာဉ်သယ်ယူပို့ဆောင်ရေး အစီအစဉ်ကိုဖန်တီးလုပ်ဆောင်ရေးအတွက် ရန်ကုန်မြို့တော်နယ်နိမိတ်ဧရိယာအတွင်းရှိ အခြားသောအရာများထဲတွင် ကားလမ်းနှင့် မြို့ပြရထားသံလမ်းများ၏ ဆုံမှတ်များ၊ ယာဉ်သွားလာခြင်းစီမံခန့်ခွဲမှုနှင့် လုံခြုံစိတ်ချရမှု၊ အများပြည်သူသယ်ယူပို့ဆောင်ရေးနှင့်သယ်ယူပို့ဆောင်ရေးကဏ္ဍ အဖွဲ့အစည်းများအပေါ် အာရုံစိုက်လုပ်ဆောင်နေသည်ဟု ကနဦးစီမံကိန်းအရ လက်တွေ့လုပ်ဆောင်နေသည့် ဆူးလေကားမှတ်တိုင်၊ စံပြဈေးကားမှတ်တိုင်တို့ကို မီဒီယာများအား လိုက်ပါပို့ဆောင်ပြသကာ ပြောသည်။ ဆက်လက်ပြီး ဘတ်စ်ကားအခန်းကဏ္ဍများတွင် နည်းပညာဆိုင်ရာလုပ်ဆောင်နိုင်စွမ်း ဖွံ့ဖြိုးတိုးတက်မှုလိုအပ်နေကြောင်း တွေးတောမိခဲ့သည်။ မြန်မာနိုင်ငံအစိုးရသည်အများပြည်သူသုံး ဘတ်စ်ကားဝန်ဆောင်မှုဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းပညာဆိုင်ရာ ပူးပေါင်းလုပ်ဆောင်မှုစီမံကိန်းကို ဂျပန်အစိုးရမှ Master Plan Study စီမံကိန်း၏ နောက်ဆက်တွဲအဖြစ် ဆက်လက်လုပ်ဆောင်ရန် တောင်းဆိုခဲ့သည်။ ထို့ကြောင့်ယခုစီမံကိန်းသည် ရန်ကုန်မြို့ရှိအများပြည်သူသုံး ဘတ်စ်ကားဝန်ဆောင်မှုကိုပံ့ပိုးရန်နှင့် ဖွံ့ဖြိုးတိုးတက်ရန် မျှော်မှန်းထားသည်ဟု သိရသည်။ ဇော်ဦး၊ စိတ်ထက်

# Ongo နှင့် Carlsberg တို့ ပူးပေါင်း၍ အရောင်းဆိုင်များသို့ ငွေပေးချေမှုအားဒစ်ဂျစ်တယ်စနစ်ဖြင့် ပြောင်းလဲလုပ်ဆောင်သွားမည်



Carlsberg ရောင်းချသူများ၏ ငွေပေးချေမှုများကို ထိရောက်လုံခြုံသည့် နည်းလမ်းဖြင့် စုစည်းကာ ဒစ်ဂျစ်တယ်စနစ်သို့ ပြောင်းလဲပေးမည့် ငွေသား၊ အကြွေးဝယ်ယူ ကောက်ခံခြင်းစနစ်ကို Ongo နှင့် Carlsberg တို့က မေလ (၈) ရက်က စတင် ကြေညာခဲ့သည်။

မြန်မာနိုင်ငံတွင် ၂၀၁၃ ခုနှစ်မှ စတင်တည်ထောင်ခဲ့သည့် Carlsberg သည် ယနေ့အချိန်တွင် နိုင်ငံတစ်ဝန်းမှ ဝယ်ယူအားပေးသူပေါင်း 3,700 ကျော် အတွက်ဝန်ဆောင်မှုပေးလျက်ရှိပြီး ရောင်းချသူများနှင့် Carlsberg တို့အကြားငွေပေးချေမှုများကို ပိုမိုချောမွေ့စေရန်ကြိုးပမ်းဆောင်ရွက်သည့်အနေဖြင့် ယင်းသို့ဆောင်ရွက်ခြင်းဖြစ်ကြောင်းသိရသည်။

Ongo နှင့် Carlsberg တို့အကြား ပူးပေါင်းဆောင်ရွက်မှုအသစ်နှင့်ပတ်သက်၍ဖြစ်စေ၊ Ongo ၏ အခြားဆန်းသစ်သော ဒစ်ဂျစ်တယ် ငွေပေးချေမှုဆိုင်ရာဝန်ဆောင်မှုများအကြောင်းကို ဖြစ်စေပိုမိုပြည့်စုံစွာ ထပ်မံသိရှိလိုပါက ကုမ္ပဏီ၏ တရားဝင် ဝက်ဘ်ဆိုက် ongo.com.mm သို့ဖြစ်စေ၊ Ongo Facebook account facebook.com/ongomobilemoney သို့ဖြစ်စေ၊ info@ongo.asia သို့ အီးမေးလ်ပေးပို့၍ဖြစ်စေ၊ ၀၉ ၄၅၀၈၈၈-၉၉၆-၇၊ ၀၉-၄၄၄၄၅၀၈၁၆-၈ သို့ ခေါ်ဆို၍ဖြစ်စေ မေးမြန်းစုံစမ်းနိုင်မည်ဖြစ်သည်။

Ongo သည် Ronoc Myanmar Limited ၏ အမှတ်တံဆိပ်ဖြစ်ပြီး မြန်မာနိုင်ငံတွင်း ဈေးကွက်ဦးဆောင် B2B ဒစ်ဂျစ်တယ် ငွေပေးချေမှုဆိုင်ရာ ဝန်ဆောင်မှုများမှ တစ်ခုဖြစ်သည်။

Carlsberg သည် ၂၀၁၅ ခုနှစ်တွင်ပဲခူးမြို့၌ ဘီယာစက်ရုံသစ်တစ်ခုကိုဖွင့်လှစ်ခဲ့ပြီး ၎င်းသည် မြန်မာနိုင်ငံတွင်း နိုင်ငံတကာမှ ပထမဆုံးဘီယာချက်စက်ရုံတစ်ခုဖြစ်သည်။ Carlsberg သည် နိုင်ငံတကာအမှတ်တံဆိပ်များဖြစ်သော "Carlsberg" နှင့် "Tuborg" တို့အပြင် နိုင်ငံတွင်း၌ဖန်တီးချက်လုပ်သော "YOMA" နှင့် "Black Eagle" ဟူသောဘီယာနှစ်မျိုးကိုလည်းချက်လုပ်လျက်ရှိသည်။

ES




# ရိုးမဘဏ်သည် SHOP.COM.MM ကိုအသုံးပြု၍ ကုန်ပစ္စည်းရောင်းချသူများကို ဒစ်ဂျစ်တယ် အသေးစားချေးငွေ ဝန်ဆောင်မှုများပေးအပ်

ရိုးမဘဏ်သည်ဘဏ်၏ ဝန်ဆောင်မှု အသစ်ဖြစ်သော SMART Credit Plus အပေါင်ပစ္စည်းမဲ့ ဒစ်ဂျစ်တယ် အသေးစားချေးငွေဝန်ဆောင်မှုကို SHOP.COM.MM ကိုအသုံးပြု၍ ကုန်ပစ္စည်းရောင်းချသူများထံသို့ မေလ(၈)ရက်က မိတ်ဆက်ခဲ့သည်။

SHOP.COM.MM ကိုအသုံးပြု၍ ကုန်ပစ္စည်းရောင်းချသူများသည် ဘဏ်သို့သွားရောက်၍ လျှောက်ထားခြင်း၊ အပေါင်ပစ္စည်းနှင့် စာရွက်စာတမ်းများအစရှိသောရှုပ်ထွေးသည့် စာရွက်စာတမ်းတင်သွင်းရခြင်းတို့ကိုလုပ်ဆောင်ရန် မလိုအပ်ပဲ SMART Credit Plus ချေးငွေကိုအွန်လိုင်းပေါ်မှ တစ်ဆင့် လျှောက်ထားနိုင်မည်ဖြစ်သည်။

ယခုဒစ်ဂျစ်တယ် ချေးငွေဝန်ဆောင်မှုသည် အသေးစားလုပ်ငန်းများအတွက် မြန်မာနိုင်ငံတွင် ပထမဆုံးပေးအပ်သည့် ချေးငွေ အမျိုးအစားအသစ် တစ်ခုဖြစ်သည်။ SMART Credit Plus ချေးငွေကို smartphone မှ တစ်ဆင့် လျှောက်ထားနိုင်သည့်အတွက် လွယ်ကူအဆင်ပြေမြန်ဆန်စွာဖြင့် သီးသန့် လျှောက်ထားနိုင်ပြီးလျှောက်ထားမှုကိုဘဏ်မှချက်ခြင်းစိစစ်၍ ချေးငွေကိုလျှောက်ထားသူ၏ SMART account သို့ နောက်တစ်နေ့ရုံးဖွင့်ရက်တွင် ထည့်သွင်းပေးသွားမည်ဖြစ်သည်။ ထို့အပြင် ကောင်းမွန်သည့် ချေးငွေရယူမှု အလေ့အကျင့်နှင့် အချိန်မှန်ပေးဆပ်ခြင်းတို့ကိုလုပ်ဆောင်နိုင်အောင် SMART Credit Plus ရယူသူများကိုလေ့ကျင့်ပေးသွားမည် ဖြစ်သည်။

ရိုးမဘဏ်နှင့် SHOP.COM.MM တို့ ပူးပေါင်း၍ ဝန်ဆောင်မှုပေးသည့် SMART Credit Plus အပေါင်ပစ္စည်းမဲ့ အသေးစား လုပ်ငန်းချေးငွေကို ရယူရန်အတွက် လျှောက်ထားသူသည် SHOP.COM.MM ၏ တရားဝင်ရောင်းချသူဖြစ်ရမည်ဖြစ်ပြီး ရိုးမဘဏ်၏ မိုဘိုင်းလ်အက်ပလီကေးရှင်းကို လက်ရှိအသုံးပြုသူ ဖြစ်ရမည်ဖြစ်သည်။ ရိုးမဘဏ်၏မိုဘိုင်းလ်အက်ပလီကေးရှင်း မရှိသူများသည် SMART Account ကို ရိုးမဘဏ်၏ မည်သည့် ဘဏ်ခွဲတိုင်းတွင် မဆိုဖွင့်လှစ်နိုင်ပြီးအွန်လိုင်း https://apply smart.yomabank.comမှတစ်ဆင့်လည်းလျှောက်ထားနိုင်မည်ဖြစ်သည်။ SMART Account ဖွင့်လှစ်ပြီးသူများသည် ရိုးမဘဏ်၏ မိုဘိုင်းလ်အက်ပလီကေးရှင်းမှ တစ်ဆင့် SMART Credit Plus ကို https://smart-credit.yomabank.com တွင် လျှောက်ထားနိုင်သည်။ ချေးငွေစိစစ်ခြင်းကို ဘဏ်မှချက်ခြင်းလုပ်ဆောင်ပေးမည်ဖြစ်ပြီးလျှောက်ထားပြီးနောက်တစ်နေ့တွင် လျှောက်ထားသူ၏ SMART Account ထဲသို့ လျှောက်ထားသည့် ချေးငွေပမာဏကို တိုက်ရိုက်ထည့်သွင်းပေးမည်ဖြစ်သည်။

ထို့ကြောင့် SMART Credit Plus ရယူသူများသည် ချေးငွေပြန်လည် ပေးဆပ်ရမည့် နေ့မတိုင်ခင် (သို့) သတ်မှတ်ရက်တွင် ၎င်းတို့၏ SMART Account ထဲပေးဆပ်ရန် လုံလောက်သောချေးငွေပမာဏကို ထည့်သွင်းထားရန် လိုအပ်မည် ဖြစ်သည်။ SMART Credit Plus နှင့် ပတ်သက်၍ ထပ်မံသိရှိလိုပါက https://yomabank.com/smartcreditplus တွင် ဝင်ရောက်ကြည့်ရှုနိုင်မည်ဖြစ်သည်။

ES

» စာ-၈

ပြောပြပါသည်။

လေယာဉ်မှူးကြီးဦးမြတ်မိုးအောင်ကတော့ ထိုနေ့က ဆောင်ရွက်ခဲ့သည့်အခြေအနေတွင် အားလုံး၏ပူးပေါင်းဆောင်ရွက်နိုင်မှုကြောင့် အကောင်းဆုံးဆောင်ရွက်နိုင်ခဲ့ခြင်းဟုဆိုပါသည်။

"ဒီကိစ္စကိုဆောင်ရွက်နိုင်တာလဲ ကျွန်တော်က ဆုံးဖြတ်ချက်ချပြီး ဆောင်ရွက်နိုင်ခဲ့ပေမယ့် ကျွန်တော်တို့ Teamwork အကုန်လုံးကောင်းလို့သာလျှင် နောက်တစ်ခုက သက်ဆိုင်ရာပါလာတဲ့ခရီးသည်များရဲ့လုပ်ဆောင်မှုကြောင့် Teamwork ကောင်းမှုကြောင့်ကျွန်တော်တို့ ဒီလိုမျိုးအသက်အန္တရာယ်မရှိဘဲထိခိုက်ပျက်စီးမှုအနည်းဆုံးနဲ့ကျွန်တော်တို့ဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်ပါတယ်" ဟု Teamwork စိတ်ဓာတ်ရှိမှုကိုပြောပြပါသည်။

ထိုနေ့ဖြစ်စဉ်တွင် သရုပ်ဆောင် ခင်လေးနွယ်နှင့် ယုသန္တာတင်တို့လည်း ပါဝင်ခဲ့ကြတာမို့ကြုံခဲ့ရသည့်အဖြစ်အပျက်များနှင့် စိုးရိမ်ထိတ်လန့်မှုများကို ခင်လေးနွယ်ကပြောပြသည်မှာ "လေယာဉ်မယ်တွေကပြောတယ်။ အရေးပေါ် ဆင်းသက်ရမယ်လို့ပြောတယ်၊ အဲ့ဒါဆိုရင်တော့ ရှင်ချင်မှလည်းရှင်မယ်၊ သေသွားရင်လည်း သေသွားနိုင်တယ်။ ကိုယ်ကလေယာဉ်ပေါ်မှာ အဲ့ဒီလိုစဉ်းစားလိုက်တယ်။ ငါဒီနေ့သေသွားရင်လည်း သေသွားနိုင်တယ်၊ ဒါပေမဲ့ဘုရားသခင်ကတော့ ဒီလောက်မရက်စက်လောက်ပါဘူး။ နောက်ပြီး အဖေအမေတွေကို စဉ်းစားလိုက်တယ်၊ ငါ့အဖေ၊ အမေတွေကို ငါလုပ်ပေးထားတဲ့ အနေအထားလေးနဲ့ဆို စိတ်ချရပြီလား။ ဒီလောက်ဆိုရင်တော့လည်း စိတ်ချရပါတယ်လေဆိုပြီး ဘုရားကိုလည်းအပြစ်တွေကို တောင်းပန်နေမိတယ်၊ နောက်ပြီးဘာဆု တောင်းသလဲဆိုရင် ဘုရားသခင်ဒီလေယာဉ်မောင်းတဲ့ သူရဲ့ဆုံးဖြတ်ချက်မှန်ကန်ပါစေလို့ ဆုတောင်းနေမိတယ်၊ ဘာဖြစ်လို့လည်းဆိုတော့ အစ်မမှာလေယာဉ်မယ်သူငယ်ချင်းတွေရှိတယ်၊ သူတို့ပြောပြတာ အစ်မကြားဖူးတယ်။ လေယာဉ်တစ်စီးလုံးမှာပါတဲ့အသက်တွေက သူ့လက်ထဲမှာဖြစ်သွားပြီ၊ ဘုရားသခင်သူရဲ့ ဆုံးဖြတ်ချက်မှန်ကန်ပါစေ၊ သူ့ကိုကိုယ်တော်ရှင်ဘုရားစောင့်ရှောက်ပါဆိုပြီး အဲ့ဒီလိုပဲအပ်နှံလိုက်တယ်"ဟု ထိုအချိန်ကသူမ၏စိတ်အစဉ်တွင်ဖြစ်ပေါ်ခဲ့သည်များကို ပြောပြပါသည်။

ထို့ပြင်လေယာဉ်မှူးကြီး၏ကျွမ်းကျင်ပိုင်နိုင်မှုကိုလည်း သတိတရဖြင့် "အောက်ဆင်းတဲ့အချိန်မှာတာကယ်ကို ညင်ညင်သာသာကိုဆင်းသွားတာသိလား။ လေယာဉ်ထဲမှာ ခံစားနေရတာကလေ . . အရမ်းကိုငြိမ်တာ၊ ခါတိုင်းအရှိန်နဲ့ ဆင်းတာလောက်တောင်မခံစားရဘူး၊ အရမ်းငြိမ်တာ။ ပြေးလမ်းကိုအရှည်ကြီးလည်းမသွားလိုက်ရဘူး။ ပြေးလမ်းကိုအရှည်ကြီးမသွားလိုက်ရဘဲရပ်သွားတဲ့အချိန်မှာဟာ . . ငါတို့အသက်ရှင်တယ်ဆိုပြီး လက်ခုပ်တွေတီးကြတာ" ဟုဆိုပါသည်။

အခုတော့ဖြင့်ထိုအဖြစ်အပျက်များကအိပ်မက်ပမာ၊ လေယာဉ်မှူးကြီး၏ကျွမ်းကျင်ပိုင်နိုင်သည့်ဆုံးဖြတ်ချက်၊ အဖွဲ့သားများ၏တာဝန်ကျေပွန်မှု၊ ခရီးသည်များ၏ ပူးပေါင်းပါဝင်မှု ကျွမ်းကျင်ပိုင်နိုင်မှုတို့ကြောင့်ပင်ဖြစ်သည်။ ထို့ကြောင့်ပင်ဝိုင်းဝန်းဂုဏ်ပြုကြသည်ကိုတွေ့ရကြားရပါသည်။

***နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဒေါ်အောင်ဆန်းစုကြည်ကလည်း လေယာဉ်မှူးကြီးနှင့်အဖွဲ့သားများကိုချီးကျူးဂုဏ်ယူစွာဖြင့် ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ချီးမြှင့်သည်။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ကလည်း လေယာဉ်မှူးကြီးနှင့် အဖွဲ့သားများ၏ စွမ်းဆောင်နိုင်မှုအတွက် ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်သည်။*** မြန်မာအမျိုးသားလေကြောင်းနှင့်ခရီးသည်များကလည်းဂုဏ်ပြုပွဲကျင်းပပေးသည်။ အခြားသောအဖွဲ့များကလည်းဝိုင်းဝန်းဂုဏ်ပြုကြသည်။ ချီးကျူးဂုဏ်ပြုသံများက မြန်မာလေကြောင်းအသိုင်းအဝိုင်းသာမကပြည်ပမှပင်ကြားရပါသည်။ ချီးကျူးသံ၊ ဂုဏ်ပြုသံ များဖြင့်လည်း ဝေစည်နေခဲ့သည်။ ချီးကျူးဂုဏ်ပြုထိုက်သူကို ချီးကျူးဂုဏ်ပြုခြင်းသည်ကလည်း မင်္ဂလာတစ်ပါးပင်ဖြစ်ပါသည်။ ပို့ဆောင်ဆက်သွယ်သတင်းဂျာနယ်အဖွဲ့သားများကလည်း လေယာဉ်မှူးကြီးနှင့် အဖွဲ့သားများ၊ ခရီးသည်များကိုချီးကျူးဂုဏ်ပြုသောအားဖြင့် မှတ်တမ်းတင်ရေးသားဖော်ပြပေးလိုက်ရပါသည်။ ။

* * *

# နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် မေတ္တာရပ်ခံမှုနှင့် ဂျပန်ဝန်ကြီးချုပ်၏ကတိကဝတ်ကြောင့် ချေးငွေနှင့်နည်းပညာအကူအညီများ လုပ်ဆောင်ပေးနေခြင်းဟု ဂျပန်သံအမတ်ဆို

လက်ရှိ JICA အနေဖြင့် မြန်မာနိုင်ငံ၏လုပ်ငန်းကဏ္ဍအသီးသီး၏ဖွံ့ဖြိုးတိုးတက်ရေးတို့တွင် ချေးငွေနှင့်နည်းပညာတို့အား ကူညီပေးနေခြင်းမှာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့်ဂျပန်ဝန်ကြီးချုပ် ရှင်ဆိုအာဘေးတို့တွေ့ဆုံမှုတစ်ခုတွင်ပြောကြားခဲ့သောနိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏မေတ္တာရပ်ခံမှု ဂျပန်ဝန်ကြီးချုပ်၏ ကတိကဝတ်တို့ကို အကောင်အထည်ဖော်ပေးနေခြင်းဖြစ်သည်ဟု မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ် Mr.Ichiro Maruy က မေလ ၁၉ ရက်၊ စနေနေ့၌ရန်ကုန်ဘူတာကြီးတွင်ပြုလုပ်သော ရန်ကုန်–မန္တလေး ရထားလမ်းပိုင်းနှင့် ရန်ကုန်မြို့ပတ်ရထားလမ်းပိုင်းအဆင့်မြှင့်တင်ခြင်းစီမံကိန်းပန္နက်ရိုက်ခြင်းမင်္ဂလာအခမ်းအနားတွင်ပြောသည်။

၎င်းက “၂၀၁၆ ခုနှစ်အတွင်းက ကျွန်တော်တို့အစိုးရ ဝန်ကြီးချုပ်မစ္စတာအာဘေး ကိုယ်တိုင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဒေါ်အောင်ဆန်းစုကြည်ကိုတိုက်ရိုက်ကတိပြုထားတာ ရှိပါတယ်။ မြန်မာနိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အထူးသဖြင့် ပို့ဆောင်ရေးကဏ္ဍကို ဦးစားပေးပြီးတော့ အစွမ်းကုန်ကူညီပေးပါမယ်ဆိုတာက ကျွန်တော်တို့ဂျပန်အစိုးရရဲ့ ရပ်တည်ချက်ဖြစ်ပါတယ်လို့ ကျွန်တော်တို့ဂျပန်အစိုးရဝန်ကြီးချုပ်မစ္စတာအာဘေးက ကတိပြုပါတယ်။ အဲဒီကတိပြုတဲ့အတွက် ကတိပြုခဲ့တဲ့အတိုင်း ဒီနေ့စီမံကိန်း အင်မတန်မှအရေးကြီးတဲ့စီမံကိန်း အကောင်အထည်ဖော်နိုင်တဲ့အတွက် အထူးဝမ်းသာပါတယ်ခင်ဗျာ” ဟု ပြောသည်။

ရန်ကုန်မြို့ပြသယ်ယူပို့ဆောင်ရေးဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်သည် မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ကဏ္ဍတစ်ခုဖြစ်သည်။ ထို့အပြင် ရန်ကုန်–မန္တလေး ရထားလမ်းစီမံကိန်း၊ ရန်ကုန်မြို့ပတ်ရထားလမ်းစီမံကိန်းတို့သည် မြန်မာပြည်သူလူထုအတွက် နိုင်ငံတော်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကစီမံကိန်းဖြစ်ပြီး အင်မတန်အရေးကြီးသောစီမံကိန်းတစ်ခုဖြစ်ကြောင်း ဂျပန်–မြန်မာ အစိုးရနှစ်ရပ်လုံးက သဘောတူသော အချက်တစ်ခု ဖြစ်သည်။ ထိုကဲ့သို့အရေးပါသောစီမံကိန်းတစ်ရပ်ကို ဖော်ဆောင်နိုင်လာပြီဖြစ်တဲ့အတွက် ဂျပန်နိုင်ငံအနေဖြင့်လည်း အလွန်ဂုဏ်ယူမိကြောင်း သိရသည်။

ထိုကဲ့သို့ ကြီးမားသောစီမံကိန်းတစ်ခုအား လုပ်ဆောင်ရာတွင် ကြီးမားသောစိန်ခေါ်မှု တစ်ချို့ ရှိနေလိမ့်မည်ဖြစ်သည်။ ၎င်းတို့မှာ **ပြည်သူလူထုအတွက် အကျိုးအမြတ်ရှိရတယ်။ ပြည်သူလူထုက အဲဒီစီမံကိန်းကနေ အကျိုးအမြတ်ခံစားနိုင်တယ်၊ အဲဒီလိုမျိုးစီမံကိန်းဖြစ်ရမယ်၊ ၎င်းစီမံကိန်းသည် ကြီးမားသော်လည်း ပတ်ဝန်းကျင်နဲ့အရမ်းကို friendly ဖြစ်တယ်၊ ပတ်ဝန်းကျင်ထိခိုက်မှု လုံးဝမရှိပါဘူးဆိုတာက အရမ်းအရေးကြီးတယ်ဆိုတာတွေပဲ ဖြစ်ပါတယ်။** အဲဒါတွေကိုလည်း မြန်မာအစိုးရကစဉ်းစားထားမယ်လို့လည်း နားလည်ကြောင်း၊ အဲဒီလိုစီမံကိန်းမျိုးဖြစ်လာမည်လို့လည်း ယုံကြည်ကြောင်း၊ ဂျပန်နိုင်ငံဘက်ကလည်း ပူးပေါင်းပါဝင်လုပ်ဆောင်နိုင်မှာဖြစ်တဲ့အတွက်လည်း အင်မတန်မှ ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း ဂျပန်သံအမတ်က ဆက်လက်ပြောသွားသည်။

ရန်ကုန်တိုင်းဒေသကြီး၏ဝန်ကြီးချုပ်ဦးဖြိုးမင်းသိန်းကလည်း “ဒီကနေ့ဟာ ရန်ကုန်မြို့တော် ဖွံ့ဖြိုးတိုးတက်ရေးနဲ့ နိုင်ငံတစ်နိုင်ငံလုံးအတွက် အဓိကဆက်သွယ်နေတဲ့ ရန်ကုန်–မန္တလေးရထားလမ်းကြီးကို အဆင့်မြှင့်တင် ဆောင်ရွက်ပြုပြင်ဖို့အတွက် မြန်မာ့မီးရထားဘက်ကနေ ကြိုးပမ်းဆောင်ရွက်လာတာဖြစ်တဲ့အတွက် ကျွန်တော့်အနေနဲ့ အင်မတန်ဝမ်းသာ ဂုဏ်ယူပါကြောင်း ပြောကြားလိုပါတယ်။ ဒီလိုဖြစ်မြောက်လာဖို့ အတွက် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာနဘက်ကနေ JICA နဲ့ အကူအညီပေးနေတဲ့ပူးပေါင်း ဂျပန် ကုမ္ပဏီတွေနဲ့ညှိနှိုင်းပြီး ဒီရထားလမ်းကြီးအမြန်ဆုံးပြုပြင်နိုင်ဖို့အတွက် ကျွန်တော်တို့ကြိုးပမ်း ဆောင်ရွက်နိုင်တဲ့အတွက်လည်း ပြည်ထောင်စုဝန်ကြီးဌာနကို ကျေးဇူးအထူးတင်ရှိကြောင်း ပြောကြားလိုပါတယ်”ဟု ပြောသည်။ ထို့အပြင် ရန်ကုန်မြို့အားဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် လုပ်ဆောင်နေကြရာတွင် လမ်းပန်းဆက်သွယ်ရေးသည် နံပါတ်တစ်ကိစ္စဖြစ်သည်။ ရန်ကုန်မြို့နှင့် ကျေးလက်ဒေသများအား ချိတ်ဆက်နိုင်ရန်အတွက်ကြိုးပမ်း ဆောင်ရွက်နေသည်။ ထိုအထဲတွင် ယခုအခါ မြို့ပတ်ရထားလမ်း အဆင့်မြှင့်တင်ပြုပြင်မှုအား ဆောင်ရွက်နေပြီဖြစ်သည်။ ထို့အတူ အချိန်နှင့်တစ်ပြေးညီ ပြုပြင်ဆောင်ရွက်နေမှုများနှင့် တိုးတက်လာမှု လစဉ်မှတ်တမ်းများကို မြန်မာ့မီးရထားဘက်က အစီရင်ခံနေခြင်းများအတွက်လည်း ဂုဏ်ယူမိသည်။ ကျေးလက်နှင့်မြို့ပြအားလုံး ချိတ်ဆက်ရာတွင် ရထားလမ်းနှင့် ချိတ်ဆက်ခြင်းလည်း ပါဝင်သည်။ ရန်ကုန်မြို့တွင်း နေ့စဉ်ခရီးသွားလာနေသူဦးရေ မှာ ၂ ဒသမ ၅ သန်းခန့်ရှိပြီး ရထားစီးနှင်း လိုက်ပါသူဦးရေမှာ ငါးသောင်းနှင့် ခြောက်သောင်းကြားရှိသည်။ ရထားစီးနင်းအသုံးပြုမှု အများဆုံးကာလတွင် ရှစ်သောင်းခန့်ရှိသည်။ ထို့ကြောင့် ရထားကဏ္ဍ အဆင့်မြှင့်တင် ဆောင်ရွက်ရန် လိုအပ်နေခြင်းဖြစ်သည်။ခရီးသွားလာမှု အဆင်ပြေချောမွေ့ စေရေးမျှော်လင့်ပါကြောင်းမျှော်လင့်ချက်ဖြင့် တိုင်းဒေသကြီးအစိုးရ၊ မြန်မာ့မီးရထားနှင့် JICA တို့ ပူးပေါင်းညှိနှိုင်းဆွေးနွေး ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် ဘူတာရုံများသည် ခရီးသွားလာမှုတစ်ခုတည်းအတွက်သာမဟုတ်ဘဲ ပတ်ဝန်းကျင်ကောင်းတစ်ခုမှာ ဝင်ဆံ့လာစေသော စင်တာတစ်ခုကဲ့သို့ဖြစ်လာစေပြီး မြို့ပြ အိမ်ရာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်ပါ ဆက်စပ်လုပ်ဆောင်သွားကြဖို့ စီစဉ်ဆောင်ရွက်နေသည်။ ကားလမ်းများမှမီးပွိုင့်တို့နှင့် ရထားလမ်းများမှမီးပွိုင့်တို့ချိတ်ဆက်ပြီး ယာဉ်ကြောပိတ်ဆို့မှု လျော့နည်းသွားစေရေးအတွက်ကိုလည်း ကြိုးပမ်းဆောင်ရွက်နေသည်။ ၎င်းဆောင်ရွက်မှုသည် ရန်ကုန်မြို့၏ လူနေမှုဘဝအားများစွာ အထောက်အကူပြုစေမည်ဖြစ်သည်။ ထို့ကြောင့် မြို့ပတ်ရထားလမ်းများပိုမို အဆင့်မြှင့်လာနိုင်ပြီး မြို့ပတ်ရထားလမ်းမှတစ်ဆင့် ပြည်သူများအားလုံးသည် ကားလမ်းနှင့်ရေကြောင်းလမ်းများသို့ စနစ်တကျချိတ်ဆက်သွားလာနိုင်ကြရန် ကြိုးစားဆောင်ရွက်နေသည်”ဟု ဝန်ကြီးချုပ်၏ပြောကြားချက်အရသိရသည်။

ထို့အပြင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၏ ရန်ကုန်မြို့ပတ်ရထားလမ်း အဆင့်မြှင့်တင်ရေးစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်မှုများ အစီရင်ခံစာတွင်လည်း ပြည်ထောင်စုဝန်ကြီးဦးသန့်စင်မောင်က ရန်ကုန်မြို့တော်၏ ယာဉ်ကြောကြပ်တည်းမှုအား ရန်ကုန်လူထုမြို့ပြရထားပို့ဆောင်ရေးစီမံကိန်း တောင်–မြောက်လမ်းပိုင်းနှင့် အရှေ့–အနောက်လမ်းပိုင်းများ တည်ဆောက်ရေး အမြန်ဘတ်စ်ကား စနစ်ပြေးဆွဲရေး YBS များ၏ဝန်ဆောင်မှုများ ကောင်းမွန်ရေး ခေတ်မီအချက်ပြစနစ်များ တပ်ဆင်ရေးတို့ကို ဆောင်ရွက်နိုင်မှသာ အထိုက်အလျောက်လျော့ချ နိုင်မည်ဖြစ်ရာ မြို့တော်၏ယာဉ်ကြောကြပ်တည်းမှု ဖြေရှင်းရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်ရန်အတွက် ရန်ကုန်မြို့ပတ်ရထားလမ်းစီမံကိန်းကို အဆင့်မြှင့်တင် ဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားထားသည်။ ဇော်ဦး

# နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲကလေးငယ်များကို တစ်ယောက်လျှင် အမေရိကန် ဒေါ်လာတစ်ထောင် အကုန်အကျခံပြီး ကုသပြုပြင်ပေးမည်




မြန်မာနိုင်ငံတွင် ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းကဏ္ဍ၌ ရင်းနှီးမြှုပ်နှံလုပ်ကိုင်နေသည့် PTTEP လုပ်ငန်းသည် ရင်းနှီးမြှုပ်နှံလုပ်ကိုင်သည့်သက်တမ်း နှစ်သုံးဆယ်ပြည့်သည့်အထိမ်းအမှတ်အဖြစ် Alliance for Smile သို့ ကလေးအယောက်တစ်ရာအတွက် အမေရိကန်ဒေါ်လာတစ်သိန်း လှူဒါန်းပြီးလုပ်ဆောင်သွားမည်ဟုသိရသည်။

“PTTEP Myanmar Asset 100 Smile Project” အဖြစ် လုပ်ကိုင်မည်ဖြစ်ပြီး Alliance for Smile ဆိုသည်မှာ အမေရိကန်ပြည်ထောင်စုအခြေစိုက် နိုင်ငံတကာမှ ဆင်းရဲနွမ်းပါးသော ကျန်းမာရေးချို့တဲ့သည့် ကလေးငယ်များကို ကူညီပေးနေသည့် အကျိုးအမြတ်မယူအဖွဲ့အစည်းတစ်ခုဖြစ်သောကြောင့် ယခုစီမံကိန်းကို PTTEP က Alliance for Smile အားအလှူငွေလှူဒါန်းပြီးအကောင်အထည်ဖော်ဆောင်ရွက်ခြင်း ဖြစ်သည်။ Alliance for Smile အဖွဲ့တွင်ကျန်းမာရေးဆိုင်ရာပညာရှင်များပါဝင်ပြီး ၎င်းတို့၏ ခွဲစိတ်အထူးကုဆရာဝန်များနှင့် ရန်ကုန်၊ ဝိတိုရိယ ဆေးရုံမှ ခွဲစိတ်အထူးကုဆရာဝန်တို့ကပူးပေါင်းကူညီဆောင်ရွက်သွားကြမည် ဖြစ်သည်။

ဆေးရုံ၊ ဆေးခန်းအားနည်းမှုနှင့် နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲရောဂါအများဆုံးဖြစ်ကြသည့်ဒေသများကို ဦးစားပေးရွေးချယ်ထားသောကြောင့် ယခုအကြိမ်တွင် ရန်ကုန်၊ မြိတ်၊ မြစ်ကြီးနား၊ စစ်ကိုင်းတို့၌ ကုသပေးသွားမည်ဖြစ်သည်။ ထို့ကြောင့် မိဘ၊ အုပ်ထိန်းသူများအနေဖြင့် မိမိတို့၏ကလေးငယ်မှာ နှုတ်ခမ်းကွဲဖြစ်နေပါက အသက် ၆ လ ပြည့်ပြီးလျှင်လည်းကောင်း၊ အာခေါင်ကွဲဖြစ်နေပါက အသက် ၁၀ လပြည့်ပြီးလျှင်လည်းကောင်း၊PTTEP Myanmar Asset ၏ ဖုန်းနံပါတ် – ၀၁ ၆၅၂၇၀၀ ext; ၂၈၄၅သို့လည်းကောင်း၊ အီးမေးလိပ်စာ suphachittrat@pttep.com သို့ အောက်တိုဘာလကုန် နောက်ဆုံးထားပြီး ဆက်သွယ်လျှောက်ထားနိုင်သည်။

မြန်မာနိုင်ငံတွင် PTTEP သည် ၁၉၈၈ ခုနှစ်မှစတင်ပြီး ရင်းနှီးမြှုပ်နှံလုပ်ကိုင်ခဲ့သည်မှာ နှစ်သုံးဆယ်ရှိပြီဖြစ်သည် PTTEP သည် ထိုင်းနိုင်ငံ၏ Stock Exchange တွင် ထိပ်တန်းလုပ်ငန်း ၁၀ ခု စာရင်းဝင်ဖြစ်ပြီး နိုင်ငံတကာရှိ ၎င်းတို့၏လုပ်ငန်းများတွင် စုစုပေါင်းလုပ်သား ၄၀၀၀ခန့်ဖြင့် လုပ်ကိုင်လျက်ရှိသည်။ ထို့အပြင် ကမ္ဘာတစ်ဝှမ်းတွင် အချိန် ၃ မိနစ်၌ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲကလေးငယ်တစ်ဦးမွေးဖွားနေသည်။ မြန်မာနိုင်ငံတွင်လည်းကလေးငယ် ၃၅၀ ခန့်မွေးဖွားပြီဆိုလျှင် နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲကလေးငယ် တစ်ဦးနှုန်းပါဝင်နေကြောင်း ကမ္ဘာ့ကျန်းမာရေးစစ်တမ်းများအရ သိရှိရသောကြောင့် ယခုစီမံကိန်းအား အကောင်အထည်ဖော်ရခြင်းဖြစ်သည်ဟုသိရသည်။ ဇော်ဦး

# ကျောင်းကျန်းမာရေးလုပ်ငန်းများပိုမိုကောင်းမွန်တိုးတက်ရေး နှီးနှောဆွေးနွေးဖလှယ်ပွဲ မကြာမီကျင်းပဆောင်ရွက်သွားမည်

ကျောင်းနေအရွယ်ကလေးငယ်များ အားကစားလှုပ်ရှားလေ့ကျင့်ခြင်း၊ အာဟာရဖွံ့ဖြိုးရေးနှင့်ကျောင်းကျန်းမာရေး လုပ်ငန်းများ ပိုမိုကောင်းမွန်တိုးတက်ရေးနှီးနှောဆွေးနွေး ဖလှယ်ပွဲကြီးတစ်ခုကို မကြာမီကျင်းပဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးဒေါက်တာမြင့်ထွေးကပြောသည်။

မေလ (၁၆)ရက်က ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာန ရုံးအမှတ် (၃၁)၌ ကျင်းပပြုလုပ်လျက်ရှိသည့် (၂၀၁၈) ခုနှစ်၊ အောက်တိုဘာလမှ (၂၀၁၉) ခုနှစ် မတ်လအထိ (၆)လတာကာလအတွင်း အားကစားနှင့်ကာယပညာဦးစီးဌာန၏ လုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းများ သုံးသပ်ညှိနှိုင်းအစည်းအဝေး ဒုတိယနေ့သို့တက်ရောက်ရာတွင်ယင်းသို့ပြောကြားခဲ့ခြင်းဖြစ်သည်။

အဆိုပါအစည်းအဝေးတွင်ပြည်ထောင်စုဝန်ကြီးက ဝန်ကြီးဌာနအနေဖြင့်အားကစားအောင်နိုင်ရေးအတွက်သာမကပြည်သူများကျန်းမာသန်စွမ်းရေးလုပ်ငန်းများကိုလည်း ဦးစားပေးသတ်မှတ် ဆောင်ရွက်လျက်ရှိပြီး ပညာရေးဝန်ကြီးဌာနနှင့် ပူးပေါင်း၍ကျောင်းနေ အရွယ်ကလေးငယ်များအားကစားလှုပ်ရှားလေ့ကျင့်ခြင်း၊ အာဟာရဖွံ့ဖြိုးရေးနှင့် ကျောင်းကျန်းမာရေး လုပ်ငန်းများပိုမိုကောင်းမွန်တိုးတက်ရေး နှီးနှောဆွေးနွေး ဖလှယ်ပွဲကြီးတစ်ခုကိုလည်း မကြာမီကျင်းပဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ထည့်သွင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

ထို့ပြင်ပြည်ထောင်စုဝန်ကြီးက Outdoor Fitness Equipment များ တပ်ဆင်ထားရှိရာတွင် ပြည်သူများပိုမိုအသုံးပြု အားကစား လေ့ကျင့်နိုင်ရန်အတွက် အရိပ်ရ၍ သက်တောင့်သက်သာ အားကစား ပြုလုပ်နိုင်မည့်နေရာများတွင်သာ ရွေးချယ် တပ်ဆင်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်းလည်းထည့်သွင်းပြောကြားခဲ့သည်။

အစည်းအဝေးသို့ တက်ရောက်လာကြသည့် အားကစားနှင့်ကာယပညာဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများက ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ်များတွင် အားကစားလုပ်ငန်းများယခုထက် ပိုမိုအောင်မြင်စေရန်ဆောင်ရွက်ရန် ကိစ္စရပ်များ၊ အားကစားကွင်းများ Synthetic ပြေးလမ်းများအသစ်ဆောက်လုပ်ရေးကိစ္စရပ်များ၊ ဖွဲ့စည်းပုံများတိုးချဲ့ ပြင်ဆင်နိုင်ရေး ကိစ္စရပ်များ၊ ကိုယ်လက်လှုပ်ရှား အားကစားကို ပြည်သူများ ပိုမိုလိုက်စားဆောင်ရွက်နိုင်ရေး ဆောင်ရွက်နေမှုများ၊ တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးရှိ မြို့နယ်များတွင် ပြည်သူများအတွက် Outdoor Fitness Equipment များ တပ်ဆင်ထားရှိမှု အခြေအနေများ၊ ဝန်ထမ်းရေးရာကိစ္စရပ်များနှင့် အထွေထွေကိစ္စရပ်များကိုတင်ပြခဲ့ကြောင်းသိရသည်။ ES

# အူရီဒူးမြန်မာ၏ အမှုဆောင်အရာရှိချုပ် အသစ်ခန့်အပ်ကြောင်း ထုတ်ပြန်



အူရီဒူးမြန်မာ၏ ယခင်အမှုဆောင်အရာရှိချုပ် Mr. Vikram Sinha ၏ နေရာတွင် Mr. Rajeev Sethi အား အူရီဒူးမြန်မာ၏ အမှုဆောင်အရာရှိချုပ်အဖြစ် အသစ်ခန့်အပ်လိုက်ကြောင်း မေလ (၂၀)ရက်က အူရီဒူးမြန်မာက သတင်းထုတ်ပြန်ခဲ့သည်။

Ooredoo Group CEO ဖြစ်သူ Sheikh Saud Bin Nasser AI Thani က " Mr. Rajeev Sethi ကို အူရီဒူးမြန်မာက ကြိုဆိုကြောင်း သူဟာ ဆက်သွယ်ရေးကဏ္ဍရဲ့ နည်းပညာသစ်တွေနဲ့ ပြောင်းလဲမှုတွေကို ဖြစ်နေတဲ့ အချိန်ကာလမှာ အောင်မြင်မှုတွေရရှိဖို့ ဆက်လက်ပြီးလုပ်ဆောင်နိုင်လိမ့်မယ်ဆိုတာကို ကျွန်တော်တို့အားလုံးယုံကြည်ပါတယ် " ဟု ပြောသည်။

Rajeev သည် ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ Grameenphone တွင် အမှုဆောင်အရာရှိချုပ်အဖြစ် တာဝန်ထမ်းဆောင်သကဲ့သို့ ဆက်သွယ်ရေးနှင့်ဆက်စပ်နေသည့် နိုင်ငံတကာကုမ္ပဏီများစွာတွင် လုပ်သက် (၁၅)နှစ်မျှ တာဝန်ယူဆောင်ရွက်ခဲ့သည့်အပြင် စုစုပေါင်းလုပ်ငန်းအတွေ့အကြုံလုပ်သက် (၂၄)နှစ်ကျော်ရှိသည်။ Uninor India, Vodafone India, Hewlett Packard နှင့် Hutchison Telecom ကဲ့သို့သော အိန္ဒိယနိုင်ငံရှိ နိုင်ငံတကာကုမ္ပဏီများတွင် ခေါင်းဆောင်မှုအခန်းကဏ္ဍမှနေ၍ လုပ်ငန်းများကိုအောင်မြင်စွာ လုပ်ဆောင်နိုင်ခဲ့သည်။

ထို့ပြင် Airtel Africa ဒေသအတွင်း နိုင်ငံပေါင်း (၁၅)နိုင်ငံကို ကြီးကြပ်စီမံအုပ်ချုပ်ရသည့် Chief Commercial Officer ရာထူးဖြင့် Airtel Africa တွင် နောက်ဆုံးတာဝန်ထမ်းဆောင်ခဲ့ပါသည်။

ယခင် အူရီဒူးမြန်မာ၏ အမှုဆောင်အရာရှိချုပ်ဟောင်း Mr. Vikram Sinha သည် အူရီဒူးမြန်မာ၏ ဘုတ်အဖွဲ့ဝင်အဖြစ် ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

HM- ဆ-သ-ရ

# တယ်လီနောသည် TIKTOK ၏ မြန်မာနိုင်ငံအတွက် ပထမဦးဆုံးတရားဝင် မိတ်ဖက်ကုမ္ပဏီဖြစ်လာ

တယ်လီနောမြန်မာအနေဖြင့် မိုဘိုင်းလ်ဗီဒီယိုအတိုအထွာများ ဖန်တီးရိုက်ကူးနိုင်သည့် ကမ္ဘာ့ထိပ်တန်းအက်ပလီကေးရှင်းတစ်ခုဖြစ်သော TikTok နှင့် တရားဝင်ပူးပေါင်းဆောင်ရွက်နေပြီဖြစ်ကြောင်း ကြေညာလိုက်သည်။ ဤပူးပေါင်းဆောင်ရွက်မှုအရ တယ်လီနောမြန်မာသည် မြန်မာနိုင်ငံတွင် TikTok ၏ ပထမဦးဆုံး တရားဝင်မိတ်ဖက်ကုမ္ပဏီဖြစ်လာခဲ့သည့်အပြင် နိုင်ငံတစ်ဝှမ်းလုံးရှိ တယ်လီနောအသုံးပြုသူများ အနေဖြင့် "စိတ်ကြိုက်ကြည့်" ဒေတာအစီအစဉ်ကို ရယူလိုက်ရုံမျှဖြင့် TikTok အက်ပလီကေးရှင်း (၁)မဂ္ဂါဘိုက်လျှင် (၁)ကျပ်မျှနှုန်းထားဖြင့် အဆင်ပြေလွယ်ကူစွာ အသုံးပြုသွားနိုင်မည့် အစီအစဉ်သစ်ကို မေလ (၂၄)ရက်က ထုတ်ပြန်ကြေညာထားကြောင်း သိရသည်။

TikTok သည် ဖန်တီးနိုင်စွမ်းများ၊ အသိပညာများနှင့် နေ့စဉ်ဘဝတွင် အရေးပါသည့် ဖြစ်ရပ်များအား ရိုက်ကူးပုံဖော်၍ အခြားသူများနှင့် မျှဝေနိုင်သည်။ ၂၀၁၉ ခုနှစ် အစောပိုင်းအထိ TikTok အား ဈေးကွက်ပေါင်း (၁၅၀) ကျော်တွင် ဘာသာစကားပေါင်း (၇၅)မျိုးဖြင့် ရယူအသုံးပြုနေကြပြီဖြစ်သည်။ TikTok ကို iOS နှင့် Android (၂)မျိုးစလုံးတွင် အသုံးပြုနိုင်ပြီး ၂၀၁၈ ခုနှစ်အတွင်း ဒေါင်းလုတ်ရယူမှုအများဆုံး အက်ပလီကေးရှင်းများအနက် တစ်ခုလည်းဖြစ်သည်။

"တယ်လီနောက မြန်မာနိုင်ငံမှာ TikTok ရဲ့ ပထမဦးဆုံး တရားဝင်မိတ်ဖက်ကုမ္ပဏီ တစ်ခုဖြစ်လာတဲ့အတွက် အလွန်စိတ်လှုပ်ရှားမိကြောင်း ဆက်လက်၍ အခုဒီသဘောတူညီမှုကနေ ပိုမိုဆန်းသစ်တဲ့ ဝန်ဆောင်မှုများစွာကို ဖန်တီးပေးအပ်သွားမယ်လို့ ကတိပြုပြောကြားလိုပါတယ်" ဟု တယ်လီနောမြန်မာ၏ ဒစ်ဂျစ်တယ်ဝန်ဆောင်မှုပိုင်းဆိုင်ရာ အကြီးအကဲ Chan May Ling ကပြောကြားခဲ့သည်။




ယခုအစီအစဉ်အတွက် "စိတ်ကြိုက်ကြည့်" အစီအစဉ်အား *7799*1# သို့ ဖုန်းခေါ်ဆို၍ ဖြစ်စေ၊ My Telenor app နှင့် WowBox မှ တစ်ဆင့်ဖြစ်စေ အပတ်စဉ် ကျသင့်ငွေ (၄၉၉) ကျပ်နှုန်းထားဖြင့် အလွယ်တကူ စာရင်းပေးသွင်းရယူနိုင်မည်ဖြစ်ကြောင်းလည်း သိရှိရသည်။

HM - ဆသရ

# MPT မှ မိနစ်များများဖုန်းခေါ်ဆိုနိုင်မည့် အကြိုက်ပြော Voice Pack ကို မိတ်ဆက်

MPT က နိုင်ငံတစ်ဝှမ်းရှိ သုံးစွဲသူများအတွက် (၁)မိနစ်လျှင် (၆)ကျပ်နှုန်းသာကျသင့်မည့် " အကြိုက်ပြော" Voice Pack ဝန်ဆောင်မှုကို မေလ (၆)ရက်မှ စတင်အသုံးပြုနိုင်ပြီဖြစ်ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။

MPT ၏ GSM/ WCDMA သုံးစွဲသူများအနေဖြင့် အဆိုပါ Voice Pack ကို မိမိတို့နှစ်သက်ရာ (၇)ရက်၊ ရက် (၃၀)၊ ရက် (၉၀)ဟူ၍ နှစ်သက်ရာရွေးချယ်ပြီး *600# သို့ ခေါ်ဆိုခြင်းဖြင့် ဈေးနှုန်းသက်သာ၍ ပိုမိုကောင်းမွန်သော Voice ပက်ကေ့ချ်များကို စိတ်တိုင်းကျရွေးချယ်သုံးစွဲနိုင်မည်ဖြစ်ပြီး MPT အချင်းချင်း (ကြိုးဖုန်းအပါအဝင်) ဖုန်းခေါ်ဆိုမှုများကို ပြုလုပ်နိုင်ပြီဖြစ်သည်။

MPT- KSGM Joint Operations ၏ စီးပွားရေးဌာနကြီးမှ အရာရှိချုပ်ဖြစ်သူ Mr.Reizo Umeda က " အကြိုက်ပြော" Voice Pack ဝန်ဆောင်မှုကနေတစ်ဆင့် ပြည်သူတွေရဲ့ဆက်သွယ်ရေးဆိုင်ရာ လိုအပ်ချက်တွေကို ဖြည့်ဆည်းပေးနိုင်မယ်လို့ မျှော်လင့်နေပါတယ်" ဟု ပြောကြားခဲ့သည်။

ဆက်လက်၍ ဝန်ဆောင်မှုများနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက MPT ၏ Call Centre နံပါတ် ၁၀၆ သို့ ခေါ်ဆိုခြင်း သို့မဟုတ် MPT ၏ တရားဝင်ဝက်ဘ်ဆိုက်ဖြစ်သည့် www. mpt.com.mm ကို မေးမြန်းနိုင်ကြောင်း သိရသည်။

HM- ဆ-သ-ရ

# Mytel ၏ ဆန်းသစ်ပြီး စိတ်ဝင်စားစရာကောင်းသောဝန်ဆောင်မှုများကြောင့် ဈေးကွက်အတွင်းခိုင်မာစွာထိုးဖောက်ဝင်ရောက်လာနိုင်

Mytel သည် ဆန်းသစ်တီထွင်မှုရှိပြီး အထူးစိတ်ဝင်စားစရာကောင်းသော ထုတ်ကုန်များနှင့် ဝန်ဆောင်မှုများယူဆောင်မိတ်ဆက်ပေးခြင်းဖြင့် မြန်မာနိုင်ငံဈေးကွက်အတွင်း ခိုင်မာသောရပ်တည်မှုတစ်ခုကို ရရှိထားပြီးဖြစ်သည်။ ကမ္ဘာလုံးဆိုင်ရာ ဈေးကွက်သုတေသနအဖွဲ့အစည်းဖြစ်ပြီး မြန်မာနိုင်ငံတွင်လည်းလေ့လာမှုများလုပ်ဆောင်နေသော Kantar TNS သည် ဇန်နဝါရီလမှ မတ်လ၊ ၂၀၁၉ ခုနှစ် ကာလအတွက် မြန်မာတစ်နိုင်ငံလုံးအတိုင်းအတာနှင့် လေ့လာမှုများပြုလုပ်ခဲ့ရာ တစ်နှစ်နီးပါးသာလုပ်ငန်းသက်တမ်းရှိသည့် မြန်မာနိုင်ငံ၏ စတုတ္ထမြောက်လိုင်စင်ရအော်ပရေတာ Mytel အတွက် ဂုဏ်ယူစရာရလဒ်များမြင်တွေ့ခဲ့ရကြောင်း မေလ (၁၆)ရက်က ထုတ်ပြန်ကြေညာထားကြောင်း သိရသည်။

လေ့လာတွေ့ရှိချက်များအရ Mytel သည် Net Promote Score ဖြစ်သော ဝန်ဆောင်မှုများအား သုံးစွဲသူများမှ ကြိုက်နှစ်သက်မှုရှိမရှိ ဆုံးဖြတ်သော ရမှတ် + 11 ဖြင့် သုံးစွဲသူများမှ စိတ်ကျေနပ်မှုအရရှိဆုံးကွန်ရက်အဖြစ် သတ်မှတ်ခြင်းခံရသည်။ ကမ္ဘာလုံးဆိုင်ရာအတွက် Kantar မှ ချမှတ်ထားသော NPS benchmark မှာ 4.5 ဖြစ်ပြီး အရှေ့တောင်အာရှဒေသအတွက်မှာ - 9 ဖြစ်သည်။ Mytel အနေဖြင့် NPS + 11 ရရှိခဲ့ခြင်းကြောင့် ကမ္ဘာလုံးဆိုင်ရာနှင့်အရှေ့တောင်အာရှ benchmarks နှစ်ခုစလုံးထက် သာလွန်နေသည်ကိုမြင်တွေ့ရသည်။

Kantar ၏ လေ့လာချက်များအရ ဈေးကွက်အတွင်းဝန်ဆောင်မှုပေးနေသော ဆက်သွယ်ရေးအော်ပရေတာများနှင့် နှိုင်းယှဉ်ကြည့်လျှင် Mytel သုံးစွဲသူများသည် Mytel ၏ ဈေးနှုန်းထား (ဖုန်းခေါ်ဆိုမှုနှင့်ဒေတာ)၊ ဒေတာလွှမ်းခြုံနိုင်မှုနှင့် အင်တာနက်မြန်နှုန်း၊ ပရိုမိုးရှင်းများနှင့် အစီအစဉ်များစွာရရှိနိုင်မှု စသည့် ဝန်ဆောင်မှု (၃)ခုအပေါ် စိတ်ကျေနပ်မှုအရှိဆုံးဟု ထုတ်ပြန်ထားသည်။

Mytel ၏ လက်ရှိဈေးကွက်ထဲတွင် မိတ်ဆက်ပေးနေသော ပရိုမိုးရှင်းအစီအစဉ်များသည် တမူထူးခြားပြီးဆန်းသစ်မှုရှိသောကြောင့် ကွန်ရက်ကိုအခိုင်အမာသုံးစွဲသူ (၅)သန်းကျော် ရရှိစေခဲ့ခြင်းဖြစ်သည်။

Mytel က သုံးစွဲသူတွေနဲ့ကောင်းမွန်တဲ့ ဆက်ဆံရေးကိုအထူးအလေးထားပြီး လိုအပ်ချက်တွေကို ဖြည့်ဆည်းပေးကာ မြန်မာနိုင်ငံဈေးကွက်မှာ သုံးစွဲသူတွေကို ဂရုအစိုက်ဆုံးနဲ့ခေတ်မီဆန်းသစ်သော ဆက်သွယ်ရေးအော်ပရေတာအဖြစ် ဆက်လက်ရှေ့ဆက်သွားမှာဖြစ်ပါတယ်ဟု Mytel ၏ ပြင်ပဆက်ဆံရေးအမှုဆောင်အရာရှိချုပ်ဖြစ်သူ ဦးဇော်မင်းဦးမှ ပြောကြားခဲ့ကြောင်း သိရသည်။

HM- ဆ-သ-ရ

# MPT က သောက်သုံးရေအခက်အခဲဖြစ်နေသည့် ရွာပုလဲကျေးရွာအတွက် စက်ရေတွင်း လွှဲပြောင်းလှူဒါန်း

MPT မှ " နှလုံးသားထဲက မြန်မာ" အစီအစဉ်၏ အစိတ်အပိုင်းတစ်ခုအဖြစ် စက်ရေတွင်းလွှဲပြောင်းလှူဒါန်းပွဲကို လွန်ခဲ့သည့် မေလ (၈)ရက်က မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင်၊ ငါ့သရောက်မြို့နယ်ခွဲရှိ ရွာပုလဲကျေးရွာတွင် ကျင်းပပြုလုပ်ခဲ့ပါသည်။ MPT က "သန့်ရှင်းပြည့်ဖြိုး ရေအကျိုးအစီအစဉ်" ဖြင့် ရေရရှိရန်အခက်အခဲကြုံနေရသည့် နိုင်ငံအဝှမ်းမှ ဒေသခံလူမှုအဖွဲ့အစည်းသို့ စက်ရေတွင်းများတူးဖော်ခြင်းနှင့် ရေလှောင်ကန်များ တည်ဆောက်ပေးခြင်းဖြင့် သန့်ရှင်းသည့်သောက်သုံးရေ အရင်းအမြစ်များကို ထောက်ပံ့ပေးလျက်ရှိသည်။

ယခုစက်ရေတွင်းလှူဒါန်းမှုသည် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ဒေသခံ (၁,၀၀၀)ကျော် နေထိုင်လျက်ရှိသော ရွာပုလဲကျေးရွာမှ ဒေသခံများအတွက် တူးဖော်ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ပြီး ရွာသူရွာသားများအတွက် နေ့စဉ်ဘဝတွင် ပိုမိုလွယ်ကူအဆင်ပြေရန် ထောက်ပံ့ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ရွာပုလဲကျေးရွာ အုပ်ချုပ်ရေးမှူးဖြစ်သူ ဦးကံချွန်က ဒီရွာမှာနေထိုင်ကြသူတွေကတော့ ထန်းတောင်သူတွေနဲ့ ယာလုပ်ငန်းကိုပဲ အဓိကထားလုပ်ကိုင်ကြပြီး အရင်ကဆိုရင် နေ့စဉ်ရေရရှိနိုင်ဖို့ဆိုတာဟာ တကယ့်ကိုခက်ခက်ခဲခဲဆောင်ရွက်ကြရပါတယ်။ အခုလို MPT နဲ့ တာဝန်ရှိသူဝန်ထမ်းတွေ၊ အစိုးရတာဝန်ရှိသူတွေအပြင် အခုအစီအစဉ်မှာ ပါဝင်တဲ့သူတွေရဲ့ စေတနာနဲ့ထောက်ပံ့မှုတွေကြောင့် အခုလိုအောင်အောင်မြင်မြင် ဆောင်ရွက်နိုင်တာဖြစ်ပါတယ်။ ယခုဆိုရင် သန့်ရှင်းတဲ့ သောက်သုံးရေနဲ့အတူ ကျန်းမာတဲ့လူနေမှုဘဝကို ပိုင်ဆိုင်နိုင်တော့မှာဖြစ်လို့ အတိုင်းမသိဝမ်းသာပီတိဖြစ်ရပါတယ်ဟု ပြောကြားခဲ့သည်။

MPT အနေဖြင့် သန့်ရှင်းပြည့်ဖြိုးရေအကျိုးအစီအစဉ်ဖြင့် လွန်ခဲ့သည့် (၂)နှစ်အတွင်း စက်ရေတွင်းများနှင့် ရေကန်ပေါင်း (၃၀)ကို မန္တလေး၊ စစ်ကိုင်း၊ မကွေး၊ ပဲခူးတိုင်းအနောက်ပိုင်း၊ ဧရာဝတီ၊ ရန်ကုန်၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့ရှိ ရွေးချယ်ထားသည့်ဒေသများတွင် လှူဒါန်းတည်ဆောက်ပေးခဲ့ပြီး၊ ဒေသခံပေါင်း (၄,၇၀၀၀)ကျော်အတွက် သန့်ရှင်းသော သောက်သုံးရေ ရေအရင်းအမြစ်များ ထောက်ပံ့ပေးနိုင်ခဲ့ပြီဖြစ်ကြောင်း သိရှိရသည်။ HM- ဆ-သ-ရ



## Mr. Nguyen Thanh Nam မှ Telecom Asia Awards 2019 ၏ Telecom CEO of the Year ဆု ဆွတ်ခူးရရှိ

Mytel သည် ယခင် Mytel ၏ CEO အဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး ယခုလက်ရှိတွင် Viettel Group ၏ ဒုဥက္ကဋ္ဌရာထူးဖြင့်ဆောင်ရွက်နေသော Mr. Nguyen Thanh Nam အား Telecom Asia Awards 2019 တွင် Telecom CEO of The Year ဆုရရှိခဲ့သောကြောင့် အထူးဂုဏ်ယူကြောင်း မေလ (၂၁)ရက်က ထုတ်ပြန်ခဲ့သည်။ မကြာသေးခင်ကမှ Viettel Group ၏ ဒုဥက္ကဋ္ဌရာထူးကိုတိုးမြှင့်ခြင်းခံရသော Mr. Nguyen Thanh Nam သည် Mytel ၏ ရှေးဦးလုပ်ငန်းလည်ပတ်မှုများတွင် ကြီးမားသောပံ့ပိုးထောက်ပံ့မှုများပြုလုပ်ခဲ့ကြောင်း သိရသည်။

"အခုလို Telecom Asia Awards ရဲ့ ဦးဆောင်မှုကဏ္ဍအတွက် အသိအမှတ်ပြုခံရပြီး ဆုရရှိတဲ့အတွက် တကယ်ကိုဝမ်းသာဂုဏ်ယူမိကြောင်း ဒီဆုက ကျွန်တော်တစ်ယောက်ထဲကို ကိုယ်စားပြုတာမဟုတ်ပဲ Mytel နဲ့ ဝန်ထမ်းတွေ အားလုံးကိုလဲ ကိုယ်စားပြုပါတယ်။ ကျွန်တော့်အနေနဲ့ ဆက်သွယ်ချိတ်ဆက်ရေးဟာ လူ့အဖွဲ့အစည်းရဲ့စံချိန်စံနှုန်းကို မြှင့်တင်တဲ့နေရာမှာ အရမ်းအရေးပါတယ်လို့ယုံကြည်ပြီး မမေ့မလျော့ပဲပြောချင်တာကတော့ ဒီဆုအတွက် နောက်ဆုံး အဆင့်ထိ အသိအမှတ်ပြုရွေးချယ်ခံရတဲ့ကုမ္ပဏီများမှ ဦးဆောင်သူသုံးဦးကိုလည်း လေးစားစွာနဲ့ဂုဏ်ပြုချင်ပါတယ်" ဟု Mr. Nguyen Thanh Nam မှ ပြောကြားခဲ့သည်။

Mytel ၏ ပြင်ပဆက်ဆံရေးအမှုဆောင်အရာရှိချုပ် ဦးဇော်မင်းဦးမှ ဆုရရှိသွားသော Mr. Nguyen Thanh Nam အား ဂုဏ်ပြုစကားအဖြစ် Mytel ကို အခုထက်ပိုမိုအောင်မြင်ပြီး နိုင်မာကြီးထွားတဲ့ ကုမ္ပဏီတစ်ခုရပ်တည်သွားနိုင်ဖို့ ဆက်လက်လမ်းပြပေးနိုင်ပါစေလို့လည်း ဆုမွန်ကောင်းတောင်းပေးလိုက်ပါတယ်ဟု ပြောကြားခဲ့သည်။

Telecom Asia Awards 2019 တွင် Mytel ၏ အစုရှယ်ယာဝင်ဖြစ်သော Viettel (Viettel Business Solutions, A Viettel Group Company) သည် ဆန်းသစ်တီထွင်အပိုင်းကဏ္ဍအတွက် The Most Innovative Smart Cities Project ဆုရရှိခဲ့သည်။ လေးစားထိုက်သောဂုဏ်သရေရှိ အကဲဖြတ်ဒိုင်အဖွဲ့မှ သေချာစွာစိစစ်ရွေးချယ်ပေးပြီး အသိအမှတ်ပြုပေးခဲ့သည့်အတွက် Mytel နှင့် Viettel တို့မှ အထူးဝမ်းမြောက်ရသည့်အပြင် Telecom Asia Awards (ဒေသတွင်းအရှည်ကြာဆုံးသက်တမ်းရှိပြီး ဆက်သွယ်ရေးလောကအတွက် အထူးဂုဏ်ယူထိုက်သောဆုများချီးမြှင့်နေသည့် အဖွဲ့အစည်းကြီး)၏ လူအများရှေ့မှောက်ပေးအပ်ခဲ့သော အောင်မြင်မှုများကို ဂုဏ်ယူမဆုံးရှိနေမည်ဖြစ်သည်ကို သိရှိရသည်။

HM- ဆ-သ-ရ

# တယ်လီနောမှ မြန်မာလူငယ်များအတွက် အမ်ဘီအေပညာသင်ဆုများ ပေးအပ်သွားမည်

လူ့စွမ်းအားအရင်းအမြစ် လိုအပ်ချက်အား ဖြည့်ဆည်းပေးနိုင်ရန် ရည်ရွယ်ချက်ဖြင့် တယ်လီနောမြန်မာသည် မြန်မာနိုင်ငံမှလူငယ်များအတွက်အလုံးစုံ အမ်ဘီအေ ပညာသင်ဆုများအား ဒုတိယအကြိမ်မြောက် ထပ်မံပေးအပ်သွားမည်ဖြစ်သည်။ Myanmar Metropolitan College (MMC) နှင့် ပူးပေါင်း၍ အရည်အချင်းမြင့်မားသော ကျောင်းသား၊ ကျောင်းသူများအတွက် မဟာဗျူဟာမြောက် အိုင်စီတီစီမံခန့်ခွဲမှုဆိုင်ရာ စီးပွားရေးစီမံခန့်ခွဲမှုမဟာဘွဲ့ (အမ်ဘီအေ) သင်တန်းအား တက်ရောက်ရန် အလုံးစုံပညာသင်ဆုများအားပေးအပ်သွားမည်ဖြစ်သည့်အပြင် အဆိုပါ ကျောင်းသား၊ ကျောင်းသူများသည် MMC နှင့် ချိတ်ဆက်ထားသည့် ဆွစ်ဇာလန်နိုင်ငံရှိ University of Business and International Studies မှ အသိအမှတ်ပြု ချီးမြှင့်သည့် အမ်ဘီအေဘွဲ့လက်မှတ်ကိုပါ တစ်ပါတည်းရရှိသွားမည်ဖြစ်သည်။

တယ်လီနော အမ်ဘီအေ ပညာသင်ဆုအစီအစဉ်သည် မြန်မာနိုင်ငံတွင် ဒစ်ဂျစ်တယ်အခြေပြု စီးပွားရေးစနစ်တစ်ခုဖော်ဆောင်နိုင်ရန်အတွက် ခိုင်မာသော အခြေခံအုတ်မြစ်များအားဖန်တီးနိုင်ရန် တယ်လီနောမြန်မာမှ လုပ်ဆောင်လျက်ရှိသည့် စီမံကိန်းများ၏တစ်စိတ်တစ်ပိုင်းဖြစ်သည်။ တက္ကသိုလ်တွင် အမှတ်ကောင်းကောင်းဖြင့်အောင်မြင်ခဲ့ပြီး အိုင်စီတီနည်းပညာကို ရေရှည်နည်းလမ်းအဖြစ်အသုံးချကာ စီးပွားရေးလုပ်ငန်း သို့မဟုတ် လူမှုရေးလုပ်ငန်း သို့မဟုတ် အများနှင့်သက်ဆိုင်သော အဖွဲ့အစည်းများတည်ထောင်ရာတွင် ပါဝင်လိုစိတ်ပြင်းပြသူ၊ ပညာအထောက်အပံ့လိုအပ်သူ မြန်မာနိုင်ငံသားမည်သူမဆိုတယ်လီနော အမ်ဘီအေ ပညာသင်ဆုအစီအစဉ်အား လျှောက်ထားနိုင်သည်။ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလတွင် ဖွင့်လှစ်မည့်သင်တန်းအတွက် ပညာသင်ဆုအစီအစဉ်အား ဇွန်လ (၁၄)ရက်မတိုင်မီ အွန်လိုင်းမှလျှောက်ထားနိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံအနေနဲ့ ဒီထက်ပိုပြီးဖွံ့ဖြိုးတိုးတက်လာစေဖို့အတွက် အရည်အချင်းပြည့်ဝပြီး ကျွမ်းကျင်မှုမြင့်မားတဲ့ လုပ်သားအင်အားတစ်ခု လိုအပ်တယ်ဆိုတာ တယ်လီနောအနေနဲ့ သိရှိနားလည်ထားပြီး ကျွန်တော်တို့ရဲ့ အိုင်စီတီစီမံခန့်ခွဲမှုအထူးပြု အမ်ဘီအေပညာသင်ဆုဟာ အားကောင်းတဲ့ဒစ်ဂျစ်တယ်အသိုင်းအဝန်းတစ်ခုပေါ်ပေါက်လာစေဖို့ အခြေခံအုတ်မြစ်တစ်ခုဖြစ်တဲ့ မြန်မာနိုင်ငံရဲ့ အိုင်စီတီကဏ္ဍပိုမိုဖွံ့ဖြိုးတိုးတက်လာစေဖို့ သိသိသာသာကူညီထောက်ပံ့ပေးသွားနိုင်မယ်လို့ ယုံကြည်ပါတယ်ဟု တယ်လီနောမြန်မာ၏ Head of Business Sustainability and Special Projects of Telenor Myanmar ဖြစ်သူ ကိုမင်းသူက ပြောကြားခဲ့သည်။

ပထမအကြိမ် အမ်ဘီအေ ပညာသင်ဆုများအတွက် လျှောက်ထားသူပေါင်း (၄၀၀)ကျော်ရှိခဲ့ပြီး ၎င်းတို့အနက် မခိုင်ရတနာထွန်း၊ ကိုဖိုးသီဟထွန်း၊ ကိုနေမျိုးဝင်း၊ မနန်းပြည့်ပြီးသာနှင့် ကိုဟာရမ်သင်ကမ်တို့သည် ၂၀၁၈ ခုနှစ်အတွက် တယ်လီနော အမ်ဘီအေ ပညာသင်ဆုများအား ဆွတ်ခူးရရှိခဲ့ကြသည်။ အဆိုပါ ပထမအသုတ် အမ်ဘီအေသင်တန်းသည် ၂၀၂၀ ခုနှစ်၊ ဩဂုတ်လတွင် ပြီးဆုံးမည်ဖြစ်ပြီး လာမည့် လေးနှစ် (၂၀၁၈-၂၀၂၁) အတွင်း ကျောင်းသား၊ ကျောင်းသူပေါင်း (၂၀)ကျော်အား တယ်လီနော အမ်ဘီအေ ပညာသင်ဆုများချီးမြှင့်ပေးသွားရန်ရည်ရွယ်ထားကြောင်း သိရသည်။

ပညာသင်ဆုအား (https://bit.ly/2LButW5) မှတစ်ဆင့် လျှောက်ထားနိုင်စေရန် ဆောင်ရွက်ပေးထားသည့်အတွက် ကျောင်းသား၊ ကျောင်းသူများအနေနှင့် ပိုမိုအဆင်ပြေလွယ်ကူစွာ လျှောက်ထားနိုင်ကြောင်း၊ ပညာသင်ဆုနှင့်ပတ်သက်သည့် အသေးစိတ်အချက်အလက်များအား တယ်လီနောမြန်မာနှင့် Myanmar Metropolitan College တို့၏ Facebook စာမျက်နှာများတွင် ကြည့်ရှုနိုင်မည်ဖြစ်သည်။

HM- ဆ-သ-ရ

## အူရီဒူးမြန်မာက 5G ကွန်ရက်ဖြန့်ကြက်ရန် ZTE Corporation နဲ့ ပူးပေါင်း

အူရီဒူးမြန်မာနှင့် ZTE Corporation တို့ပူးပေါင်းပြီး 5G ကွန်ရက်ဖြန့်ကြက်ပေးနိုင်ရန်အတွက် နားလည်မှုစာချွန်လွှာကို မေလ (၁၅)ရက်က ရန်ကုန်မြို့တွင် လက်မှတ်ရေးထိုးခဲ့ကြသည်။ အဆိုပါ ပူးပေါင်းဆောင်ရွက်မှုသည် အူရီဒူးလုပ်ငန်းစု၏ ခေတ်နှင့်အမီကွန်ရက်ဖြန့်ကြက်ခြင်းအစီအစဉ်၏ တစ်စိတ်တစ်ပိုင်းဖြစ်ပြီး "5G ကဏ္ဍတိုးတက်ပြောင်း လဲဖော်ဆောင်ရေး"တွင် မြန်မာနိုင်ငံအနေဖြင့် အဆင်သင့်ဖြစ်စေရန် စနစ်တကျသေချာစွာလုပ်ဆောင်ပေးသွားမည်ဖြစ်သည်။

မြန်မာနိုင်ငံ၏ ဒစ်ဂျစ်တယ်စနစ်ကူးပြောင်းရေးခရီးစဉ်အတွက် ပံ့ပိုးကူညီမှုကို ပြသည့်အနေဖြင့် မြန်မာ့ 5G ကဏ္ဍအတွက် ဆောင်ရွက်ပေးရန် ZTE နှင့် လက်တွဲလုပ်ဆောင်တဲ့ ပထမဦးဆုံးသော ပူးပေါင်းဆောင်ရွက်မှုတစ်ခုဖြစ်သည်။

အူရီဒူးမြန်မာ၏ Acting CEO ဖြစ်သူ Mr. Alok Verma နှင့် ZTE Myanmar ၏ CEO ဖြစ်သူ Mr. YanChangzhi တို့မှ အူရီဒူးမြန်မာရုံးချုပ်တွင် အဖွဲ့အစည်းနှစ်ခု၏ အကြီးတန်းစီမံအုပ်ချုပ်သူများရှေ့မှောက်၌ နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးခဲ့ကြသည်။

ယခုပူးပေါင်းဆောင်ရွက်မှုသည် ZTE Corporation ၏ နည်းပညာကျွမ်းကျင်မှုကိုအသုံးပြုပြီး မြန်မာပြည်သူပြည်သားများအတွက် နိုင်ငံတကာအဆင့်မီ ဆက်သွယ်ရေးအခြေခံအဆောက်အအုံပြည့်စုံစေရန် အထောက်အပံ့ပေးမည့် အူရီဒူးမြန်မာ၏ ကြိုးစားအားထုတ်မှုကိုပံ့ပိုးပေးမည်ဖြစ်သည်ကို သိရှိရသည်။

အူရီဒူးမြန်မာ၏ Acting CEO ဖြစ်သူ Mr. Alok Verma က "အဆင့်မြင့်ဆက်သွယ်ရေးနည်းပညာကဏ္ဍမှာ ဦးဆောင်နေတဲ့ ZTE Corporation နဲ့ ဒီနေ့မှာပူးပေါင်းဆောင်ရွက်ခွင့်ရရှိမှုကို ဝမ်းမြောက်မိကြောင်း ဒစ်ဂျစ်တယ်လူနေမှုဘဝတိုးတက်ဖို့အတွက် အလားအလာကောင်းတစ်ရပ်ဆိုတာကို သိရှိထားတဲ့အတွက် 5G အခန်းကဏ္ဍဖွံ့ဖြိုးတိုးတက်ဖို့အတွက် မြန်မာနိုင်ငံရှိ ဆက်သွယ်ရေးအော်ပရေတာများထဲမှာ ပထမဦးစတင်လုပ်ဆောင်တဲ့ အော်ပရေတာတစ်ခုဖြစ်ပြီး ယခုလိုထူးခြားတဲ့ လုပ်ဆောင်ချက်အသစ်ကို ZTE Corporation နဲ့အတူ ရှေ့ဆက်လုပ်ဆောင်သွားမှာဖြစ်တယ်"ဟု ပြောကြားခဲ့သည်။

ဆက်လက်၍ ZTE Corporation ၏ SVP ဖြစ်သူ Mr. MeiZhonghua က ဝန်ဆောင်မှုရယူထားသူတွေဟာ အင်တာနက်ရဲ့စွမ်းအားကို စိတ်လှုပ်ရှားစရာနည်းလမ်းများစွာနဲ့ အသုံးပြုခံစားနိုင်မှာဖြစ်သလို ဒစ်ဂျစ်တယ်အတွေ့အကြုံကောင်းတွေကို ပိုမိုရရှိစေမှာဖြစ်ပြီး 5G ဟာဆိုရင် ဟန်းဆက်ကနေ ရေဒီယိုစနစ်သို့ ချိတ်ဆက်မှု၊ IP core ကနေ cloud ကို ပေးပို့မှုစတဲ့ မိုဘိုင်းလ်ကွန်ရက်တစ်ခုလုံးနဲ့ ဆက်စပ်နေတဲ့ဂေဟစနစ်ကိုပါ သက်ရောက်အကျိုးရှိမှာဖြစ်ပါတယ်" ဟု ပြောကြားခဲ့သည်။

အူရီဒူးမှ 5G ကို ၂၀၁၈ ခုနှစ် မေလတွင် ကာတာ၌ စတင်မိတ်ဆက်ပေးနိုင်ခဲ့သည့်အတွက် ကမ္ဘာတစ်ဝန်းမှာပထမဦးဆုံး 5G ကွန်ရက် စတင်မိတ်ဆက်ပေးနိုင်ခဲ့သည့် ဆက်သွယ်ရေးအော်ပရေတာအဖြစ် ဆက်သွယ်ရေးသမိုင်းမှာ မှတ်တမ်းတင်နိုင်ခဲ့ကြောင်း သိရှိရသည်။

HM- ဆ-သ-ရ




## MPT က တက္ကသိုလ် (၂၉)ကျောင်းမှ ကျောင်းသား၊ ကျောင်းသူ (၄၀၀)နီးပါးကို အလုပ်သင် သင်တန်းသားအဖြစ် လက်ခံဆောင်ရွက်သွားမည်

MPT သည် နည်းပညာနှင့် ကွန်ပျူတာတက္ကသိုလ်ကျောင်းပေါင်း (၂၉) ကျောင်းမှ နောက်ဆုံးနှစ်ကျောင်းသား၊ ကျောင်းသူ (၃၉၆)ဦးကို အလုပ်သင်သင်တန်းသားအဖြစ် သက်ဆိုင်ရာလုပ်ငန်းခွင်အတွေ့အကြုံများ ရရှိနိုင်ရန် လက်ခံလိုက်ပြီဖြစ်ကြောင်း မေလ (၁၇)ရက်က ထုတ်ပြန်ခဲ့သည်။ ၂၀၁၉ ခုနှစ်အတွင်း လုပ်ငန်းခွင်လေ့လာရေးနှင့် သင်ကြားရေးအစီအစဉ်သည် မေလ (၆)ရက်မှ ဇွန်လ (၂၈)ရက်အထိ သင်ကြားပေးမည်ဖြစ်ပြီး MPT ရုံးချုပ်အပါအဝင် မြန်မာ့ဆက်သွယ်ရေးသင်တန်းကျောင်းနှင့် တိုင်းနှင့်ပြည်နယ်အသီးသီးရှိ MPT ရုံးခွဲများမှ နည်းပညာပိုင်းဆိုင်ရာ ကျွမ်းကျင်ပညာရှင်များက ကျောင်းသား၊ ကျောင်းသူများကို ရှင်းလင်းသင်ကြားပြသပေးသွားမည်ဖြစ်သည်။ အဆိုပါအစီအစဉ်ကို ပညာရေးဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနတို့၏ ပူးပေါင်းကူညီထောက်ပံ့မှုဖြင့် စီစဉ်ဆောင်ရွက်ခြင်းဖြစ်ပြီး အဆိုပါ အစီအစဉ်မှတစ်ဆင့် ကျောင်းသား၊ ကျောင်းသူများသည် တိုင်းပြည်၏အနာဂတ်ဆက်သွယ်ရေးကဏ္ဍအတွက် ထူးချွန်သည့်ခေါင်းဆောင်ကောင်းများအဖြစ် ဖြစ်ထွန်းလာမည့် အကျိုးရလဒ်ကောင်းများစွာ ရရှိစေမည်ဖြစ်သည်။

မြန်မာနိုင်ငံတစ်ဝှမ်းရှိ MPT ၏ ရုံးခွဲ (၁၇)နေရာတွင် ကျောင်းသား၊ ကျောင်းသူ (၂၅၃)ဦးနှင့် ရန်ကုန်တွင် ကျောင်းသား၊ ကျောင်းသူ (၁၄၃)ဦးတို့သည် ဆက်သွယ်ရေးလုပ်ငန်းခွင်အတွင်း မည်ကဲ့သို့လုပ်ကိုင်ဆောင်ရွက်နေကြသည်ကို လက်တွေ့လေ့လာသင်ယူခွင့်ရရှိမည်ဖြစ်ပြီး စီမံခန့်ခွဲခြင်းပညာနှင့် နောက်ဆုံးပေါ်ကွန်ရက်နည်းပညာစနစ်များ ထိန်းသိမ်းဆောင်ရွက်နေပုံများနှင့် စပ်လျဉ်းသော လုပ်ငန်းခွင် ဆက်စပ်ပညာရပ်များစွာကို လက်တွေ့လေ့ကျင့်ခန်းများနှင့် လေ့လာသင်ယူနိုင်ကြမည်ဖြစ်သည်။

ယခုနှစ်တွင် MPT သည် ရန်ကုန်ရှိ အလုပ်သင် သင်တန်းသား (၁၄၃)ဦးထဲမှ ထူးချွန်ကျောင်းသား (၁၅)ဦးအား ထပ်မံရွေးချယ်ကာ အလုံမြို့နယ်ရှိ MPT ၏ Network ကြီးကြပ်ထိန်းသိမ်းရေးဌာန (NOC) တွင် အလုပ်သင်အစီအစဉ်အတွက် ပိုမိုထိရောက်စွာ ဆက်လက်လေ့လာစေရန် ရွေးချယ်သွားမည်ဖြစ်သည်။

MPT - KSGM Joint Operations ၏ လုပ်ငန်းလည်ပတ်မှုဌာနကြီးမှ ဒုတိယအရာရှိချုပ်ဖြစ်သူ ဦးမြင့်သိန်းထွန်းမှ MPT ရဲ့ ပြည်တွင်းပြည်ပကျွမ်းကျင်ပညာရှင်တွေနဲ့အတူ လုပ်ငန်းဆောင်ရွက်မှုတွေမှာ အတူတူပါဝင်လုပ်ကိုင်ခွင့်ရှိမှာဖြစ်ပြီး ယခုအစီအစဉ်မှာ ပါဝင်လာကြတဲ့ ကျောင်းသား၊ ကျောင်းသူအားလုံးကို ဂုဏ်ယူဝမ်းမြောက်ကြောင်းအပြင် ပညာရေးဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုအတွက် ဆက်သွယ်ရေးနည်းပညာနယ်ပယ်ကတစ်ဆင့် ဆောင်ရွက်ပေးနိုင်တဲ့အတွက် အထူးပဲဝမ်းသာပီတိဖြစ်ရပါတယ်" ဟု ပြောကြားခဲ့ကြောင်း သိရှိရသည်။

HM- ဆ-သ-ရ

# ဒုတိယဝန်ကြီး ဦးကျော်မျိုး၏ လွှတ်တော် မေး/ဖြေကဏ္ဍ



**ဧရာဝတီမြစ်ကို ရေရှည်တည်တံ့ စေရန်အတွက် ဆက်လက်ထိန်းသိမ်းသွားမည်။**

ကယားပြည်နယ်မဲဆန္ဒနယ်အမှတ် (၉) မှ ဦးစိုးသိန်းမှ မြန်မာနိုင်ငံ၏ အရေးကြီးဆုံး အသက်သွေးကြောဖြစ်သည့် ဧရာဝတီမြစ်အား ရေရှည်တည်တံ့စေရန်အတွက် ကမ္ဘာ့ဘဏ်အထောက်အပံ့ဖြင့် ထိန်းသိမ်းသွားရန် မေးခွန်းနှင့် စပ်လျဉ်း၍ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးကျော်မျိုးမှ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အကောင်အထည်ဖော်သည့် အဖွဲ့အစည်းအဖြစ် ဆောင်ရွက်၍ ဧရာဝတီမြစ်ဝှမ်း ဘက်စုံစီမံခန့်ခွဲမှုစီမံကိန်း (Ayeyarwady Integrated River Basin Management (AIRBM) Project) ကို ကမ္ဘာ့ဘဏ်ချေးငွေအမေရိကန်ဒေါ်လာသန်း (၁၀၀)ဖြင့် (၅) နှစ်စီမံကိန်းအဖြစ် ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလမှစတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ (၄) နှစ်အတွင်းသို့ ရောက်ရှိနေပြီဖြစ်ပြီး ၂၀၂၀ ခုနှစ်၊ စက်တင်ဘာလတွင် စီမံကိန်းကာလ ပြီးဆုံးမည်ဖြစ်ပါကြောင်း၊ စီမံကိန်းကို ရာသီဥတု၏ ပြောင်းလဲခြင်းအကျိုးဆက်ကို ခံနိုင်ရည်ရှိရန် ဘက်စုံစီမံခန့်ခွဲမှုကို အားဖြည့်ပေးရေး၊ ဧရာဝတီမြစ်ဝှမ်းနှင့် အမျိုးသားရေအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရေး၊ မြစ်ဝှမ်းဘက်စုံ စီမံခန့်ခွဲမှုဆောင်ရွက်ရန် လိုအပ်သောအဖွဲ့အစည်းနှင့် အထောက်အကူပြုကိရိယာများ ဖွံ့ဖြိုးတိုးတက်စေရေးနှင့် ရေကြောင်းသွားလာမှု မိုးလေဝသဆိုင်ရာ အသိပေးဂရုပြုမှုနှင့် အကြံပြုချက်များတိုးတက်စေခြင်းဖြင့် နီးနွယ်ရာ အသက်မွေးဝမ်းကြောင်းများတွင် ကောင်းကျိုးသက်ရောက်မှုများရရှိစေရေးစသည့် ရည်ရွယ်ချက်များဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ စီမံကိန်းကို လုပ်ငန်း Component (၃) ပိုင်းဖြင့် အကောင်အထည်ဖော်လျက်ရှိပြီး Component 1 တွင် ရေအရင်းအမြစ်ဘက်စုံစီမံခန့်ခွဲမှု အဖွဲ့အစည်းများနှင့် အထောက်အကူပြုစနစ်များ၏ စွမ်းဆောင်ရည်မြှင့်တင်ခြင်း၊ Component 2 တွင် မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ စောင့်ကြည့်အကဲခတ်ခြင်းနှင့် သတင်းအချက်အလက်စနစ်များ ခေတ်မီစေခြင်းနှင့် Component 3 တွင် ဧရာဝတီမြစ်အတွင်း ရေကြောင်းသွားလာမှု မြှင့်တင်ခြင်းစသည့် လုပ်ငန်းစဉ်များပါဝင်ပါသည်။ ကိုယ်စားလှယ်တော်ကြီး တင်ပြသွားတဲ့ ဧရာဝတီမြစ်ထိန်းသိမ်းခြင်းနှင့် ပတ်သက်သည့် အစိတ်အပိုင်းများမှာ စီမံကိန်း၏ Component (3) ခုလုံးမှာ ပါရှိပါကြောင်း AIRBM စီမံကိန်း၏ Component 1 တွင် ပါဝင်သည့် လုပ်ငန်းများထဲမှ ဧရာဝတီမြစ်စဉ်ဆက်မပြတ်ရေရှည် ဖွံ့ဖြိုးစေရန်အတွက် ဧရာဝတီမြစ်၏ လက်ရှိအခြေအနေ လေ့လာသုံးသပ်ခြင်း (State of the Basin Assessment - SOBA) အနေဖြင့် မြေပေါ်ရှိရေအရင်းအမြစ်များကို စစ်ဆေးခြင်းနှင့်စီမံခန့်ခွဲခြင်း၊ မြေအောက်ရေအရင်းအမြစ်နှင့် အချက်အလက်များစီမံခန့်ခွဲခြင်း၊ ဘူမိရုပ်သွင်ဗေဒနှင့် သဲနုန်းပို့ချမှုလေ့လာခြင်း၊ ဧရာဝတီမြစ်အတွင်း ဇီဝမျိုးကွဲနှင့် ရေနေသတ္တဝါမျိုးစိတ်များလေ့လာခြင်း၊ ကဏ္ဍအလိုက် ဖွံ့ဖြိုးတိုးတက်မှုနှင့် နိုင်ငံတော်အဆင့် စီးပွားရေးပြောင်းလဲမှုများကို အခြေခံဆန်းစစ်ခြင်းနှင့် သုံးဘက်မြင်သရုပ်ပြပုံစံတည်ဆောက်ခြင်းနှင့် လူထုအကြံပြု ဆွေးနွေးပွဲများပြုလုပ်ခြင်းတို့ကို ပြည်တွင်း၊ ပြည်ပ ကျွမ်းကျင်ပညာရှင်များဖြင့်ဦးစွာလေ့လာပြုစုခဲ့ပါကြောင်း၊ ဧရာဝတီမြစ်ကို ထိန်းသိမ်းခြင်းနှင့်ပတ်သက်သည့် အစိတ်အပိုင်းတွင် စီမံကိန်း၏ Component 3 တွင်ပါရှိသည့် ဧရာဝတီမြစ်အတွင်း ရေယာဉ်များနေ့ရောညပါ အချိန်မရွေးအန္တရာယ်ကင်းစွာ သွား/လာနိုင်ရန်အတွက် လုံလောက်သောရေအနက်နှင့် ခေတ်မီရေလမ်းပြအမှတ်အသားများ တပ်ဆင်သွားရန်ဖြစ်ပါကြောင်း။

စီမံကိန်း၏ Component 3 အရ ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများအနေဖြင့် ဧရာဝတီမြစ်အတွင်း လုံခြုံချောမွေ့သော ရေလမ်းကြောင်းဖြစ်ပေါ်စေရေးနှင့် ရေယာဉ်များလုံခြုံစိတ်ချစွာ သွား/လာနိုင်ရေးအတွက် ရေလမ်းဖွံ့ဖြိုးရေးဆိုင်ရာ ဖြစ်နိုင်ခြေလေ့လာဆန်းစစ်မှုလုပ်ငန်းများ၊ အသေးစားရေလမ်းဖွံ့ဖြိုးရေးလုပ်ငန်းများ မြစ်ကြောင်းတိုင်းတာရေးလုပ်ငန်းများအတွက် တိုင်းတာရေးကိရိယာများဝယ်ယူခြင်း၊ တိုင်းတာရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ၂၄ နာရီ ရေလမ်းပြအမှတ်အသားများ ဝယ်ယူခြင်းနှင့် တပ်ဆင်ခြင်း၊ ရေလမ်းပြအမှတ်အသားများ နေရာရွှေ့ပြောင်းခြင်းနှင့် သောင်တူးလုပ်ငန်းများအတွက် ရေယာဉ်ယန္တရားများဝယ်ယူခြင်း စသည်တို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း ရေလမ်းဖွံ့ဖြိုးရေးအတွက်လည်း လိုအပ်သော သောင်တူးသင်္ဘော (၂) စီး၊ ရေလမ်းပြအမှတ်အသား ရွှေ့ပြောင်းသင်္ဘော (၄) စီး၊ မြစ်ကြောင်းရှင်းလင်းရေးရေယာဉ် စသည်တို့ကို ဝယ်ယူပြီးဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံ၏ အရေးကြီးဆုံး အသက်သွေးကြောဖြစ်သည့် ဧရာဝတီမြစ်ကို ရေရှည်တည်တံ့စေရန်အတွက် ကမ္ဘာ့ဘဏ်၏ အထောက်အပံ့ဖြင့် ထိန်းသိမ်းသွားရန်အတွက် စီမံကိန်းနောက်အဆင့်များ ဆောင်ရွက်နိုင်ရေး တင်ပြညှိနှိုင်းဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်းနှင့် အခြားနိုင်ငံ / အဖွဲ့အစည်းများ၏ အကူအညီဖြင့် ဆောင်ရွက်သွားနိုင်မည့် မြစ်ကြောင်းဖွံ့ဖြိုးရေး၊ ဧရာဝတီမြစ်ဝှမ်း ဘက်စုံစီမံခန့်ခွဲမှု စီမံကိန်း၏ Component (1) တွင်ရရှိသည့် မြစ်ဝှမ်းဒေသပင်မစီမံချက် (Basin Master Plan) အရ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကိုလည်း ဆက်လက်ဆောင်ရွက်ခြင်းဖြင့် ဧရာဝတီမြစ်ကို ရေရှည်တည်တံ့စေရန်အတွက် ဆက်လက်ထိန်းသိမ်းသွားနိုင်မည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားခဲ့သည်။

**အုန်းတောလေယာဉ်ကွင်းဟောင်းမြေနေရာ ဥယျာဉ်အဖြစ် ဆောင်ရွက်သွားမည်။**

တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၂) မှ ဦးခင်မျိုးဝင်း၏ ဘုတ်ပြင်းမြို့နယ် အုန်းတောကမ်းကျေးရွာအုပ်စု အုန်းတောကမ်းကျေးရွာရှိ လေယာဉ်ကွင်းဟောင်းမြေနေရာအား ဘုတ်ပြင်းမြို့နယ် အများပြည်သူပိုင် ပင်လယ်ကမ်း ခြေအပန်းဖြေဥယျာဉ်အဖြစ် သတ်မှတ်ပေးရန် မေးခွန်းနှင့် စပ်လျဉ်း၍ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးဦးကျော်မျိုးမှ ဖြေကြားရာတွင် ဘုတ်ပြင်းလေယာဉ်ကွင်းဟောင်းမြေနေရာသည် မိမိတို့ဝန်ကြီးဌာနက တရားဝင်ပိုင်ဆိုင်ထားခြင်းမရှိဘဲ မြေစာရင်းမှတ် တမ်းများအရ လေယာဉ်ကွင်းမြေအဖြစ် သတ်မှတ်ထားသည့် မြေနေရာဖြစ်ပါကြောင်းနှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက အဆိုပါ လေယာဉ်ကွင်းဟောင်းမြေနေရာကို ပြန်လည်စွန့်လွှတ်ပါက အများပြည်သူပိုင် ပင်လယ်ကမ်းခြေအပန်းဖြေဥယျာဉ်အဖြစ် အဆင့်ဆင့်တင်ပြ၍ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းကို တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့က ပေါင်းစပ်ဖြေကြားပါကြောင်း သို့ဖြစ်ပါ၍ ချောင်းကရက်ကျေးရွာအနီးတွင် ဘုတ်ပြင်းလေယာဉ်ကွင်းသစ်ကို တည်ဆောက်ထားရှိပြီး လေယာဉ်များ ဆင်းသက်အသုံးပြုလျက်ရှိခြင်း အုန်းတောကမ်းကျေးရွာရှိ ဘုတ်ပြင်းလေယာဉ်ကွင်းဟောင်းသည် လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက ထိန်းသိမ်းထားသော လေယာဉ်ကွင်းစာရင်းတွင် ပါဝင်မှုမရှိခြင်း၊ အဆိုပါ လေယာဉ်ကွင်းဟောင်းမြေနေရာကို ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက တရားဝင်ပိုင်ဆိုင်မှုမရှိခြင်းကြောင့် တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့က အဆိုပါမြေနေရာကို အများပြည်သူပိုင်ပင်လယ်ကမ်းခြေအပန်းဖြေဥယျာဉ်အဖြစ် အဆင့်ဆင့်သို့ တင်ပြ၍ ဆောင်ရွက်ခြင်းအပေါ် ဝန်ကြီးဌာနအနေဖြင့် ကန့်ကွက်ရန်မရှိပါကြောင်း ဖြေကြားသည်။

တင်မောင် (ပို့/ဆက်)

# သတင်းအချက်အလက်နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာနနှင့် US ICT Council For Myanmar တို့၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်ခြင်း နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုး







ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ သတင်းအချက်အလက်နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာနနှင့် US ICT Council for Myanmar တို့၏ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်ခြင်းနားလည်မှုစာချွန်လွှာ (MoU) လက်မှတ်ရေးထိုးသည့် အခမ်းအနားကို မေလ ၇ရက်နံနက်ပိုင်းက နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာနတွင် ကျင်းပသည်။

အခမ်းအနားသို့ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးကျော်မျိုး၊ ဒုတိယဝန်ကြီး ဦးသာဦး၊ အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများ၊ e-Government အကောင်အထည်ဖော်ရေးလုပ်ငန်းနှင့် ဆပ်ကော်မတီရှစ်ခုမှ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံဆိုင်ရာအမေရိကန်သံရုံးမှ တာဝန်ရှိသူများ၊ US ICT Council for Myanmar, Executive Director Ms. Max Shu Teasdale နှင့် အဖွဲ့ဝင်များတက်ရောက်ခဲ့သည်။

အခမ်းအနားတွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးစိုးသိန်းက အဖွင့်အမှာစကားပြောကြားပြီး မြန်မာနိုင်ငံဆိုင်ရာအမေရိကန်သံရုံးစီးပွားရေးဌာနမှ Ms. Jennifer Peterson နှင့် US ICT Council for Myanmar, Executive Director, Ms. Max Shu Teasdale တို့က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။ ထို့နောက် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ သတင်းအချက်အလက်နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးစိုင်းစောလင်းထွန်းနှင့် US ICT Council for Myanmar, Executive Director, Ms. Max Shu Teasdale တို့က လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်ခြင်းနားလည်မှုစာချွန်လွှာ (MoU) ကို လက်မှတ်ရေးထိုးခဲ့ကြသည်။

လက်မှတ်ရေးထိုးသည့် တစ်နှစ်တာကာလအတွင်း နေပြည်တော်တွင် " Myanmar U.S Digital Forum" ကျင်းပမည့်အစီအစဉ်အပါအဝင် US ICT Council အဖွဲ့ဝင်ကုမ္ပဏီများက နိုင်ငံ့ဝန်ထမ်းများ၏ ဒစ်ဂျစ်တယ်စွမ်းဆောင်ရည်မြင့်မားစေရန် ရည်ရွယ်၍ အလုပ်ရုံဆွေးနွေးပွဲများ၊ အိုင်စီတီသင်တန်းများဆောင်ရွက်ပေးခြင်း၊ e-Government နှင့် အိုင်စီတီ " best practices guides " များ ဖြန့်ဝေပေးခြင်းအစီအစဉ်များ ပါဝင်ကြောင်း သိရသည်။

သတင်းအဖွဲ့ (ဆ.သ.ရ)

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်မှ ၂၀၁၉ ခုနှစ်၊ မေလအတွက် ချီးကျူးဂုဏ်ပြုထိုက်သူအဖြစ် မြန်မာအမျိုးသားလေကြောင်းလိုင်းမှ လေယာဉ်မှူးကြီး ဦးမြတ်မိုးအောင်နှင့်အဖွဲ့အား ရွေးချယ်ဂုဏ်ပြု



မြန်မာအမျိုးသားလေကြောင်းမှ လေယာဉ်မှူးကြီး ဦးမြတ်မိုးအောင်



မြန်မာအမျိုးသားလေကြောင်းမှ လေယာဉ်မှူးကြီး ဦးမြတ်မိုးအောင်

မြန်မာအမျိုးသားလေကြောင်းမှ လေယာဉ်မှူးကြီး ဦးမြတ်မိုးအောင်နှင့် လေယာဉ်အမှုထမ်းများ



၁၂-၅-၂၀၁၉ ရက်နေ့က မန္တလေးလေဆိပ်တွင် ခရီးသည်များ လုံခြုံဘေးကင်းစွာ ဆင်းသက်နိုင်ခဲ့သည့် မြန်မာအမျိုးသားလေကြောင်းမှ လေယာဉ်မှူးကြီး ဦးမြတ်မိုးအောင် မောင်းနှင်လာသော Embraer-190, XY-AGQ လေယာဉ်

နိုင်ငံတော်အစိုးရအနေဖြင့် တရားဥပဒေစိုးမိုးရေးနှင့် ပြည်သူများလူမှု-စီးပွားဖွံ့ဖြိုးတိုးတက်ရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေး၊ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုအတွက် အခြေခံအုတ်မြစ်ဖြစ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးတို့ကို တစ်စိုက်မတ်မတ် ဦးတည်ကြိုးပမ်းလျက်ရှိပါသည်။

ဤသို့သော အခြေအနေ၊ ဤသို့သော အချိန်အခါမျိုးတွင် နိုင်ငံသူနိုင်ငံသားအားလုံးအနေဖြင့် ဒီမိုကရေစီအလေ့အကျင့်ကောင်းများကို မဖြစ်မနေ လေ့ကျင့်လိုက်နာကြိုးစားကြရန်လည်း အထူးပင်လိုအပ်ပါသည်။ ထို့အပြင် ဆန္ဒ၊ ဝီရိယ၊ စိတ်ဓာတ်နှင့် ပညာဟူသည့် အောင်မြင်ခြင်းတရား (၄)ပါးနှင့်အညီ ပြည်ထောင်စု၏သားသမီးများအားလုံး အားထုတ်ကြိုးပမ်းလျက် တစ်ဦးချင်းအောင်မြင်ရေး၊ မိသားစုဘဝတိုးတက်မြင့်မားရေး၊ မိမိရပ်ရွာနှင့် မိမိတိုင်းပြည်တိုးတက်ဖွံ့ဖြိုးရေးတို့ကို တတ်စွမ်းသမျှ ကျရာကဏ္ဍများမှ ကြိုးပမ်းဆောင်ရွက်ကြရန် အထူးပဲအရေးကြီးလှပါသည်။

၂၀၁၉ ခုနှစ်၊ မေ (၁၂)ရက်တွင် မြန်မာအမျိုးသားလေကြောင်းမှ လေယာဉ်အမှတ်၊ XY-AGQ (Embraer-190) လေယာဉ်ဖြင့် ခရီးသည် ၈၂ ဦးကို တင်ဆောင်၍ ခရီးစဉ်အမှတ် UB-103 ရန်ကုန်-မန္တလေးခရီးစဉ်ပျံသန်းခဲ့ရာ မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်၌ လေယာဉ်၏ ရှေ့ဘီးမကျသဖြင့် လေယာဉ်အရေးပေါ် ဆင်းသက်ခဲ့ရပါသည်။ လေယာဉ်မှူးကြီး ဦးမြတ်မိုးအောင်သည် အရေးပေါ်အခြေအနေ (မေဒေး)ကြေညာ၍ တွဲဘက်လေယာဉ်မှူးများနှင့် လေယာဉ်အဖွဲ့သားများအား အသေးစိတ်လမ်းညွှန်လိုက်နာဆောင်ရွက်စေခြင်း၊ ခရီးသည်များအား အရေးပေါ်ကယ်ဆယ်ရေး လုပ်ငန်းစဉ်များအတိုင်း လိုက်နာဆောင်ရွက်စေခြင်းတို့ကို စနစ်တကျဆောင်ရွက်ပြီး လုံခြုံဘေးကင်းစွာ ဆင်းသက်နိုင်ရန်အတွက် လေယာဉ်ကို လှည့်ပတ်ပျံသန်းကာ ပေါင်သုံးထောင်ခန့်ရှိသော လက်ကျန်လေယာဉ်ဆီများအား လျှော့ချခဲ့ပါသည်။ ထို့အပြင် အရေးပေါ်ဆင်းသက်နိုင်ရန်အတွက် လိုအပ်သည့်ကြိုတင်ပြင်ဆင်မှုများ၊ ဆက်သွယ်မှုများ မှန်မှန်ကန်ကန် ဆောင်ရွက်ခဲ့ပြီး ခရီးသည်များအားလုံး ဘေးအန္တရာယ်ကင်းရုံသာမက လေယာဉ်ထိခိုက်ပျက်စီးမှုလည်း အနည်းဆုံးဖြစ်အောင် တည်တည်ငြိမ်ငြိမ်ဖြင့် ဆင်းသက်ပေးနိုင်ခဲ့ပါသည်။

သို့ဖြစ်၍ ယခုနှစ်မေလအတွက် ချီးကျူးဂုဏ်ပြုထိုက်သူအဖြစ် မိမိတို့၏ အတွေ့အကြုံ၊ ကျွမ်းကျင်မှုနှင့် တည်ငြိမ်မှုတို့ကို အခြေခံ၍ ဆုံးဖြတ်ချက်မှန်ကန်စွာဖြင့် မောင်းနှင်ပေးခဲ့သော လေယာဉ်မှူးကြီး ဦးမြတ်မိုးအောင်၊ တွဲဖက်လေယာဉ်မှူး ဦးကောင်းဆက်လင်းနှင့် ဦးမျိုးသီဟအောင်တို့အားလည်းကောင်း၊ ခရီးသည်များ ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် အရေးပေါ်ကယ်ဆယ်ရေးလုပ်ငန်းစဉ်များနှင့်အညီ ဆောင်ရွက်နိုင်ခဲ့သော အကြီးတန်းလေယာဉ်မယ် ဒေါ်ချယ်ရီမြင့်၊ လေယာဉ်မယ် ဒေါ်ကေဂျာဆန်အောင်၊ ဒေါ်ခိုင်ဇာလင်းနှင့် ဒေါ်ဥမ္မာအောင်တို့အား ရွေးချယ်၍ ဤကျေးဇူးတင်လွှာကို ထုတ်ပြန်လိုက်ပါသည်။

လေယာဉ်မှူးကြီး ဦးမြတ်မိုးအောင်နှင့် လေယာဉ်အမှုထမ်းများ၏ ဖြစ်စဉ်သည် မိမိတို့ကျွမ်းကျင်တတ်မြောက်သည့် ပညာရပ်များ၊ လေ့ကျင့်ခဲ့ရသည့် ကြိုတင်ပြင်ဆင်မှုများကို တည်တည်ငြိမ်ငြိမ်၊ ညီညီညွတ်ညွတ်၊ ယုံကြည်မှုရှိရှိဖြင့် စုပေါင်းကြိုးပမ်းဆောင်ရွက်ကြမည်ဆိုလျှင် မည်သို့သော အခက်အခဲမျိုး ကြုံတွေ့ရစေကာမူ ကျော်လွှားအောင်မြင်နိုင်ကြောင်း အထင်အရှားသက်သေပြဆိုနေပြီဖြစ်ရာ နိုင်ငံသူ နိုင်ငံသားအားလုံးတို့ကလည်း နိုင်ငံတော်၏ရှေ့ဆက်လျှောက်လှမ်းမည့် ခရီးလမ်းတစ်လျှောက် စည်းလုံးညီညွတ်သော စုပေါင်းအင်အားဖြင့် တိုးတက်ပြောင်းလဲမှုများကို ဝိုင်းဝန်းကူညီပံ့ပိုးကာ မျိုးဆက်သစ်များအတွက် ကောင်းမွန်သော အနာဂတ်ကို လက်ဆင့်ကမ်းဆောင်ကြဉ်းပေးနိုင်ကြပါစေကြောင်း မေတ္တာရပ်ခံလျက် မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါသည်။

## မြန်မာနိုင်ငံပိုင် ဂြိုဟ်တုထရန်စပွန်ဒါငှားရမ်းရေး ဆပ်ကော်မတီ တတိယအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ



မြန်မာနိုင်ငံပိုင် ဂြိုဟ်တုထရန်စပွန်ဒါငှားရမ်းရေး ဆပ်ကော်မတီတတိယအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မေလ (၂၃) ရက်၊ မွန်းလွဲ (၂) နာရီတွင် နေပြည်တော်ရှိ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရုံးအမှတ် (၂) အစည်းအဝေးခန်းမတွင် ကျင်းပရာ ထရန်စပွန်ဒါငှားရမ်းရေးဆပ်ကော်မတီဥက္ကဋ္ဌ၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်ဦးစိုးသိန်းက အဖွင့်အမှာစကားပြောကြားရာတွင် မိမိတို့၏ ဝန်ကြီးဌာနများနှင့် ကုမ္ပဏီများသည် ပြည်ပမှ ဂြိုဟ်တုများကို ငှားရမ်းသုံးစွဲနေရသည့်အတွက် မိမိတို့နိုင်ငံအနေဖြင့် နိုင်ငံခြားငွေများကို သုံးစွဲနေရကြောင်း၊ MyanmarSat-2 ဂြိုဟ်တုကို ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၁ ရက်တွင် လွှတ်တင်ပြီး အောက်တိုဘာလတွင် ဂြိုဟ်တုချန်နယ် 864 MHz ကို နည်းပညာအသစ်ဖြင့် အရည်အသွေးကောင်းမွန်စွာ ရရှိအသုံးပြုနိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံတော်က အကုန်အကျခံထားသော မိမိတို့၏ MyanmarSat-2 ဂြိုဟ်တုချန်နယ်များကို ဝန်ကြီးဌာနများနှင့် ကုမ္ပဏီများက တစ်စုတစ်ဝေးတည်းအသုံးပြုကြခြင်းဖြင့် ပြည်ပနိုင်ငံမှ ဂြိုဟ်တုများကို ငှားရမ်းအသုံးပြုမှုကြောင့် နိုင်ငံခြားငွေသုံးစွဲမှုများကို လျှော့ချနိုင်ကာ နိုင်ငံတော်ကို တစ်ဖက်တစ်လမ်းမှ ကူညီရာရောက်မည်ဖြစ်ကြောင်း၊ အဓိကအားဖြင့် ဂြိုဟ်တုချန်နယ် အများဆုံးအသုံးပြုသော ရွှေသံလွင်ကုမ္ပဏီနှင့် Forever ကုမ္ပဏီတို့အား အသုံးပြုကြစေလိုကြောင်းပြောကြားသွားသည်။

ဆက်လက်၍ ပြန်ကြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်ကလည်း ပြန်ကြားရေးဝန်ကြီးဌာန၏ မိတ်ဖက်ကုမ္ပဏီများဖြစ်သော ရွှေသံလွင်ကုမ္ပဏီနှင့် Forever ကုမ္ပဏီတို့ကို MyanmarSat-2 ဂြိုဟ်တုချန်နယ်များအား ငှားရမ်းအသုံးပြုကြစေလိုကြောင်း ပြောကြားသွားသည်။

မြန်မာနိုင်ငံပိုင်ဂြိုဟ်တုထရန်စပွန်ဒါငှားရမ်းရေး ဆပ်ကော်မတီအဖွဲ့ဝင်များ၊ တက်ရောက်လာသည့် သက်ဆိုင်ရာဝန်ကြီးဌာနများ၏ ကိုယ်စားလှယ်များနှင့် ကုမ္ပဏီများ၏ ကိုယ်စားလှယ်များက ထရန်စပွန်ဒါငှားရမ်းရေးကိစ္စနှင့်ပတ်သက်၍ အသီးသီးဝိုင်းဝန်းဆွေးနွေး အကြံပြုကြပြီးအစည်းအဝေးကို နေ့လည် (၃) နာရီတွင် အောင်မြင်စွာရုပ်သိမ်းခဲ့ကြောင်းသိရှိရသည်။ ဆ.သ.ရ

## မြန်မာနိုင်ငံရေကြောင်းအတတ်ပညာရှင်များအသင်း နှစ်ပတ်လည်အစည်းအဝေးကျင်းပ

မြန်မာနိုင်ငံရေကြောင်း အတတ်ပညာရှင်များအသင်း နှစ်ပတ်လည်အစည်းအဝေး အခမ်းအနားကို ရန်ကုန်မြို့ရှိ WESTERN PARK ROYAL KANDAWGYI ၌ ကျင်းပပြုလုပ်ရာ မြန်မာနိုင်ငံရေကြောင်းအတတ်ပညာရှင်များအသင်းဥက္ကဋ္ဌ ကပ္ပတိန်ဌေးဝင်းမှ အဖွင့်အမှာစကားပြောကြားသည်။

၄င်းနောက် မြန်မာနိုင်ငံရေကြောင်းအတတ်ပညာရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ကပ္ပတိန်စိုးမင်းအောင်မှ နှစ်ပတ်လည် အမှုဆောင်အစီရင်ခံစာအား ဖတ်ကြားတင်ပြပါသည်။ ထို့နောက် ရှေ့ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းအစီအမံများကို ဒေါ်ယဉ်မင်းထိုက်နှင့် တာဝန်ရှိသူများမှ လုပ်ငန်းကဏ္ဍအလိုက် အသီးသီးရှင်းလင်းတင်ပြကြသည်။ ၄င်းနောက် ဒုတိယဥက္ကဋ္ဌ ကပ္ပတိန်ဆန်းဦးမှ ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

အခိုပါအခမ်းအနားသို့ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် (အငြိမ်းစား) ကပ္ပတိန်ဌေးဝင်းနှင့် အငြိမ်းစားညွှန်ကြားရေးမှူးများ၊ ဒေသခံသင်္ဘောကိုယ်စားလှယ်များ၊ သင်္ဘောကုမ္ပဏီများမှ သင်္ဘောကပ္ပတိန်များ၊ ရေကြောင်းသိပ္ပံမှဌာနမှူးနှင့် ကျောင်းဆင်းအရာရှိကြီးများ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။ တင်မောင် (ပို့/ဆက်)



# ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင် ရန်ကုန်မြို့ပတ်ရထားလမ်းအဆင့်မြှင့်တင်ပြုပြင်ဆောင်ရွက်နေမှုနှင့် ခုံးကျော်တံတားအဆင့်မြှင့်တင်ခြင်းအား ကြည့်ရှုစစ်ဆေး

























ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးသန့်စင်မောင်သည် မေ (၁၁) ရက်တွင် မြန်မာ့မီးရထားမှ ဦးဆောင်ညွှန်ကြားရေးမှူး ဦးဘမြင့်၊ တာဝန်ရှိသူများနှင့်အတူ ရန်ကုန်မြို့ပတ်ရထားလမ်းပိုင်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုအား ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဒညင်းကုန်းဘူတာ (ခရေပင်လမ်းခွဲ) မင်္ဂလာဒုံရှင်းလင်းဆောင်သို့ရောက်ရှိလာရာ ပြည်ထောင်စုဝန်ကြီးအား ရွှေတောင်ကုမ္ပဏီမှ စီမံကိန်းဒါရိုက်တာ ဦးမောင်မောင်တင်မှ ရထားလမ်းအဆင့်မြှင့်တင်ခြင်း၊ ရထားလမ်း Level Crossing အဆင့်မြှင့်တင်ခြင်းလုပ်ငန်း၊ ရထားခုံးကျော်တံတားအဆင့်မြှင့်တင်ခြင်း တည်ဆောက်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးမှ လိုအပ်သည်များအား မှာကြားခဲ့ကြောင်းသတင်းရရှိသည်။

အဆိုပါ ရန်ကုန်မြို့ပတ်ရထားလမ်းပိုင်းအား အဆင့်မြှင့်တင်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုနှင့် ပတ်သက်၍ မြန်မာ့မီးရထားမှ ဦးမင်းအောင် (မြို့ပြအင်ဂျင်နီယာမှူး) က "မြို့ပတ်ရထားလမ်းကို ရန်ကုန်၊ ကြည့်မြင်တိုင်၊ အင်းစိန်၊ ဒညင်းကုန်းတစ်ပိုင်းနဲ့ဒညင်းကုန်း၊ မင်္ဂလာဒုံ၊ ပုရွက်ဆိတ်ကုန်း၊ ရန်ကုန်ဆိုပြီး တစ်ပိုင်းဆိုပြီး နှစ်ပိုင်းခွဲထားပါတယ်။ ရန်ကုန်၊ ကြည့်မြင်တိုင်၊ အင်းစိန်၊ ဒညင်းကုန်းအပိုင်းကတော့ ဒညင်းကုန်းကစပြီးလုပ်ခဲ့တာ ကြည့်မြင်တိုင်အထိတော့ အကြမ်းဖျင်းပြီးသွားပြီ။ အခုလည်း လမ်းတွေပြန်ဖွင့်ပြီး ဆွဲနေပြီ။ စီမံကိန်းလုပ်နေတဲ့ အချိန်မှာတော့ ရထားလမ်းကို တစ်ခြမ်းပိတ်၊ တစ်ခြမ်းဖွင့်အဆင့်နဲ့ လုပ်ခဲ့တာပေါ့။ လက်ရှိမှာတော့ ကြည့်မြင်တိုင်ကနေ ဘုရားလမ်းကို ဆက်ပြီးလုပ်နေပါတယ်" ဟုပြောသည်။

ရထားလမ်းပိုင်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းနှင့် ပတ်သက်၍ ခုံးကျော်တံတားအဆင့်မြှင့်တင်ခြင်းအခြေအနေများနှင့် ပတ်သက်၍လည်း ဦးမင်းအောင်က "အလုံတံတားဟာ ရထားလမ်းရဲ့ထိပ်နဲ့တံတားရဲ့အောက်ခြေကြမ်းခင်းဟာ ခုလက်ရှိ (၁၂) ပေနဲ့ (၆) လက်မပဲရှိတယ်။ အဲဒီ့တော့ ရထားလမ်းကို အဆင့်မြှင့်တင်တဲ့အခါ မလွတ်ကင်းတဲ့အတွက် ရထားလမ်းကိုမမြှင့်နိုင်ဘူး။ မမြှင့်နိုင်တော့ အခြားနေရာထက်စာရင် တံတားအောက်ကနိမ့်နေတယ်။ နိမ့်နေတဲ့အတွက် မိုးရွာရင်အဲဒီ့နေရာမှာ ရေဝင်တယ်။ ရထားလမ်းကို အဆင့်မြှင့်တင်တဲ့အခါမှာ ရထားလမ်းက မြင့်လာတဲ့အတွက် နိမ့်နေတဲ့တံတားတွေကိုလည်း ကျွန်တော်တို့ပြန်ပြီး မြှင့်ရမှာပါဟု ရှင်းပြသည်။

ရန်ကုန်မြို့ပတ်လမ်းပိုင်းအဆင့်မြှင့်တင်ခြင်း လုပ်ငန်းဆောင်ရွက်သည့် လုပ်ငန်းများတွင် သံလမ်းပြုပြင်ခြင်း၊ ဆက်သွယ်ရေးဆိုင်ရာရုံးများတည်ဆောက်ခြင်း၊ စက်ပစ္စည်းများထားရန်အတွက် အခန်းများတည်ဆောက်ခြင်းများပါဝင်ပြီး ဘူတာပလက်ဖောင်းနှင့် ရထား၏ကြမ်းခင်း ဝေးသောကြောင့် လှေကားဖြင့်တက်ရခြင်းနှင့် ပတ်သက်၍ ဘူတာပလက်ဖောင်းနှင့် ရထားကြမ်းခင်းအား တစ်ပြေးညီဖြစ်စေရန် ဆောင်ရွက်လျက်ရှိရာ ရန်ကုန်၊ ကြည့်မြင်တိုင်၊ အင်းစိန်၊ ဒညင်းကုန်းလမ်း၌ (၈၀) ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

Transcom

# မြန်မာနိုင်ငံပိုင်အနိမ့်ပျံဂြိုဟ်တုလွှတ်တင်ရေး LOI (Letter of Intent) လက်မှတ်ရေးထိုး





မြန်မာနိုင်ငံပိုင်အနိမ့်ပျံဂြိုဟ်တုလွှတ်တင်ရေး LOI (Letter of Intent) လက်မှတ်ရေးထိုးခြင်းအခမ်းအနားအား (မေလ ၁၅ ရက်) နေ့လည်ပိုင်းတွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရုံးအမှတ် (၂)၊ နေပြည်တော်တွင် ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားကို ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်၊ ဒုတိယဝန်ကြီး ဦးသာဦး၊ ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်း၊ အမြဲတမ်းအတွင်းဝန် ဦးစိုးသိန်းနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

ပညာရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ်၊ ပါမောက္ခချုပ်ဒေါက်တာကြည်သွင်နှင့်ဂျပန်နိုင်ငံ၊ ဟော့ကိုင်းဒိုးတက္ကသိုလ်၊ Space Mission Center မှ ညွှန်ကြားရေးမှူးပါမောက္ခ ယူကီဟီရိုတာကာဟာရှိ (Prof. Yukihiro Takahashi) တို့သည် ပြည်ထောင်စုဝန်ကြီးဦးသန့်စင်မောင်၊ ဒုတိယဝန်ကြီး ဦးသာဦး၊ ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်း၊ အမြဲတမ်းအတွင်းဝန် ဦးစိုးသိန်းတို့၏ ရှေ့မှောက်တွင် မြန်မာနိုင်ငံပိုင် အနိမ့်ပျံဂြိုဟ်တုလွှတ်တင်ရေးအတွက် ရည်ရွယ်၍ ဂြိုဟ်တုလွှတ်တင်ရေးနှင့် စပ်လျဉ်းသော အစီအစဉ်များကို ဆွေးနွေးခဲ့ကြပြီး ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလတွင် စတင်ဆောင်ရွက်ရန် ရည်ရွယ်သည့် LOI (Lettet of Intent) ကို လက်မှတ်ရေးထိုးခဲ့ကြကြောင်းသိရသည်။

သတင်းအဖွဲ့ (ဆ.သ.ရ)



## ပြည်ထောင်စုဝန်ကြီးဦးသန့်စင်မောင် မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်နိုင်ငံသံအမတ်ကြီး H.E.Mr.Scot Marciel အား လက်ခံတွေ့ဆုံ

မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်နိုင်ငံသံအမတ်ကြီး H.E. Mr.Scot Marciel ဦးဆောင်သောအဖွဲ့သည် မေလ (၂၂) ရက်၊ နံနက်ပိုင်းတွင် နေပြည်တော်ရှိရုံးအမှတ် (၅) ၌ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်အား လာရောက်တွေ့ဆုံခဲ့သည်။

ထိုသို့တွေ့ဆုံရာတွင် 5G နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဆိုင်ရာ မူဝါဒနှင့် ဥပဒေမူဘောင်ရေးဆွဲရေးတို့တွင် နည်းပညာအတွေ့အကြုံများဖလှယ်ရေးနှင့် ICT ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးပူးပေါင်းဆောင်ရွက်မည့်ကိစ္စရပ်များ၊ ဆိပ်ကမ်းများ၏ စွမ်းဆောင်ရည် မြင့်မားရေးအတွက် အကူအညီပေးရေး ကိစ္စရပ်များနှင့် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မည့် အခြေအနေများအပေါ် အမြင်ချင်းဖလှယ်ခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန်ဦးစိုးသိန်း၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရှိရသည်။

သတင်းအဖွဲ့ (ဆ.သ.ရ)

## ပြည်ထောင်စုဝန်ကြီးဦးသန့်စင်မောင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ သံအမတ်ကြီး H.E.Mr.Hong Liang အား လက်ခံတွေ့ဆုံ

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်သည် မေလ (၉) ရက်၊ နံနက်ပိုင်းတွင် တာဝန်ထမ်းဆောင်မှုပြီးဆုံး၍ ပြည်လည်ထွက်ခွာတော့မည့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ သံအမတ်ကြီး H.E.Mr.Hong Liang အား နေပြည်တော်၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၌ တွေ့ဆုံခဲ့ကြောင်းသိရသည်။

ထိုသို့တွေ့ဆုံရာ၌ မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့အကြား ဂျီအမ်အက်စ်ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်အရ ကနဦးနယ်စပ်ဖြတ်ကျော်ပို့ဆောင်ရေးနားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးရေးနှင့် နှစ်နိုင်ငံနယ်စပ်တွင် နယ်စပ်ဖြတ်ကျော်စစ်ဆေးရေးစခန်း တည်ဆောက်ရေးကိစ္စရပ်များ၊ မူဆယ်–မန္တလေးရထားလမ်း သစ်တည်ဆောက်ရေးအတွက် ဖြစ်မြောက်နိုင်စွမ်းလေ့လာမှု အခြေအနေများ၊ နှစ်နိုင်ငံအကြား ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုများ၊ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များအပေါ် ဆွေးနွေးညှိနှိုင်းအမြင်ချင်းဖလှယ်ခဲ့ကြကြောင်း သတင်းရရှိသည်။

တွေ့ဆုံပွဲသို့ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်များနှင့် ဌာနအကြီးအကဲများ တက်ရောက်ခဲ့ကြောင်း သိရှိရသည်။

တင်မောင်– ပို့/ဆက်



# MMMC ၏ MMMC E&R DF သို့ အလှူငွေများပေးအပ်



ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံကုန်သွယ်ရေကြောင်းကောလိပ်၏ ရေကြောင်းပညာသင်ယူရန် အခက်အခဲရှိသော အရာရှိလောင်းများနှင့် ဘာသာရပ်ဆိုင်ရာသုတေသနလုပ်ငန်းများအား ကူညီပေးရေးအဖွဲ့ MMMC E&R DF သို့ အလှူငွေများပေးအပ်လှူဒါန်းပွဲကို မေလ (၂၁) ရက်၊ နံနက် (၁၁)နာရီတွင် ရန်ကုန်မြို့ဘုရင့်နောင်လမ်းရှိ မြန်မာနိုင်ငံကုန်သွယ်ရေကြောင်းကောလိပ်ရှိ အစည်းအဝေးခန်းမတွင် ကျင်းပပြုလုပ်ခဲ့ကြောင်း သတင်းရရှိသည်။

ရှေးဦးစွာ ကျောင်းအုပ်ကြီး ဦးဇော်လွင်ဦးမှ အဖွင့်အမှာစကားပြောကြားပါသည်။ ထို့နောက် မြန်မာနိုင်ငံကုန်သွယ်ရေကြောင်းကောလိပ်ရှိ ရေကြောင်းပညာရပ်များ သင်ယူရန်အခက်အခဲရှိသော အရာရှိလောင်းများနှင့် ဘာသာရပ်ဆိုင်ရာ သုတေသနလုပ်ငန်းအဖွဲ့ MMMC E&R DF ထံသို့ အလှူရှင်များဖြစ်ကြသော ကျောင်းအုပ်ကြီးဦးဇော်လွင်ဦးနှင့် ဇနီးဒေါ်စိုးစိုးမွန်မိသားစုတို့မှ အလှူငွေကျပ် (၆)သိန်း၊ ကျောင်းအုပ်ကြီး (အငြိမ်းစား) ဦးဇင်မောင်ထွန်းနှင့် ဇနီးဒေါ်မြင့်မျိုးသန့်မိသားစုမှ အလှူငွေကျပ် (၃) သိန်း၊ Myanmar Supply Chain College မှ အလှူငွေကျပ် (၇) သိန်းခွဲ၊ ဒေါ်ရွှေစင်အိ ကထိကကွန်ပျူတာဌာနမှ အလှူငွေကျပ် (၃)သိန်း၊ ဒေါ်ယုယုထွေး ကထိကသင်္ချာဌာနမှ အလှူငွေကျပ် (၁) သိန်း၊ ဒေါ်မူမူဝင်းရှိန် မော်ကွန်းထိန်းမှ အလှူငွေကျပ် (၁)သိန်းခွဲ တိတိတို့အား အသီးသီးပေးအပ်ကြရာ ကျောင်းအုပ်ကြီးနှင့် သက်ဆိုင်ရာ ဌာနမှူးများမှ လက်ခံရယူကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာအား ပြန်လည်ပေးအပ်ကြပြီး ကျောင်းအုပ်ကြီးမှ ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရှိရသည်။

တင်မောင် (ပို့/ဆက်)

# ရထားလမ်းပိုင်းများ မြေပြင်တည်ဆောက်ရေးလုပ်ငန်း စတင်ဆောင်ရွက်ခြင်း အခမ်းအနားကျင်းပ




















ရန်ကုန်-မန္တလေး ရထားလမ်း အဆင့်မြှင့်တင်ရေးစီမံကိန်း အဆင့် (၁)၏ ရန်ကုန် -ပဲခူးလမ်းပိုင်း (CP-101) နှင့် ရန်ကုန်မြို့ပတ်ရထားလမ်းပိုင်း (CP-201) မြေပြင်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းအခမ်းအနားကို မေ (၁၁)ရက် နံနက် (၁၀)နာရီခွဲက ရန်ကုန်ဘူတာကြီးဝင်းအတွင်း ကျင်းပခဲ့သည်။

ရန်ကုန်-မန္တလေး ရထားလမ်းပိုင်းသည် (၃၈၅)ဒသမ (၅)မိုင်ရှည်လျားပြီး အဆိုပါလမ်းပိုင်းအား အဆင့်မြှင့်တင်ခြင်းစီမံကိန်းဆောင်ရွက်ရာတွင် ရင်းနှီးမြှုပ်နှံမှုပမာဏများပြားသဖြင့် ရထားလမ်းပိုင်းကို ရန်ကုန်-တောင်ငူလမ်းပိုင်း (၁၆၆) မိုင် တောင်ငူ-မန္တလေးလမ်းပိုင်း၂၁၉ ဒသမ ၅ မိုင်ဟူ၍ အဆင့်နှစ်ဆင့်ခွဲခြား၍ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ စီမံကိန်း အဆင့်(၁) အနေဖြင့် ရန်ကုန်-တောင်ငူလမ်းပိုင်းကို ရန်ကုန်-ပဲခူး (CP-101) ၄၆ ဒသမ ၅ မိုင် ပဲခူး-ညောင်လေးပင် (CP-102) ၄၆ ဒသမ ၂၅ မိုင်နှင့် ညောင်လေးပင်-တောင်ငူ (CP-103) ၇၃ ဒသမ ၂၅ မိုင်ဟူ၍ အပိုင်းသုံးပိုင်းခွဲကာ ၂၀၁၇ ခုနှစ် မတ်လမှစ၍ တင်ဒါခေါ်ခြင်းကိုဆောင်ရွက်ခဲ့ကြောင်း အပိုင်းလိုက်ကန်ထရိုက်စာချုပ်များ လက်မှတ်ရေးထိုးခဲ့ပြီး ပဲခူး-ညောင်လေးပင်လမ်းပိုင်း (CP-102) နှင့် ညောင်လေးပင်-တောင်ငူလမ်းပိုင်း(CP-103)တို့အား ၂၀၁၈ ခုနှစ်နိုဝင်ဘာ (၁၁)ရက်တွင် မြေပြင်တည်ဆောက်ရေးလုပ်ငန်းများကို စတင်ဆောင်ရွက်ခဲ့ပြီး ကျန်ရှိသည့် ရန်ကုန်-ပဲခူးလမ်းပိုင်း (CP-101)နှင့် ရန်ကုန်မြို့ ပတ်ရထားလမ်းပိုင်း(CP-201)အား မေလ (၁၁)ရက်တွင် မြေပြင်တည်ဆောက်ရေးလုပ်ငန်းများ စတင်ခြင်းဖြစ်သည်။

အဆိုပါအခမ်းအနားတွင် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က အမှာစကားပြောကြားရာတွင်စီမံကိန်းကာလ၌ ရထားလမ်းတစ်ခုသာအသုံးပြုနိုင်ပြီး ရထားစောင့်စနစ်ဖြင့်သွားရမည်ဖြစ်ကြောင်း ရထားလမ်းနှင့် ကားလမ်းဆုံသောနေရာများတွင် ယာဉ်တိုက်မှုအန္တရာယ်ရှိသည့်အတွက် အားလုံးပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း စီမံကိန်းလုပ်ငန်းများပြီးစီးပါက ကီလို (၁၀၀) မောင်းနှင်ခွင့်ပြုမည်ဖြစ်ကြောင်း လုပ်ငန်းဆောင်ရွက်ခွင့်ရသည့် ကုမ္ပဏီများအနေဖြင့် အင်တိုက်အားတိုက် ကြိုးစားဆောင်ရွက်ပေးရန်နှင့် သတ်မှတ်စံချိန်စံညွှန်းပြည့်မီစွာ အချိန်မီပြီးစီးရေးဖြည့်ဆည်းကူညီပေးစေလိုကြောင်း မြန်မာ့မီးရထားမှ တာဝန်ရှိသူများအနေဖြင့်လည်း စီမံကိန်းအားထိရောက်အကျိုးရှိစွာ သတ်မှတ်ကာလအတွင်း အကောင်အထည်ဖော်နိုင်ရေးအတွက်ပူးပေါင်း၍ အစွမ်းကုန်ကြိုးပမ်းကြရန်ပြောကြားခဲ့သည်။ ထို့နောက် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ဂျပန်နိုင်ငံသံအမတ်ကြီး Mr. Ichiro Maruyama နှင့် တာဝန်ရှိသူများက အမှာစကားပြောကြားပြီး JICA မှ Chief Representative Mr. Massy-uki Karazawa Tekken-RN JV ကုမ္ပဏီ မှ Mr. Yasushi Nakagawa Tokyu Construction Co.,Ltd မှ Mr. Tsuneo Lizuka တို့က လုပ်ငန်းဆောင်ရွက်ခွင့်ရရှိမှုအပေါ်ကျေးဇူးတင်စကားပြောကြားခဲ့သည်။

ထို့နောက်တွင် ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အတူ တာဝန်ရှိသူများက မြေပြင်တည်ဆောက်ရေးလုပ်ငန်းများ စတင်ဆောင်ရွက်ခြင်းအထိမ်းအမှတ်အဖြစ် ပန္နက်တင်ပေးခဲ့ကြသည်။

Transcom

# ရန်ကုန် – မန္တလေး ရထားလမ်းပိုင်း အဆင့်မြှင့်တင်ခြင်းစီမံကိန်းအသုံးပြုမည့် သံလမ်းများ ဒုတိယအကြိမ်ရောက်ရှိမည်

ရန်ကုန် - မန္တလေး ရထားလမ်းပိုင်းအဆင့်မြှင့်တင်ရာ၌အသုံးပြုမည့် သံလမ်းအသစ်များ ဒုတိယအကြိမ်အဖြစ်လာမည့်လဆန်းပိုင်းတွင် ရောက်ရှိမည်ဖြစ်ကြောင်း မြန်မာ့မီးရထား အောက်မြန်မာပြည် ဌာနခွဲမှသိရသည်။

ဂျပန်နိုင်ငံမှ ဝယ်ယူထားသည့် သံလမ်းတန်ချိန် ၂၈၅၀ သည် TAIKLI ပင်လယ်ကူးသင်္ဘောဖြင့် မေ ၁ ရက်က ရန်ကုန်မြို့ ဆူးလေဆိပ်ကမ်းသို့ ပထမအကြိမ်ဆိုက်ရောက်ခဲ့ပြီး ယင်းသံလမ်းများကို ရွာသာကြီးကုန်းတွင်းဆိပ်မှ တစ်ဆင့် ရန်ကုန် - တောင်ငူ ရထားလမ်းပိုင်းတွင် အသုံးပြုရန်ပို့ဆောင်ခဲ့ပြီးဖြစ်ရာ ယခုဒုတိယအကြိမ်ရောက်ရှိလာသည့် သံလမ်းများကို ရန်ကုန် - တောင်ငူ လမ်းပိုင်း၌ပင်အသုံးပြုမည်ဖြစ်ကြောင်း မြန်မာ့မီးရထား အောက်မြန်မာပြည်ဌာနခွဲမှ အထွေထွေမန်နေဂျာ ဦးထွန်းအောင်သင်းကပြောသည်။

ဦးထွန်းအောင်သင်းက "ဂျပန်နိုင်ငံကနေ သံလမ်းတွေ ဒုတိယအကြိမ်ရောက်လာမှာပါ။ သံလမ်းတန်ချိန် ၃၀၀၀ ခန့် ရောက်လာမှာဖြစ်ပါတယ်။ အရင်က အသုံးပြုတဲ့ (၇၅) ပေါင်သံလမ်းအစားကို အခုအသစ်ရောက်ရှိလာတဲ့ ပေါင် (၁၁၀)နဲ့လဲလှယ် အသုံးပြုသွားမှာမို့ အလေးချိန်ပိုများတော့ ရထားပြေးဆွဲမှုနှုန်း မြန်ဆန်လာမှာ ဖြစ်ပါတယ်"ဟု ဆိုသည်။

ရန်ကုန်-မန္တလေးရထားလမ်းအဆင့်မြှင့်တင်မှုတွင် ရထားသံလမ်းများကို ဂျပန်နိုင်ငံမှ ခုနစ်ကြိမ်ခွဲကာပို့ပေးခြင်းဖြစ်ပြီး၊ လက်ရှိအသုံးပြုနေသည့်သံလမ်းများသည် ၇၅ ပေါင် သံလမ်းများဖြစ်ပြီး ဂျပန်မှ ရောက်ရှိလာသော သံလမ်းများသည် ပေါင် ၁၁၀၊ အရှည် ၈၂ပေ ရှိသည့် သံလမ်းများ ဖြစ်ကြောင်း သိရသည်။ ရန်ကုန်-မန္တလေး အမြန်ရထားလမ်းပိုင်းအဆင့်မြှင့်တင်မှုကို ဂျပန်နိုင်ငံမှ ဒေါ်လာ ၂ ဒသမ ၄ ဘီလီယံ အကူအညီဖြင့်လုပ်ဆောင်နေခြင်းဖြစ်ပြီး စီမံကိန်းကာလ လေးနှစ် ကြာမြင့်မည်ဖြစ်ကာ ယင်းစီမံကိန်းပြီးစီးပါက ရန်ကုန်မှပဲခူးသို့ တစ်နာရီ၊ ပဲခူးမှ မန္တလေးသို့ ခုနစ် နာရီသာ ခရီးသွားချိန်ကြာမြင့်မည်ဖြစ်ပြီး လေအေးပေးစက် တပ်ဆင်ထားသည့် လေအိတ်ရထားများကို တွဲဆိုင်းအသစ်များဖြင့်သာ ပြေးဆွဲပေးမည်ဖြစ်ကြောင်းသိရသည်။




Transcom















# ထူးချွန်စွာတာဝန်ထမ်းဆောင်ခဲ့ကြသော လေယာဉ်မှူးကြီးနှင့် လေယာဉ်အဖွဲ့သားများအား ဂုဏ်ပြု

မြန်မာအမျိုးသားလေကြောင်း (Myanmar National Airlines) Embraer-190 အမျိုးအစား လေယာဉ် ခရီးစဉ်အမှတ် UB 103 ဖြင့် မေလ (၁၂) ရက်တွင် မန္တလေး အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အရေးပေါ်ဆင်းသက်ခဲ့သည့် ဖြစ်စဉ်တွင် ထူးချွန်စွာတာဝန်ထမ်းဆောင်ခဲ့ကြသော လေယာဉ်မှူးကြီးနှင့် လေယာဉ်အဖွဲ့သားများအား ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနမှ ဂုဏ်ပြုပွဲအခမ်းအနားကို မေလ (၁၆)ရက် နံနက် (၁၁)နာရီက နေပြည်တော်ရှိ Horizon Lake View Resort Hotel တွင် ပြုလုပ်ခဲ့သည်။

အဆိုပါအခမ်းအနားတွင် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသူကနိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ကိုယ်စားဂုဏ်ပြုအမှာစကားပြောကြားရာတွင် "ဂုဏ်သရေရှိ ဧည့်ပရိသတ်အပေါင်းတို့ မင်္ဂလာပါခင်ဗျာ။ အခုလိုအခမ်းအနားမျိုးဟာ တကယ့်ကိုကျက်သရေမင်္ဂလာရှိတဲ့ အခမ်းအနားမျိုးဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ကတော့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ရဲ့ကိုယ်စား မေလ (၁၂)ရက်က ဖြစ်သွားတဲ့ မြန်မာအမျိုးသားလေကြောင်းခရီးစဉ်မှာ လေယာဉ်မတော်တဆဖြစ်စဉ်နဲ့ ပတ်သက်ပြီး ဆုံးဖြတ်ချက်မှန်မှန်ကန်ကန်နဲ့မောင်းနှင်ပေးခဲ့တဲ့ လေယာဉ်မှူးကြီးနဲ့အဖွဲ့က ခရီးသည်တွေအန္တရာယ်ကင်းရှင်းအောင် ကယ်ဆယ်ရေးလုပ်ငန်းစဉ်နဲ့အညီဆောင်ရွက်ပေးနိုင်ခဲ့တဲ့အတွက် ကျွန်တော့်အနေနဲ့ အကျဉ်းချုပ်တင်ပြရရင် အဲဒီဖြစ်စဉ်ကို ကျွန်တော်အကြမ်းဖျင်းရေးပေးခဲ့ရပါတယ်။ ဖြစ်စဉ်နဲ့ပတ်သက်လို့ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနကလည်း ကူလုပ်ပေးပါတယ်။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ကနေ မေးတာလေးတွေရှိပါတယ်။ လေယာဉ်မှူးနဲ့အဖွဲ့က သူတို့လုပ်သင့်လုပ်ထိုက်တာကို လုပ်တဲ့အခါမှာ Team work ကောင်းတဲ့အတွက်ကြောင့် ဒီလိုမျိုးဘေးအန္တရာယ်ကင်းအောင် ဆောင်ရွက်နိုင်ခြင်းဖြစ်ပါတယ်ဆိုပြီးတော့မှ ကျွန်တော်တင်ပြခဲ့ပါတယ်။ တင်ပြခဲ့ပြီးတော့မှ အခုကျွန်တော်တို့တင်ပြတဲ့အတိုင်းကို သူဒီအတိုင်းလက်မှတ်မထိုးပေးပါဘူး။ သူစိတ်ဝင်တစားနဲ့ ဖတ်ပြီးတော့မှ သေသေချာချာသူကိုယ်တိုင် ပြင်ဆင်ပေးပါသေးတယ်။ သဘောကတော့ ကျွန်တော်တင်ပြချင်တာကတော့ ကျွန်တော်တို့ ဒီလိုတင်ပြလိုက်တဲ့အတိုင်းမဟုတ်ပါဘူး။ အလေးအနက်ထားပြီးတော့မှ ဒီဂုဏ်ပြုမှတ်တမ်းလွှာကို လက်မှတ်ရေးထိုးပေးခြင်းဖြစ်ပါတယ်လို့ ပဏာမအစီရင်ခံလိုပါတယ်။

နောက် ဝမ်းသာစရာတစ်ခုကတော့ ကျွန်တော်တို့လည်း လေကြောင်းလောကကလာတဲ့သူတစ်ယောက်ဖြစ်တဲ့အတွက်ကြောင့် နိုင်ငံတကာသတင်းဌာနတွေကို ကြည့်ပါတယ်။ အဲဒီမှာ အင်မတန်မှကျွန်တော်တို့ဂုဏ်ယူတာကတော့ “လေယာဉ်မှူး၏လမ်းညွှန်မှုနှင့်အတူ စည်းလုံးညီညွတ်စွာ လိုက်ပါဆောင်ရွက်ခြင်း” ဖြစ်ပါတယ်။ တာဝန်အဆင့်ဆင့်လုပ်ခြင်း၊ မလုပ်ခြင်းက ကိုယ့်ဌာနရဲ့ ဂုဏ်သိက္ခာကို အများကြီးမြှင့်တင်ရာရောက်ပါတယ်။ အခု မြန်မာအမျိုးသားလေကြောင်းလိုင်းက လုပ်ဆောင်သွားတာကိုတွေ့ရပါတယ်လို့ နိုင်ငံတကာသတင်းတွေမှာ ဖော်ပြတာတွေ့ရတော့ ဒီဟာလေးကလည်း ကျွန်တော်တို့ အင်မတန်မှကို ပီတိဖြစ်ရပါတယ်။ နောက်တစ်ခုကတော့ ကျွန်တော်တို့ငယ်စဉ်ဘဝကတည်းကပေါ့ 3M ပါပဲ။ Men, Machion ,Media ပေါ့။ ပြီးတော့ Mission နဲ့ Management ဆိုတာပါလာပါတယ်။ အဲဒီတော့ လေယာဉ်မှူးကြီးနဲ့ အဖွဲ့ကို ချီးကျူးသလို Management ဆိုတာကိုလည်းပါတော့ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနရော ပြည်ထောင်စုဝန်ကြီးနဲ့ ဒုတိယဝန်ကြီး၊ နောက်တစ်ခါ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက အမှုဆောင်အရာရှိချုပ်၊ နောက် တကယ့်လက်တွေ့ဖြစ်တဲ့အချိန်မှာတော့ ကိုယ်တိုင်ကိုယ်ကျ ပါဝင်သူတွေအားလုံး ကောင်းလို့သာ လိုက်ပါလာတဲ့ခရီးသည်တွေရဲ့ ဘေးအန္တရာယ်တွေကင်းရှင်းအောင် မောင်းနှင်ပျံသန်းပေးခြင်း လုပ်ဆောင်နိုင်ခဲ့တယ်လို့ ကျွန်တော့်အနေနဲ့ယုံကြည်ပါတယ်။

ဆက်လက်ပြီးတော့လည်း လေယာဉ်မောင်၊ လေယာဉ်မှူးတွေရောက ပျံသန်းရေးတာဝန်ကို ဆက်လက်ပြီးတော့လုပ်ဆောင်ရဦးမှာဖြစ်ပါတယ်၊ အဲဒီလိုအချိန်မှာလည်း ကျွန်တော် စကားလက်ဆောင်လေးတစ်ခုပဲ ပါးချင်ပါတယ် “Team work keep to is the success” ဖြစ်ပါတယ်။ ဒီဆောင်ပုဒ်လေးအတိုင်းသာ ကျွန်တော်တို့လိုက်ပါပြီးတော့ လိုက်နာလုပ်ဆောင်မယ်ဆိုရင် ကျွန်တော်တို့ လိုက်ပါစီးနင်းလာတဲ့ခရီးသည်တွေရဲ့ အသက်အန္တရာယ်စည်းစိမ်ကို ကာကွယ်နိုင်ပြီးတော့မှ ဘေးအန္တရာယ်ကင်းရှင်းစွာနဲ့ ဆက်လက်ပျံသန်းနိုင်ပါလိမ့်မယ်။ ဆက်လက်ပျံသန်းနိုင်ဖို့လည်း ဆုမွန်ကောင်းတောင်းပါတယ်" ဟု ဆုတောင်းဂုဏ်ပြုပေးခဲ့သည်။

ထို့နောက် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က ဂုဏ်ပြုအမှာစကားပြောကြားပေးရာတွင် " ကြွရောက်လာကြတဲ့ နိုင်ငံတော်အစိုးရအဖွဲ့ရုံးဝန်ကြီးဌာနဝန်ကြီး၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ မြန်မာအမျိုးသားလေကြောင်းလိုင်း အမှုဆောင်အရာရှိချုပ်နဲ့အဖွဲ့၊ လေကြောင်းပို့ဆောင်ရေးဦးစီးဌာနရဲ့ ညွှန်ကြားရေးမှူးချုပ်နဲ့အဖွဲ့၊ အမြဲတမ်းအတွင်းဝန်များ၊ အေးရှားဝေါကုမ္ပဏီရဲ့ ဥက္ကဋ္ဌကြီးနဲ့ ဌာနဆိုင်ရာအလိုက်အကြီးအကဲများ၊ MNA လေယာဉ်ပေါ်မှာပါဝင်ခဲ့ကြတဲ့ လေယာဉ်မှူးနဲ့လေယာဉ်မယ်အဖွဲ့သားများ၊ ခရီးသည်တွေအားလုံးမင်္ဂလာပါလို့ နှုတ်ခွန်းဆက်ပါရစေ။ အားလုံးကိုလည်းပဲ ဒီလိုကြွရောက်လာတဲ့အတွက်ကြောင့် ကျေးဇူးတင်ပါကြောင်း ပြောကြားလိုပါတယ်။ နှိုင်းယှဉ်စရာတွေလည်း တွေ့ပါတယ်။ ရုရှားလေယာဉ်ပျက်ကျမှုမှာ (၄၈)ယောက် ဆုံးပါးသွားတယ်။ တကယ်လို့သာ ခရီးသည်တွေက စည်းကမ်းရှိခဲ့မယ်ဆိုရင် အိတ်တွေအလုအယက်ယူကြတာတို့ ဝရုန်းသုန်းကားမဖြစ်ဘဲနဲ့ဆင်းနိုင်ခဲ့ရင် ဒီဟာက လေးဆယ်ကျော်လောက် ဆုံးစရာမရှိဘူး။ ပိုပြီးတော့ အသက်ရှင်သူများနိုင်တာပေါ့။ ဒါကြောင့် ဒီဖြစ်ရပ်ကတော့ EMBRAER190 လေယာဉ်ရဲ့ ရှေ့ဘီးမကျဘဲနဲ့ဆင်းသက်တာ။ ဆင်းသက်တဲ့ပုံကိုလည်း ကျွန်တော်တို့အဲဒီနေ့ကမြင်နေရတော့ တကယ့်ကိုညင်သာတယ်။ တကယ့်ကိုဘဲ စက်ကိုသတ်လိုက်တယ်။ နောက်ဘီးချပြီး ဦးမော့လို့ဆင်းတယ်။ နောက်မှ တဖြည်းဖြည်းဦးကိုစိုက်ချလိုက်ပြီး ဒရွတ်တိုက်လျောဆင်းသွားတယ်။ တကယ့်ကိုညင်သာစွာဆင်းသက်ခဲ့တာကို တွေ့ရှိရပါတယ်။ ဒါကြောင့် လေယာဉ်မှူးရဲ့ ပိုင်နိုင်ကျွမ်းကျင်မှု၊ စိတ်အေးချမ်းမှုနဲ့ စိတ်တည်ငြိမ်စွာလုပ်ဆောင်မှု ဒါကိုတော့ ချီးကျူးလို့မဆုံးပါဘူး။ အများကြီးကိုတော်တဲ့ လေယာဉ်မှူးဖြစ်ကြောင်း တွေ့ရပါတယ်။ အဲဒီတော့ လေယာဉ်မှူးနဲ့အတူ လေယာဉ်အဖွဲ့သားတွေအားလုံးကို အားလုံးတညီတညွတ်တည်း သတ္တိရှိရှိတည်တည်ငြိမ်ငြိမ်နဲ့ ဆုံးဖြတ်လုပ်ဆောင်နိုင်ကြတယ်၊ ခရီးသည်တွေကိုလည်း ဦးဆောင်မှုပေးနိုင်တယ်၊ လမ်းညွှန်မှုပေးနိုင်တယ်။ လမ်းညွှန်သံတွေကိုလည်း ကျွန်တော်တို့ကြားနေရပါတယ်။ ဒီနေ့ အဲဒီဟာအတွက်တော့ ကမ္ဘာမှာလည်း မြန်မာ့လေကြောင်းဟာ ဒီလိုလုံခြုံမှုအဆင့်အတန်းတွေကို လိုက်နာနိုင်တယ်ဆိုတဲ့အကြောင်း ပြောနေကြပါပြီ။

နောက်ကျေးဇူးတင်စကားမှာ ကျန်မသွားဖို့လိုတာက ခရီးသည်တွေပါ။ ခရီးသည်တွေကလည်း တော်တော်ကို တော်ပါတယ်။ ဘာဖြစ်လို့လည်းဆိုတော့ ခရီးသည်တွေက

စာ-၂၀ »

ပို့ဆောင်ဆက်သွယ် သတင်းဂျာနယ်
TRANSCOM NEWS JOURNAL
www.transcomjournal.com
၂၉ - ၅ - ၂၀၁၉ (ဗုဒ္ဓဟူးနေ့)

# ရန်ကုန်မြို့ပြည်သူ့ရင်ပြင်အတွင်း၌ လူငယ်ဈေးသစ်အား အနုပညာရှင်များဖွင့်လှစ်




ရန်ကုန်မြို့ရှိ ပြည်သူ့ရင်ပြင်ဥယျာဉ်သို့ လာရောက်လည်ပတ်ကြသည့် အပန်းဖြေအနားယူကြသော ပြည်သူများ၏လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန်ရည်ရွယ်ကာ ပြည်သူ့ဥယျာဉ် Happy World ကလေးကစားကွင်းအနီး၌ ပြည်သူချစ်သောအနုပညာရှင်များက Youth Bazaar အမည်ရှိ လူငယ်ဈေးသစ်ကို မေလ (၁၈) ရက်၊ ညနေပိုင်းက ဖွင့်လှစ်ပေးခဲ့ပြီဖြစ်ကြောင်းသိရသည်။

အဆိုပါ လူငယ်ဈေးသစ်ကို နာမည်ကြီးပြည်သူချစ်အနုပညာရှင်များဖြစ်ကြသော အဆိုတော် ဂရေဟမ်၊ စိုင်းစိုင်းခမ်းလှိုင်နှင့် အဆိုတော်၊ သရုပ်ဆောင် ပန်းရောင်ခြယ်နှင့် Operation Director ကိုတင့်ထူးအောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး အနုပညာရှင်များက ပြည်သူများအား အမှတ်တရအဖြစ် တီရှပ်အင်္ကျီ များပေါ်တွင် ၎င်းတို့၏လက်မှတ်များ အမှတ်တရအဖြစ်ရေးထိုးပေးခဲ့သည်။

**နိုင်ငံတကာခရီးသွားများကို ဆွဲဆောင်ရာနေရာ**

"အများပြည်သူအပန်းဖြေအနားယူရာတွင် အပန်းဖြေရင်း ဈေးဝယ်ထွက်နိုင်ရန်နှင့် နိုင်ငံတကာခရီးသွားဧည့်သည်များကို ဆွဲဆောင်ရာနေရာတစ်ခုအဖြစ် ဖန်တီးလိုသည့် လူငယ်များ၏ အိပ်မက်ကို အကောင်အထည်ဖော်သည့်အနေဖြင့် ယခုကဲ့သို့ ဆိုင်ခန်းပေါင်းစုံပါဝင်သော ဈေးငယ်တစ်ခုကို ဖန်တီးခြင်းဖြစ်ကြောင်း" သိရသည်။

"ဒီနေရာက နဂိုကတည်းက အထင်ကရနေရာတစ်ခုဖြစ်တယ်။ ဆိုင်ခန်းလေးတွေစုစုစည်းစည်းနဲ့ တစ်နေရာတည်းမှာ ဖွင့်နိုင်ရင်ကောင်းမှာပဲဆိုပြီး ဖွင့်ဖြစ်ခဲ့တာပါ။ လာတဲ့သူတွေအနေနဲ့လည်း တစ်နေရာတည်းမှာ အပန်းဖြေရင်းနဲ့ဈေးဝယ်နိုင်တာပေါ့။ နောင်တစ်ချိန်မှာတော့ အောင်မြင်ကျော်ကြားပြီး လူအသွားများတဲ့ နေရာလေးတစ်ခုဖြစ်လာဖို့ မျှော်မှန်းပါတယ်" ဟု လူငယ်ဈေးသစ်ဖြစ်မြောက်ရေးအတွက် ဦးဆောင်သူတစ်ဦးဖြစ်သည့် ကိုတင့်ထူးအောင်က ပြောသည်။

အဆိုပါ ဈေးတွင် ဖန်စီပစ္စည်းများ၊ အဝတ်အထည်များ၊ ရိုးရာလက်မှုပစ္စည်းများ၊ အစားအသောက်များပါဝင်ရောင်းချလျက်ရှိပြီး နောက်ပိုင်းတွင်လူငယ်များအတွက် စိတ်ဝင်စားစရာအစီအစဉ်များထည့်သွင်းကျင်းပမည်ဖြစ်ပြီး နိုင်ငံတကာခရီးသွားများကိုပါ ဆွဲဆောင်နိုင်သောရပ်ဝန်းတစ်ခုအဖြစ် ရပ်တည်ရန် မျှော်မှန်းထားကြောင်းသိရသည်။

**ဆိုင်ခန်းပေါင်း ၃၀ ပါဝင်**

ဆိုင်ခန်းပေါင်း ၃၀ ပါဝင်သည့် လူငယ်ဈေးသစ်ဖွင့်လှစ်ချိန်ကို တနင်္လာနေ့မှ သောကြာနေ့အထိ နေ့စဉ်နံနက် (၁၀) နာရီမှ ည (၇) နာရီအထိလည်းကောင်း၊ စနေ၊ တနင်္ဂနွေနှင့် အစိုးရရုံးပိတ်ရက်များတွင် နံနက် (၉)နာရီခွဲမှ ည (၈)နာရီအထိလည်းကောင်း ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။ အိမ်စည်၊ တင်မောင်

## တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ အကူအညီဖြင့် အမျိုးသားကဇာတ်ရုံ (ရန်ကုန်)ကို ပြုပြင်မွမ်းမံ အဆင့်မြှင့်တင်မည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့နယ် မြို့မကျောင်းလမ်း၊ အမျိုးသားကဇာတ်ရုံ(ရန်ကုန်)ကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ အကူအညီဖြင့် ဩဂုတ်လ ၁ ရက်မှစတင်၍ အဆင့်မြှင့်တင်မွမ်းမံမည်ဖြစ်ကြောင်းသာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနမှသိရသည်။

ယင်းသို့မွမ်းမံပြင်ဆင်ခြင်းများကြောင့် အမျိုးသားကဇာတ်ရုံ(ရန်ကုန်) ငှားရမ်းသုံးစွဲခြင်းဆိုင်ရာကိစ္စရပ်များအားဇွန်လ ၁ ရက်မှ စတင်၍ရပ်ဆိုင်းသွားမည်ဖြစ်ကြောင်း အထက်ပါဝန်ကြီးဌာနမှသိရသည်။

အဆိုပါအမျိုးသားကဇာတ်ရုံ(ရန်ကုန်)သည် ၁၉၈၅ ခုနှစ် မတ်လ အတွင်း မြန်မာနိုင်ငံသို့ချစ်ကြည်ရေးခရီးလာရောက်ခဲ့သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်သမ္မတကြီး လီရှန်နင့်က မေတ္တာလက်ဆောင်ပေးအပ်ခဲ့ပြီး ၁၉၈၈ ခုနှစ်မှ စတင်တည်ဆောက်ခဲ့၍ ၁၉၉၀ ခုနှစ်ဒီဇင်ဘာလတွင်ပြီးစီးခဲ့ခြင်းဖြစ်သည်။

ယခုအခါ သက်တမ်းအားဖြင့် ၂၈ နှစ်တာကာလ ကြာမြင့်ပြီဖြစ်သည့်အတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ အကူအညီဖြင့် အသံစနစ်များ အဆင့်မြှင့်တင်ခြင်း၊ ဇာတ်စင်သုံးမီး စနစ်များ အဆင့်မြှင့်တင်ခြင်း၊ Air Con; စနစ်များ အဆင့်မြှင့်တင်ခြင်း၊ ပွဲကြည့်ထိုင်ခုံများ အဆင့်မြှင့်တင်ခြင်း၊ အဆောက်အဦပိုင်းဆိုင်ရာအဆင့်မြှင့်တင်ခြင်း၊ အလိုအလျောက် မီးငြိမ်းသတ်စနစ် အဆင့်မြှင့်တင်ခြင်းနှင့် အခြားအထွေထွေပြုပြင်မွမ်းမံခြင်းလုပ်ငန်းများကို ဆောင်ရွက်မည်ဖြစ်ပြီး ပြုပြင်မွမ်းမံသည့်ကာလမှာခန့်မှန်းအားဖြင့် ၂ နှစ်ခန့် ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။ ES

» စာ - ၁၉ မှ

သာ လေယာဉ်ကဘာဖြစ်နေမှန်းမသိဘူးပေါ့၊ ကိုယ့်အိတ်ကလေး ကိုယ့်ပစ္စည်းလေးပါဦးမှဘဲဆိုပြီး အိတ်တွေဘာတွေဆွဲချင်တဲ့စိတ်တွေဖြစ်ခဲ့ရင် တစ်ခါတည်း ပိတ်ဆို့သွားမှာ။ စက္ကန့်ကိုးဆယ်အတွင်းမှာ အားလုံးလွတ်မြောက်နိုင်လောက်အောင် ဖြစ်မှာမဟုတ်ဖူး။ အခုကတော်တော့ကို အချိန်ကိုက် အချိန်မြန်မြန်နဲ့ဆင်းနိုင်ခဲ့တယ်၊ ဒါကလည်း ခရီးသည်တွေရဲ့ စည်းကမ်းရှိမှု၊ စည်းကမ်းလိုက်နာမှုပါ၊ ဒါကလည်း ချီးကျူးရမှာဖြစ်ပါတယ်။

နောက်တစ်ချက် ကျွန်တော် ဒီအခမ်းအနားမှာပြောဖို့ကျန်သွားတာက ကျွန်တော်တို့ရဲ့ မြန်မာအမျိုးသားလေကြောင်းလိုင်းတင် မကဘူး။ လေကြောင်းကဏ္ဍတစ်ခုလုံးကို မနစ်က ကမ္ဘာ့လေကြောင်းအဖွဲ့ချုပ်ရဲ့ အရည်အချင်း စစ်ဆေးမှုခံယူထားတာဖြစ်ပါတယ်။ ခရီးသည်တွေ ဘေးကင်းလုံခြုံစိတ်ချစွာနဲ့ စီးနင်းနိုင်မှုကိုအစစ်ခံခဲ့တဲ့အခါမှာ ပျမ်းမျှခြင်း (၇၀)ရာခိုင်နှုန်းနဲ့ အောင်ပါတယ်။ ဒါဟာလည်းဘဲ လေကြောင်းပို့ဆောင်ရေးညွှန်ကြားရေးမှူးဦးစီးဌာနနဲ့ လေကြောင်းကဏ္ဍတစ်ခုလုံးမှာ လေဆိပ်တွေရော ကျန်တဲ့ပုဂ္ဂလိကလေဆိပ်တွေရော အားလုံးပါလာအောင်လုပ်နိုင်ခဲ့ပါတယ်။ အကုန်လုံးဟာ SAFETY နဲ့ပတ်သက်ရင် သေသေချာချာလုပ်ကြကိုင်ကြတယ်။ ဒီနေ့ကိစ္စမှာလည်း အဲဒီ့နေ့က လေ့ကျင့်ခဲ့တဲ့အကျိုးတွေကြောင့် ဖြစ်နိုင်ပါတယ်၊ အခုလည်းပဲ လေယာဉ်မှူးဦးမြတ်မိုးအောင်ဆိုရင် EMBRAER လေယာဉ်ရဲ့ နည်းပြဆရာလည်းဖြစ်တယ်။ တကယ့်ဝါရင့် လေယာဉ်မှူးတစ်ယောက်လည်းဖြစ်တယ်။

အဲဒီ့တော့ ကျွန်တော်တို့ရဲ့ သယ်ယူပို့ဆောင်ရေးလုပ်ငန်းတွေဟာ ကုသိုလ်လည်းရတယ် ဝမ်းလည်းဝတဲ့လုပ်ငန်းဖြစ်တယ်။ တကယ်တမ်းလည်း ခရီးသည်တွေရဲ့လိုရာခရီးကို လုံလုံခြုံခြုံဘေးအန္တရာယ်ကင်းကင်း ချောချောမွေ့မွေ့နဲ့ လိုရာခရီးကိုပို့ဆောင်ရတဲ့ လုပ်ငန်းဖြစ်တယ်၊ အဲဒီ့အတွက်ကြောင့် ဒီနေ့လေကြောင်းလုပ်ငန်းကဏ္ဍဟာ ပြီးပြီလားဆိုရင်လည်း မပြီးသေးပါဘူး။ တောက်လျှောက် မြန်မာ့လေကြောင်းသည် စိတ်ချလုံခြုံရမှုရှိတယ်ဆိုတာကို အမြဲတမ်းခရီးသည်တွေက သိနေစေရမယ်၊ ကမ္ဘာမှာ သိနေစေရမယ်၊ အဲဒီ့လိုဖြစ်အောင် ကျွန်တော်တို့ဆက်ပြီးကြိုးစားသွားကြရမယ်။ အဲ့ဒါကြောင့်မို့ ကြိုးစားသွားကြပါစို့၊ ဆက်လည်းကြိုးစားသွားကြပါလို့ တိုက်တွန်းရင်းနဲ့ နိဂုံးချုပ်ပါတယ်" ဟုဂုဏ်ပြုပေးခဲ့သည်။

ထို့နောက် UB 103 ခရီးစဉ်တွင် လိုက်ပါခဲ့သည့်ခရီးသည်များကိုယ်စား ခရီးသည်တစ်ဦးဖြစ်သည့် မြန်မာနေရှင်နယ်လိုင် CEO ဦးစိုးမိုးကျော်က ဂုဏ်ပြုစကားပြောကြားပေးခဲ့သည်။

ထို့နောက်တွင် UB 103 ခရီးစဉ် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်၌ အရေးပေါ်ဆင်းခဲ့သည့်ဖြစ်စဉ် Video မှတ်တမ်းဖိုင်ပြသပြီးနောက် လေယာဉ်မှူးကြီးနှင့် လေယာဉ်အဖွဲ့သားများက ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ချီးမြှင့်ခြင်းတို့ ပြုလုပ်ခဲ့ရာ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးမင်းသုက နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ကချီးမြှင့်သည့်ဂုဏ်ပြုမှတ်တမ်းလွှာကို လေယာဉ်မှူးကြီး ဦးမြတ်မိုးအောင်၊ တွဲဖက်လေယာဉ်မှူး ဦးကောင်းဆက်လင်း နှင့် ဦးမျိုးသီဟအောင်၊ အကြီးတန်းလေယာဉ်မယ် ဒေါ်ချယ်ရီမြင့်၊ လေယာဉ်မယ် ဒေါ်ကေဂျာဆန်အောင်၊ ဒေါ်ခိုင်ဇာလင်းနှင့် ဒေါ်ဥမ္မာအောင်တို့အားပေးအပ်ချီးမြှင့်ပေးပြီး ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနမှ ချီးမြှင့်သည့်ဂုဏ်ပြုမှတ်တမ်းလွှာကို လေယာဉ်မှူးကြီး ဦးမြတ်မိုးအောင်အားလည်းကောင်း၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်က ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနမှချီးမြှင့်သည့် ဂုဏ်ပြုမှတ်တမ်းလွှာကို တွဲဖက်လေယာဉ်မှူးဦးကောင်းဆက်လင်းအားလည်းကောင်း၊ နိုင်ငံတော်အတိုင်ပင်ခံရုံး ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးခင်မောင်တင်က ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနမှချီးမြှင့်သည့် ဂုဏ်ပြုမှတ်တမ်းလွှာကို တွဲဖက်လေယာဉ်မှူး ဦးမျိုးသီဟအောင်အားလည်းကောင်း၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးက ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနမှ ချီးမြှင့်သည့်ဂုဏ်ပြုလွှာကို အကြီးတန်းလေယာဉ်မယ် ဒေါ်ချယ်ရီမြင့်အားလည်းကောင်း၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်ဦးစိုးသိန်းက ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနကချီးမြှင့်သည့် ဂုဏ်ပြုလွှာကို လေယာဉ်မယ် ဒေါ်ကေဂျာဆန်အောင်အား လည်းကောင်း၊ မြန်မာအမျိုးသားလေကြောင်းအမှုဆောင်အရာရှိချုပ် ဦးသန်းထွန်းက ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနက ချီးမြှင့်သည့်ဂုဏ်ပြုမှတ်တမ်းလွှာကို လေယာဉ်မယ် ဒေါ်ခိုင်ဇာလင်းနှင့်ဒေါ်ဥမ္မာအောင်တို့အားလည်းကောင်း အသီးသီးချီးမြှင့်ပေးခဲ့ကြပြီး ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ဝန်ဆောင်မှုကုမ္ပဏီ ဥက္ကဋ္ဌ ဦးထွန်းမြင့်နိုင်က လေယာဉ်မှူးကြီးနှင့် လေယာဉ်အဖွဲ့သားများအတွက် ချီးမြှင့်သည့် ဂုဏ်ပြုဆုငွေကို အကြီးတန်းလေယာဉ်မယ် ဒေါ်ချယ်ရီမြင့်မှ လက်ခံယူခဲ့သည်။ ထို့နောက်တွင် UB 103 ခရီးစဉ်တွင် တာဝန်ထမ်းဆောင်ခဲ့သည့် လေယာဉ်အဖွဲ့သားများကိုယ်စား လေယာဉ်မှူးကြီး ဦးမြတ်မိုးအောင်က ကျေးဇူးတင်စကားပြန်လည်ပြောကြားခြင်း၊ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကူးခြင်းတို့ ပြုလုပ်ခဲ့ကြသည်။

ထို့အတူ ထူးချွန်စွာ တာဝန်ထမ်းဆောင်ခဲ့သောလေယာဉ်မှူးကြီးနှင့် လေယာဉ်အဖွဲ့သားများအား မြန်မာအမျိုးသားလေကြောင်း နှင့်ခရီးသည်များမှဂုဏ်ပြုသည့်အခမ်းအနားကို မေ (၁၉)ရက်က ရန်ကုန်မြို့ပြည်လမ်းရှိ Novotel Hotel တွင် ပြုလုပ်ခဲ့ရာ အဆိုပါအခမ်းအနားတွင် မြန်မာအမျိုးသားလေကြောင်းအမှုဆောင် အရာရှိချုပ် ဦးသန်းထွန်းမှ ခရီးသည်များထိခိုက်ဒဏ်ရာမရရှိဘဲ ဘေးအန္တရာယ်ကင်းရှင်းစွာဖြင့် လေယာဉ်ကိုထိန်းချုပ်ဆင်းသက်နိုင်ခဲ့သည့် မြန်မာအမျိုးသားလေကြောင်းမှ လေယာဉ်မှူးကြီး ဦးမြတ်မိုးအောင်နှင့် လေယာဉ်အမှုထမ်းများအား ဂုဏ်ပြုစကား ပြောကြားခဲ့သည်။

ထို့နောက်အခမ်းအနားသို့ တက်ရောက်လာကြသော ခရီးသည်နှစ်ဦးမှ ဂုဏ်ပြုစကားများ ပြောကြားပေးခဲ့ကြသည်။ ဆက်လက်၍ ခရီးသည်များနှင့် လေကြောင်းမိတ်ဘက်ကုမ္ပဏီများမှ လေယာဉ်မှူးကြီး ဦးမြတ်မိုးအောင်နှင့် လေယာဉ်အဖွဲ့သားများအား ဂုဏ်ပြုဆုငွေများနှင့်ဂုဏ်ပြုလက်ဆောင်များအားလည်းကောင်း၊ မြန်မာအမျိုးသားလေကြောင်းမှ ဂုဏ်ပြုလက်မှတ်များနှင့် အမှတ်တရဂုဏ်ပြုလက်ဆောင်များအား တာဝန်ရှိသူများကအသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ထို့နောက် မြန်မာအမျိုးသားလေကြောင်းမှ လေယာဉ်မှူးကြီး ဦးမြတ်မိုးအောင်မှ ကျေးဇူးတင်စကားပြန်လည်ပြောကြားရာတွင် " အခင်းဖြစ်ပွားချိန်၌လေယာဉ်ပေါ်တွင်လိုက်ပါစီးနင်းလာကြသည့် ခရီးသည်များအား မိသားစုသဖွယ် စိတ်ရင်းစေတနာအမှန်ဖြင့် အကောင်းဆုံးစွမ်းဆောင်ပေးခဲ့ခြင်းဖြစ်ကြောင်း၊ ထို့အတူ ခရီးသည်များဘက်ကလည်း တစ်ဦးနှင့်တစ်ဦး ကူညီဖေးမ၊ ညီညွတ်မှုများကြောင့်သာ အောင်မြင်မှုရရှိခဲ့ခြင်းဖြစ်ကြောင်း၊ မိမိ၏စေတနာ၊ မေတ္တာတရားမှန်ကန်စွာဖြင့် ဆောင်ရွက်ခဲ့မှုအပေါ် ခရီးသည်များဘက်ကလည်း မေတ္တာထား၍ ယခုလိုပြန်လည်ဂုဏ်ပြုခြင်းဖြစ်သည်ဟု မိမိခံယူပါကြောင်း၊ ထိုသို့ဂုဏ်ပြုချီးမြှင့်ခံရသည့်အတွက်လည်း များစွာဝမ်းသာပီတိဖြစ်မိပြီး ကျေးဇူးလည်းတင်မိပါကြောင်း၊ အခုဂုဏ်ပြုချီးမြှင့်ခြင်းမှ ရရှိသည့်ငွေကြေးများအား ပရဟိတအဖွဲ့ များနှင့် လူမှုအကျိုးပြုလုပ်ငန်းများတွင် ပြန်လည်လှူဒါန်းသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့အတူ ခရီးသည်များဘေးအန္တရာယ်ကင်းရှင်းပြီး ထိခိုက်ဒဏ်ရာရရှိခဲ့မှုမရှိခြင်းနှင့် လေယာဉ်ပျက်စီးဆုံးရှုံးသည့်အခြေအနေမှ ကာကွယ်နိုင်ခဲ့ခြင်းတို့ကို အောင်မြင်စွာစွမ်းဆောင်နိုင်ခဲ့သည့်အတွက် လေယာဉ်မှူးကြီး ဦးမြတ်မိုးအောင်နှင့် လေယာဉ်အမှုထမ်းများအား တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ကပေးပို့သည့် ဂုဏ်ပြုစာလွှာအား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သက်ပုံက ရန်ကုန်မြို့ ကမ်းနားလမ်းရှိမြန်မာအမျိုးသားလေကြောင်း (ရုံးချုပ်) အမှုဆောင်အရာရှိချုပ်၏ ရုံးခန်းသို့ မေ (၁၄) တွင်သွားရောက် ပေးအပ်ချီးမြှင့်ပေးရာ လေယာဉ်မှူးကြီး ဦးမြတ်မိုးအောင်က ယခုကဲ့သို့ ပေးအပ်ချီးမြှင့်သည့်အတွက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် တပ်မတော် (ကြည်း၊ ရေ၊ လေ) အရာရှိ၊ စစ်သည်၊ မိသားစုများကို ကျေးဇူးတင်ရှိပါကြောင်း ပြန်လည်ပြောကြားခဲ့သည်။

Myanmar National Airlines လေကြောင်းမှ လေယာဉ်အမှတ် XY.AGQ Embraer 190 ခရီးသည်တင်လေယာဉ်၊ ခရီးစဉ် အမှတ်(ယူဘီ-၁၀၃) သည် လေယာဉ်အမှုထမ်း (၇)ဦးနှင့်ခရီးသည် (၈၂)ဦး တင်ဆောင်ပြီး မေ (၁၂)ရက်နံနက်ပိုင်းတွင် ရန်ကုန်မှ မန္တလေးသို့ ပျံသန်းလာရာ မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်သို့အဆင်း၌ Nose Landing Geer ချမရသော်လည်း လေယာဉ်မှူးကြီး ဦးမြတ်မိုးအောင်နှင့် လေယာဉ်အမှုထမ်းများ၏ ဆုံးဖြတ်ချက်မှန်ကန်ရဲရင့်မှုများကြောင့် ဘေးအန္တရာယ်ကင်းရှင်းစွာဖြင့် မြေပြင်သို့ဆင်းသက်နိုင်ခဲ့သည်၊ လေယာဉ်မှူးကြီး ဦးမြတ်မိုးအောင်သည် မန္တလေးလေဆိပ်သို့ဆင်းသက်ချိန်တွင် Nose Landing Geer မကျသဖြင့် Emergency Procedure အသုံးပြု၍ ဘီးချခဲ့သော်လည်း မကျသဖြင့် Main Landing Geer 2 ခုဖြင့်သာ တည်တည်ငြိမ်ငြိမ်ဖြင့် ဆုံးဖြတ်ချက်မှန်ကန်စွာ ဆင်းသက်နိုင်ခဲ့ခြင်း၊ ဘေးအန္တရာယ်မတော်တဆမှုအား ရင်ဆိုင်ကြုံတွေ့ချိန်တွင် လေယာဉ်အမှုထမ်းများနှင့် ခရီးသည်များအား ဦးဆောင်မှုမှန်ကန်စွာဖြင့် အခြေအနေကိုထိန်းချုပ်နိုင်ခြင်းတို့ကြောင့် ခရီးသည်များနှင့် လေယာဉ်အမှုထမ်းများတစ်စုံတစ်ရာထိခိုက်ဒဏ်ရာ ရရှိမှုမရှိဘဲ လေယာဉ်ပျက်စီးဆုံးရှုံးမှုအနည်းငယ်ဖြင့် မြေပြင်သို့ အန္တရာယ်ကင်းစွာဆင်းသက်နိုင်ခဲ့ခြင်းဖြစ်သည်၊ Transcom

## CB-Telenor Co-branded Visa အကြွေးဝယ်ကတ်မိတ်ဆက်




နိုင်ငံအတွင်းငွေရေးကြေးရေးဝန်ဆောင်မှုများ အသုံးပြုမှုပိုမိုမြင့်မားလာစေရန်နှင့် တယ်လီနော၏ Platinum စတားအဆင့်ရ အသုံးပြုသူများအတွက် ပိုမိုကောင်းမွန်သော အကျိုးခံစားခွင့်များ ပေးအပ်နိုင်စေရန်ရည်ရွယ်ချက်ဖြင့် တယ်လီနောမြန်မာသည် CB ဘဏ်၊ Visa တို့နှင့်ပူးပေါင်း၍ CB-Telenor Co-branded Visa အကြွေးဝယ်ကတ် (Credit Cards) များကို မြန်မာနိုင်ငံတွင် ပထမဦးဆုံးအကြိမ်အဖြစ် အခမ်းအနားကို ရန်ကုန်မြို့ရှိ Lotte ဟိုတယ်၌ မေလ (၈) ရက်တွင် မိတ်ဆက်ခဲ့သည်။

အဆိုပါအခမ်းအနားတွင် တယ်လီနောမြန်မာ၏ အမှုဆောင်အရာရှိချုပ် Mr.Sharad Mehrotra၊CB Bank ၏အမှုဆောင်အရာရှိချုပ် ဦးကျော်လင်း၊ Visa ၏ Country Manager Mrs.Lillian Wang နှင့် တာဝန်ရှိသူအသီးသီးတို့က ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ သဘောတူညီမှုစာချုပ်အား လက်မှတ်ရေးထိုးခဲ့ကြသည်။


ယင်းသဘောတူညီမှုစာချုပ်အရ တယ်လီနော၏ Platinum စတားအဆင့်အရ အသုံးပြုသူများသည် ထပ်ဆောင်းအထူးအကျိုးခံစားခွင့်များအဖြစ် CB-Telenor Co-branded Visa အကြွေးဝယ်ကတ်အား လျှောက်ထားပါက ပထမ (၅)နှစ်အတွက် နှစ်စဉ်ကြေးအခမဲ့အပြင် ကတ်ထုတ်ပေးခအပေါ်တွင်လည်း (၅၀)ရာခိုင်နှုန်းလျှော့စျေးခံစားခွင့်များအား ရရှိနိုင်မည်ဖြစ်သည်။

CB Telenor Co-branded Visa အကြွေးဝယ်ကတ်များသည် မြန်မာနိုင်ငံတွင် ပြည်တွင်းဘဏ်တစ်ခုနှင့် ဆက်သွယ်ရေးအော်ပရေတာ ပူးပေါင်းပေးအပ်သော ပထမဦးဆုံးဝန်ဆောင်မှုတစ်ခုဖြစ်ပြီး ကတ်လျှောက်ထားရယူသူတစ်ဦးချင်းစီ၏ အများဆုံးအကြွေးဝယ်ယူနိုင်မည့် ပမာဏအတွက် CB ဘဏ်သည် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ချမှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆုံးဖြတ်ပေးအပ်မည်ဖြစ်ကြောင်း သိရသည်။

တယ်လီနော၏ Platinum စတားအစီအစဉ်နှင့် ပတ်သက်သည့် အသေးစိတ် အချက်အလက်များအား https://www.telenor.com.mm/my/personal/telenor-star တွင် ဝင်ရောက်ကြည့်ရှုနိုင်သည်။ ဘုန်းပိုင်ဦး

## စက်ရုံများမှထွက်ရှိလာသည့် ရေဆိုးများ၊ လေထုညစ်ညမ်းမှုများ သန့်စင်ဖယ်ထုတ်ခြင်းနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ နည်းပညာကုမ္ပဏီဖွင့်ပွဲကျင်းပ

Green And Blue Environmental Technology Co.,Ltd မှ ကျင်းပပြုလုပ်သည့် စက်ရုံအလုပ်ရုံများမှထွက်ရှိလာသည့် ရေဆိုးများ၊ လေထုညစ်ညမ်းမှုများ သန့်စင်ဖယ်ထုတ်ခြင်း နည်းပညာကုမ္ပဏီဖွင့်ပွဲအခမ်းအနားကို မေလပထမပတ်က ရန်ကုန်မြို့ ဘုရင့်နောင်လမ်းရှိ Lion City Hall တွင် ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။




ထို့နောက် Marketing Manager ဦးစန်းမြင့်လင်းမှ ရေဆိုးသန့်စင်သည့် နည်းပညာများနှင့် ဖြစ်စဉ်အဆင့်ဆင့်ကို ပါဝါပွိုင့်ဖြင့် ရှင်းလင်းတင်ပြပါသည်။ ၎င်းနောက် အခမ်းအနားသို့ တက်ရောက်လာသူများအား Lucky Draw ကံစမ်းမဲများဖြင့် မဲဖောက်ကံစမ်းပေးခဲ့ကြပါသည်။

အဆိုပါဖွင့်ပွဲအခမ်းအနား ပြုလုပ်ရခြင်းရည်ရွယ်ချက်မှာ Green And Blue Environmental Technology Co.,Ltd သည် စက်ရုံများမှထွက်ရှိလာသည့် ရေဆိုးများ၊ လေထုညစ်ညမ်းမှုများကို သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရန်အတွက်လည်း သန့်စင်ခြင်းလုပ်ငန်းကို တရုတ်နိုင်ငံမှ ရေဆိုးသန့်စင်ခြင်း၊ လေထုသန့်စင်ခြင်း၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းခြင်း နည်းပညာကုမ္ပဏီပါ မြန်မာနိုင်ငံသို့ ရုံးခွဲလာရောက်ဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရသည်။ Transcom

## အာရှဒေသတွင်း လေယာဉ်လက်မှတ်အစောင်ရေ သန်းပေါင်းများစွာအား "သုည" ကျပ်မှစတင်ရောင်းချပေးခဲ့

Vietjet လေကြောင်းလိုင်းမှ "အချစ်နှင့်ဆက်သွယ်ခြင်းဖြင့် သင့်ရဲ့နွေရာသီအသွင်သဏ္ဌာန်ကို ဖော်ဆောင်လိုက်ပါ" ဆိုသော ခေါင်းစဉ်ဖြင့် အကြီးမားဆုံးအရောင်းမြှင့်တင်ရေး အစီအစဉ်ဖြင့် ပြည်တွင်းပြည်ပလေယာဉ်လက်မှတ်အစောင်ရေ သန်းပေါင်းများစွာအား အထူးလျှော့စျေးနှုန်းဖြစ်သည့် "သုည" ကျပ်ဖြင့် ရောင်းချပေးခဲ့သည်။

Vietjet လေကြောင်းလိုင်းမှ နွေရာသီပွဲတော်အား ကျင်းပနိုင်ရန်အတွက် လေယာဉ်လက်မှတ်အစောင်ရေ (၈)သိန်းအား အထူးလျှော့စျေးနှုန်းဖြစ်သည့် "သုည" ကျပ်ဖြင့် (အခွန်နှင့် အခြားပေးဆောင်မည့်အခများ မပါဝင်ဘဲ) ၂၀၁၉ ခုနှစ်၊ မေလ (၂၂) ရက်မှ (၂၄)ရက်အထိ (၃)ရက်ကြာ ရောင်းချပေးခဲ့ကြောင်းနှင့် အဆိုပါလက်မှတ်များသည် ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ (၂၃)ရက်မှ ဒီဇင်ဘာ (၃၁) ရက်အတွင်း (အများပြည်သူရုံးပိတ်ရက်များမပါ)ပျံသန်းမည့် လေယာဉ်များအတွက်ဖြစ်ကြောင်း သိရှိရသည်။

လက်ရှိတွင် Vietjet လေကြောင်းလိုင်းသည် ရန်ကုန် - ဟနွိုင်း အသွားအပြန်ခရီးစဉ်ကို တစ်ပတ်လျှင် (၅) ရက်ပြေးဆွဲပေးလျက်ရှိပြီး ၂၀၁၁ ခုနှစ်၊ ပထမဆုံး လေကြောင်းစတင်ပျံသန်းလည်ပတ်ချိန်ကတည်းက စိတ်လှုပ်ရှားဖွယ်ကောင်းသော အထူးလျှော့စျေးနှုန်းများနှင့် လေယာဉ်အတွင်းဖျော်ဖြေမှုများကြောင့် သန်းနှင့်ချီသောခရီးသွားဧည့်သည်များ၏ အကြိုက်ဖမ်းစားလေကြောင်းလိုင်းတစ်ခုဖြစ်ပြီး အရည်အသွေးမြင့်မားသောဝန်ဆောင်မှုများ၊ သင့်တင့်မျှတသောလက်မှတ်ခနှုန်းထားများနှင့် အတူခရီးသည်များကို သက်တောင့်သက်သာရှိသော လေယာဉ်ထိုင်ခုံများပေါ်တွင် အရသာကောင်းမွန်သော အစားအသောက်များနှင့် ရင်းနှီးဖော်ရွေတက်ကြွစွာ ဝန်ဆောင်မှုပေးသော လေယာဉ်မောင်မယ်များနှင့် လေကြောင်းခရီးသွား အတွေ့အကြုံများကို ပေးလျက်ရှိကြောင်းသိရသည်။

ဖွဲ့

## နိုင်ငံတကာရှိ တက္ကသိုလ်ကျောင်းပေါင်း (၁၂၀)ကျော်ပါဝင်မည့် နိုင်ငံတကာပညာရေးပြပွဲ ကျင်းပမည်

အမေရိကန်ပြည်ထောင်စု၊ ဗြိတိန်၊ ဩစတြေးလျ၊ စင်ကာပူ၊ ဂျပန်၊ နယ်သာလန်၊ ဆွစ်ဇာလန်၊ မလေးရှား၊ အိန္ဒိယ၊ ဖိလစ်ပိုင်စသည့် နိုင်ငံများမှ တက္ကသိုလ်ပေါင်း (၁၂၀)ကျော်ပါဝင်ပြသမည့် နိုင်ငံတကာပညာရေးပြပွဲကို ဇွန်လ (၁၅)ရက်မှ (၁၆)ရက်အထိ ရန်ကုန်မြို့ သာကေတမြို့နယ်ရှိ Fortune Plaza (Myanmar Expo) ခန်းမတွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ နိုင်ငံတကာပညာရေးပြပွဲတွင် ပြည်တွင်း/ပြည်ပပညာရေးကျောင်းများအကြား အဆင့်မြင့်ပညာရေးစနစ်ကို အပြန်အလှန်ချိတ်ဆက်နိုင်မည့် အခွင့်အလမ်းများတည်ဆောက်လာနိုင်ရန်၊ ကျောင်းသားများအနေနှင့် ရှေ့ဆက်သင်ကြားနိုင်မည့် ပညာရေးလမ်းကြောင်းသစ်များကို ပိုမိုစိတ်ဝင်စားရန်၊ ပြည်တွင်းကျောင်းများအနေနှင့်လည်း လက်ရှိအခြေအနေထက် ဆက်လက်တိုးတက်အောင် ဖော်ဆောင်ရင်း နိုင်ငံတကာအဆင့်မီဖြစ်လာစေရေးစသည့် ရည်ရွယ်ချက်များဖြင့် ကျင်းပခြင်းဖြစ်သည်။

နိုင်ငံတကာပြပွဲတွင် ပညာရေးနှင့်ပတ်သက်သည့် သတင်းအချက်အလက်စာတမ်း (၁၀)စောင်ကို ဆွေးနွေးပေးသွားမည်ဖြစ်ပြီး ပွဲတက်ရောက်ရန်ကြိုတင်စာရင်းပေးသွင်းလိုသူများအနေဖြင့် www.mpief.com သို့ ဝင်ရောက်စာရင်းပေးသွင်းနိုင်ကြောင်း၊ အသေးစိတ်အချက်အလက်များကို ထပ်မံသိရှိလိုပါက ဖုန်း ၀၉-၈၉၃၁၁၉၄၉၀၊ ၀၉-၄၄၁၃၈၆၈၁၃နှင့် Support @ altexpo.my ထံသို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

ဘုန်းပိုင်ဦး

## Transcom News journal Cartoons



# Grab က မိတ်ဖက်ယာဉ်မောင်းများအတွက် "ချက်ချင်းလွှဲ ချက်ချင်းရောက်"လုပ်ဆောင်ချက်အသစ် စတင်မိတ်ဆက်



မိုဘိုင်းလ် ပလက်ဖောင်းတစ်ခုဖြစ် သည့် Grab က မိတ်ဖက်ယာဉ်မောင်းများ၏ လူမှုဘဝဖူလုံရေး၊ ဘဏ္ဍာရေးဆိုင်ရာ ဝန်ဆောင်မှုများကို လူတိုင်းအသုံးပြုနိုင်ရေးနှင့် နည်းပညာအရ ပူးပေါင်းအဆင့်မြှင့်တင်မှုများပြုလုပ်နိုင်ရေးတို့ကို ပံ့ပိုးလုပ်ဆောင်ပေးရန် ရေရှည်ကတိကဝတ်ထားရှိခဲ့သည့်အတိုင်း ပြည်တွင်းရှိ မိတ်ဖက်ယာဉ်မောင်းများ အားလုံးအတွက် "ချက်ချင်းလွှဲချက်ချင်းရောက်" လုပ်ဆောင်ချက်အသစ်တစ်ခုကို မေလ(၂၁)ရက်ကစတင် မိတ်ဆက်လိုက်ပြီဖြစ်သည်။

အဆိုပါလုပ်ဆောင်ချက်ဖြင့် မိတ်ဖက်ယာဉ်မောင်းများသည် Grab Driver အက်ပလီကေးရှင်းအတွင်းရှိ Grab Driver Wallet မှတစ်ဆင့် မိမိတို့၏ CB ဘဏ်အကောင့်များသို့ ချက်ချင်းလွှဲပြောင်းနိုင်ပြီဖြစ်ပြီး ငွေသားအဖြစ် ပြန်လည်ထုတ်ယူရာတွင် ပုံမှန်ကြာမြင့်ချိန် တစ်ရက်အထိစောင့်ဆိုင်းရန် မလိုအပ်တော့ဘဲ မည်သည့်နီးစပ်ရာ ATM စက်များတွင်မဆိုထုတ်ယူနိုင်ပြီ ဖြစ်သည်။

Grab က ပြုလုပ်ခဲ့သည့် စစ်တမ်းများနှင့်လစဉ်ကျင်းပသည့် ယာဉ်မောင်းများနှင့် တွေ့ဆုံဆွေးနွေးပွဲများအရ အက်ပလီကေးရှင်းအတွင်းရှိ တစ်နေ့တာဝင်ငွေများကို ချက်ချင်းပြန်လည်ထုတ်ယူအသုံးပြုလိုသည့် တောင်းဆိုချက်သည် အများဆုံးဖြစ်ကြောင်းတွေ့ရှိရပါသည်။ မိတ်ဖက်ယာဉ်မောင်းများ၏ နေ့စဉ်လူနေမှုဘဝတိုးတက် ကောင်းမွန်လာစေရေး ဖန်တီးပေးနိုင်ရန် ရည်မှန်းချက်နှင့်အညီ Grab က ၎င်း၏မိတ်ဖက်ဘဏ်လုပ်ငန်းဖြစ်သည့် CB ဘဏ်နှင့်မိတ်ဖက်နည်းပညာ ကုမ္ပဏီဖြစ်သည့် TransferTo တို့နှင့်ပူးပေါင်းကာ "ချက်ချင်းလွှဲချက်ချင်းရောက်" လုပ်ဆောင်ချက်အသစ် ဝန်ဆောင်မှုပေးနိုင်ရေးနှင့် စမ်းသပ်အသုံးပြုနိုင်ရေးအတွက် ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကြောင်းသိရသည်။ ထို့ကြောင့် Grab မိတ်ဖက်ယာဉ်မောင်းများအားလုံးသည် အက်ပလီကေးရှင်းအတွင်းရှိဝင်ငွေများကို ထုတ်ယူရန် CB ဘဏ်အကောင့်တစ်ခု ဖွင့်လှစ်ထားပြီးဖြစ်သည့် အလိုအလျောက် "ချက်ချင်းလွှဲ ချက်ချင်းရောက်" လုပ်ဆောင်ချက်အသစ်ကို Grab မိတ်ဖက်ယာဉ်မောင်းများအားလုံး စတင်အသုံးပြုခွင့် ရရှိကြပြီဖြစ်သည်။

လက်ရှိတွင် Grab သည် မြန်မာနိုင်ငံအတွင်းရှိ ရန်ကုန်၊ မန္တလေးနှင့် ပုဂံမြို့များတွင် လုပ်ငန်းလည်ပတ်ဆောင်ရွက်လျက်ရှိပြီး ထောင်ပေါင်းများစွာသော ၎င်း၏ မိတ်ဖက်ယာဉ်မောင်းများအတွက် လူနေမှုဘဝပိုမိုတိုးတက်ကောင်းမွန်လာစေရန် အခွင့်အလမ်းများ ဖန်တီးပေးလျက်ရှိကြောင်း သိရသည်။

ES

## လမ်းလျှောက်မြန်သူများသည် လမ်းလျှောက်နှေးသူများထက် အသက် (၁၅)နှစ် ပိုရှည်နိုင်ကြောင်း လေ့လာတွေ့ရှိ

ခပ်မြန်မြန်လမ်းလျှောက်သူများသည် သူတို့၏ကိုယ်အလေးချိန်မည်မျှပင်ရှိနေပါစေ၊ ပျင်းရိလေးတွဲ့စွာလျှောက်သူများထက် အသက်ပိုရှည်နိုင်ကြောင်း Leicester တက္ကသိုလ်သုတေသီများ၏ နောက်ဆုံးလေ့လာမှုတစ်ရပ်၌ ဖော်ပြထားသည်။

ယင်းတက္ကသိုလ်ရှိသုတေသီများက ဗြိတိန်နိုင်ငံရှိဇီဝဘဏ်မှ ပျမ်းမျှအသက် (၅၂)နှစ်အရွယ် လူ (၄၇၄၉၁၉)ဦးတို့၏ ကိန်းဂဏန်းအချက်အလက်များကို ၂၀၁၆ ခုနှစ်နှင့် ၂၀၁၇ ခုနှစ်အကြားတွင် ခွဲခြမ်းစိတ်ဖြာကြည့်ခဲ့ကြသည်။

လေ့လာမှုအရ ခပ်သွက်သွက် လမ်းလျှောက်ကြသည့် အမျိုးသမီးများ၏ သက်တမ်းသည် (၈၆) ဒသမ (၇)မှ (၈၇) ဒသမ (၈)နှစ်ရှိခဲ့ပြီး အမျိုးသားများ၏ သက်တမ်းမှာ (၈၅) ဒသမ (၂)နှင့် (၈၆) ဒသမ (၈)နှစ်အထိရှိကြောင်း တွေ့ရှိရသည်။ လမ်းလျှောက်နှေးသူအမျိုးသမီးများ၏ သက်တမ်းမှာ (၇၂)ဒသမ (၄)နှစ်နှင့် အမျိုးသားများမှာမူ (၆၄) ဒသမ (၈) နှစ်သာ ရှိခဲ့သည်။

ယခုလေ့လာတွေ့ရှိချက်ကြောင့် လမ်းမြန်မြန်လျှောက်သူများသည် အသက်ပိုရှည်လိမ့်မည်ဟု မဆိုလိုသော်လည်း လမ်းမြန်မြန်လျှောက်ခြင်းသည် ကျန်း မာရေးကောင်းမွန်စေခြင်းအတွက် အရေးပါသောအချက်တစ်ချက် ဖြစ်နိုင်ကြောင်း ကျွမ်းကျင်သူများက သုံးသပ်နေကြသည်။

၂၀၁၃ ခုနှစ်က အမေရိကန်သုတေသီများ၏ လေ့လာတွေ့ရှိမှုတစ်ခုတွင် လမ်းလျှောက်သည့်အခါ ခြေလှမ်းကြဲခြင်းသည် နလုံးရောဂါဖြစ်နိုင်သည့် အန္တရာယ်နည်းပါးမှု အသက်ရှည်ရှည်ပိုနေရမှုတို့နှင့် ဆက်စပ်နေကြောင်းလေ့လာတွေ့ရှိခဲ့ရသည်။ ၂၀၁၈ ခုနှစ်က ဆစ်ဒနီတက္ကသိုလ်၏ လေ့လာမှုတစ်ရပ်တွင်လည်း ပုံမှန်မြန်နှုန်းဖြင့် လမ်းလျှောက်မည်ဆိုရင်တောင် အရွယ်မတိုင်မီ သေဆုံးနိုင်မှု အန္တရာယ် (၅)ပုံ (၁)ပုံ လျော့ကျသွားနိုင်သည်ဟု ဆိုနိုင်သည်။

ဘုန်းပိုင်ဦး

## Hyundai Grand i 10 နှင့် Creta 2019 ကားသစ်များ ပြည်တွင်း၌ မိတ်ဆက်

Hyundai Motor ၏ မြန်မာပြည်ကိုယ်စားလှယ်ဖြစ်သည့် International KLM Co.,Ltd က ပြည်တွင်းတွင် SKD စနစ်ဖြင့် ထုတ်လုပ်ထားသည့် Hyundai Grand i 10 နှင့် Creta 2019 ကားသစ်များကို မေလ (၂၃)ရက်က စတင်မိတ်ဆက်လိုက်သည်။

Grand i 10 2019 ကားသစ်သည် Hyundai မှ အထူးထုတ်လုပ်ထားသည့် ကားအမျိုးအစားအနည်းငယ်ထဲမှ တစ်ခုဖြစ်ပြီး ဒီဇိုင်းဆန်းသစ်ကာ မောင်းနှင်ရာတွင် လွယ်ကူပြီး Mult Infotainment စနစ်များဖြစ်သည့် Navigation System၊ Bluetooth System၊ Wifi နှင့် Smart Technology များကိုလည်း ထည့်သွင်းတပ်ဆင်ပေးထားသည့်အပြင် ကားအတွင်းပိုင်း နေရာကျယ်ဝန်းသည့် ဝန်တင်ခန်းလည်းပါဝင်ကာ အထူးဈေးနှုန်း ကျပ် (၂၂၄)သိန်းဖြင့် ရောင်းချမည်ဖြစ်ပြီး ရန်ကုန်လိုင်စင်ကိုပါရရှိမည် ဖြစ်သည်။

Creta 2019 ကားသည် လောင်စာဆီစားသက်သာကာ လေဝင်ပေါက်နှင့်ဘမ်ပါများ တပ်ဆင်ထားသည့်အပြင် နင်းခွဲမီးများကိုလည်းတပ်ဆင်ထားကြောင်း၊ ယင်းကားသစ်ကို မိသားစုငါးယောက် သက်သောင့်သက်သာ လိုက်ပါစီးနင်းနိုင်ပြီး ကျပ် (၄၄၆) သိန်းဖြင့် ရောင်းချမည်ဖြစ်သည်။

Grand i 10 နှင့် Creta 2019 ကားများကို Shwe Daehan Motors စက်ရုံထဲက ပြည်တွင်းတွင်ထုတ်လုပ်ခြင်းဖြစ်ပြီး သုံးနှစ်သို့မဟုတ် ကီလိုတစ်သိန်းအာမခံပေးထားပြီး အရစ်ကျစနစ်ဖြင့်လည်း ဝယ်ယူနိုင်မည်ဖြစ်သည်။

ဘုန်းပိုင်ဦး

## မြန်မာနိုင်ငံ၏ပထမဆုံး နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံမှ လျှပ်စစ်ဓာတ်အားများ စတင်ထုတ်လုပ်တော့မည်

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ်အတွင်း နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံမှ ပထမအဆင့် မဂ္ဂါဝပ် (၄၀)စီမံကိန်းလုပ်ငန်းမှာ (၉၂)ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ပြီး မကြာမီလျှပ်စစ်ဓာတ်အားများ ဖြန့်ဖြူးပေးမည်ဖြစ်ကြောင်း မကွေးတိုင်းဒေသကြီးအစိုးရထံမှ သိရသည်။

ယင်းစီမံကိန်းကို မင်းဘူးမြို့အနောက်ဘက်၊ မင်းဘူး- အမ်းကားလမ်းဘေးတွင် တည်ရှိပြီး B.O.T စနစ်ဖြင့် တည်ဆောက်နေခြင်း ဖြစ်သည်။ အဆိုပါ စက်ရုံကို ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီ (၄)ရက်တွင် စတင်အကောင်အထည်ဖော် တည်ဆောက်ခဲ့ပြီး စက်တပ်ဆင်အား မဂ္ဂါဝပ် (၁၇၀)စီမံကိန်းကို အဆင့်လေးဆင့်ဖြင့် တည်ဆောက်ခဲ့ပြီး ပထမအဆင့်မှ တတိယအဆင့်ကို မဂ္ဂါဝပ် (၄၀)စီအသီးသီး တည်ဆောက်မည်ဖြစ်ပြီး စတုတ္ထအဆင့်ကို မဂ္ဂါဝပ် (၅၀)ဖြင့် ဆက်လက်တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံစီမံကိန်းသည် မြန်မာနိုင်ငံတွင် ပထမဦးဆုံးအကောင်အထည်ဖော်တည်ဆောက်သည့် စီမံကိန်းဖြစ်ပြီး ယခုအခါ ပထမအဆင့် မဂ္ဂါဝပ် (၄၀)စီမံကိန်းမှာ (၉၂)ရာခိုင်နှုန်းပြီးစီးနေပြီး မဂ္ဂါဝပ် (၂၀)ကို ၂၀၁၉ ခုနှစ် မေလကုန်လည်းကောင်း၊ နောက်ထပ်မဂ္ဂါဝပ် (၂၀)အား ၂၀၁၉ ခုနှစ် ဇူလိုင်လတွင်လည်းကောင်းထုတ်လုပ်ကာ နိုင်ငံတော်ဓာတ်အား စနစ်သို့ချိတ်ဆက်၍ လျှပ်စစ်ဓာတ်အားများ ဖြန့်ဖြူးပေးမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါစီမံကိန်းကို ထိုင်းနိုင်ငံရှိ Green Earth Power (Myanmar) Co.,Ltd မှ လုပ်ငန်းရရှိခဲ့ပြီး အမေရိကန်အခြေစိုက် ဆောက်လုပ်ရေးကုမ္ပဏီဖြစ်သော Black and Veatch ကုမ္ပဏီမှ ကန်ထရိုက်တာအဖြစ် ဆောက်လုပ်နေခြင်းဖြစ်သည်။

ဖွဲ့

## ကြိုးကြာခေါင်းနီ ငှက်မျိုးစိတ် မြစ်ဝကျွန်းပေါ်တွင် မှတ်တမ်းတင်ထားနိုင်

ကမ္ဘာပေါ်တွင်မျိုးသုဉ်းရန် အန္တရာယ်ကျရောက်နေသော ကြိုးကြာခေါင်းနီ ငှက်မျိုးစိတ်အကောင်ရေ ခြောက်ရာကျော်အထိ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ၌ မှတ်တမ်းတင်နိုင်ခဲ့ကြောင်း သားငှက်ထိန်းသိမ်းရေးအဖွဲ့ (မြန်မာနိုင်ငံအစီအစဉ်)က မေလ (၂၃)ရက်က သတင်းထုတ်ပြန်ထားသည်။

၂၀၁၆ ခုနှစ်တွင် အကောင်ရေ (၄၀၀)ခန့်သာ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ၌ တွေ့ရှိမှတ်တမ်းတင်ထားနိုင်ခဲ့ပြီး ၂၀၁၉ ခုနှစ်တွင် အကောင်ရေခြောက်ရာကျော် မှတ်တမ်းတင်နိုင်ခဲ့ခြင်းဖြစ်ကြောင်း ၎င်းတို့ကို သစ်တောဦးစီးဌာန၊ မိန်းမလှကျွန်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၊ သားငှက်ထိန်းသိမ်းရေးအဖွဲ့ (မြန်မာနိုင်ငံအစီအစဉ်) တို့ပူးပေါင်း၍ ဝါးခယ်မမြို့နယ်၊ မအူပင်မြို့နယ်၊ ပန်းတနော်မြို့နယ်နှင့် အိမ်မဲမြို့နယ်တို့တွင် ကြိုးကြာခေါင်းနီ ထိန်းသိမ်းရေးနှင့် သုတေသနလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သိပ္ပံအမည် Grusantigone ဟုခေါ်သော ကြိုးကြာခေါင်းနီမျိုးစိတ်ကို အပြည်ပြည်ဆိုင်ရာ ပတ်ဝန်းကျင် ထိန်းသိမ်းရေးအဖွဲ့ (International Union For Conservation of Nature-IUCN)က မျိုးသုဉ်းရန် အန္တရာယ်ကျရောက်နိုင် သောမျိုးစိတ် (VU)အဖြစ် သတ်မှတ်ထားပြီး မြန်မာနိုင်ငံအနေဖြင့် အမိန့်ကြော်ငြာစာ ၅၈၃/၉၄ အရ လုံးဝကာကွယ်ထားသည့် ငှက်များစာရင်းတွင် ထည့်သွင်းထားကြောင်း သိရသည်။

ဘုန်းပိုင်ဦး

## ကမ္ဘာ့နံပါတ် (၁) Deodorant အမှတ်တံဆိပ် Rexona အား မြန်မာနိုင်ငံတွင် စတင်မိတ်ဆက်

လူသုံးကုန်ပစ္စည်းများထုတ်လုပ်လျက်ရှိသည့် Unilever သည် ကမ္ဘာ့နံပါတ် (၁) Deodorant အမှတ်တံဆိပ် Rexona အား မြန်မာနိုင်ငံရှိ သုံးစွဲသူများအတွက် စတင်မိတ်ဆက်ပေးလိုက်ပြီ ဖြစ်သည်။

အရည်အသွေးမြင့် ထုတ်ကုန်ပစ္စည်းများနှင့် Rexona သည် တီထွင်ဆန်းသစ်သော တစ်ကိုယ်ရည်သန့်ရှင်းမှုနည်းပညာများဖြင့် ဖော်စပ်ထုတ်လုပ်ထားသည့် အမျိုးသမီးသုံး Advanced Whitening Fresh Rose၊ Advanced Whitening Fresh Lilly၊ Power Dry+Whitening roll-on သုံးမျိုးနှင့် အမျိုးသားသုံး Ice Cold+ Anti Stain and Invisible Dry (Black+White) roll-on နှစ်မျိုးတို့ကို ဈေးကွက်အတွင်း ယူဆောင်လာပေးပြီဖြစ်သည်။

Rexona အမှတ်တံဆိပ်၏ သံတမန်အဖြစ် လုပ်ဆောင်သွားမည့် နေခြည်ဦးမှလည်း သူမ၏ဝမ်းသာပျော်ရွှင်မှုအား ယခုလိုပြောပြခဲ့သည်။ "နေခြည့်အနေနဲ့ antiperspirant ကုန်ပစ္စည်းအမှတ်တံဆိပ်တွေ အများကြီးထဲမှ နိုင်ငံတကာအသိအမှတ်ပြု Rexona အမှတ်တံဆိပ်နဲ့ လက်တွဲလုပ်ဆောင်ခွင့်ရတဲ့အတွက် ဝမ်းသာပျော်ရွှင်မိပါတယ်။"

Rexona ၏ အဓိက roll-on ဖြစ်သော အမျိုးသမီးသုံး Advanced Whitening Roll-on သဘာဝအသားဖြူပစ္စည်းများဖြစ်သော Vitamin E၊ နှယ်ချိုအဆီအနှစ်နှင့် ဂလစ်ဆရင်းတို့ ပါဝင်သောကြောင့် ချိုင်းကြားအသားအရေကို (၃)ဆပိုမိုဖြူဝင်းစေနိုင်သည်၊ နှင်းဆီရနံ့နှင့် လီလီပန်းရနံ့နှစ်မျိုးဖြင့် ရရှိနိုင်သောကြောင့် တစ်နေကုန်မွှေးရနံ့နှင့် လန်းဆန်းစေမှာဖြစ်သည်။ Rexona ၏ အသစ်ထုတ်လုပ်လိုက်သော Roll - on များကို (၅၀)မီလီဘူးဆိုဒ်ဖြင့် နိုင်ငံအနှံ့တွင် ဖြန့်ဖြူးရောင်းချပေးလျက်ရှိပြီး Advanced Whitening Fresh Rose Roll-on ကို (၂၅)မီလီဆိုဒ်ဖြင့်ပါ ဝယ်ယူရရှိနိုင်ပါသည်။

ES/ စိတ်ထက်



# မြန်မာ့ခရီးသွားဘဏ်လီမိတက် (MTB) ဘဏ်သစ်ဖွင့်လှစ်




မြန်မာ့ခရီးသွားဘဏ်လီမိတက် (MTB)ဘဏ် ဘဏ်သစ်ဖွင့်ပွဲအခမ်းအနားကို မေလ (၆)ရက်က နိမိုတယ်ဟိုတယ်၌ ကျင်းပပြုလုပ်ခဲ့ပြီး အဆိုပါအခမ်းအနားသို့ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်၊ တိုင်းရင်းသားရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးဖြိုးမင်းသိန်း၊ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်၊ တိုင်းဒေသကြီးဝန်ကြီးများ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စား လှယ်များ၊ ဝန်ကြီးဌာနများမှ အမြဲတမ်းအတွင်းဝန်များ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ၊ ဘဏ်အသီးသီးမှ ဥက္ကဋ္ဌနှင့် ဒါရိုက်တာများ၊ တာဝန်ရှိသူများ၊ မြန်မာ့ခရီးသွားဘဏ်ဥက္ကဋ္ဌနှင့် ဒါရိုက်တာများ၊ ဝန်ထမ်းများ တက်ရောက်ကြသည်။

အဆိုပါဘဏ်သစ်ဖွင့်လှစ်ပွဲ အစီအစဉ်ဒုတိယပိုင်း ကျင်းပပြုလုပ်ရာတွင်ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသော ဦးအုန်းမောင်၊ နိုင်သက်လွင် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဒုတိယဥက္ကဋ္ဌဦးလင်းနိုင်မြင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စား လှယ်များ မြန်မာ့ခရီးသွားဘဏ်ဥက္ကဋ္ဌ ဦးရန်ဝင်းနှင့် တာဝန်ရှိသူများက မြန်မာ့ခရီးသွားဘဏ်လီမိတက် (MTB) ဘဏ်သစ်ဖွင့်ပွဲ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

မြန်မာ့ခရီးသွားဘဏ် ဥက္ကဋ္ဌ ဦးရန်ဝင်းက "လာမယ့်၂၀၂၀ ခုနှစ်ထဲမှာပဲကျန်တဲ့အဓိက စီးပွားရေးလုပ်ငန်းလုပ်တဲ့နေရာတွေ၊ ခရီးသွားလုပ်ငန်းမြှင့်တင်ဖို့အတွက် အထောက်အကူပြုမယ့်နေရာတွေနဲ့ အချက်အချာကြတဲ့နေရာတွေမှာ ဘဏ်ခွဲတွေကို ဆက်လက်ဖွင့်သွားမှာပါ"ဟု ပြောသည်။

အဆိုပါ မြန်မာ့ခရီးသွားဘဏ်သည် ၂၀၁၈ခုနှစ်၊ ဇူလိုင်လတွင် ဘဏ်လုပ်ငန်း ဖွင့်လှစ်ခွင့်လိုင်စင်ရရှိခဲ့သည်။ မြန်မာ့ခရီးသွားဘဏ်မှ Customer များထံသို့ ပေးအပ်သွားမည့်ဝန်ဆောင်မှုများအနေဖြင့် ခေတ်မီသော နိုင်ငံတကာ Payment Solution ခရီးသွားကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန် ချေးငွေဝန်ဆောင်မှု မြန်မာ့ခရီးသွားကဏ္ဍအတွက် အထူးငွေစုအတိုးနှုန်းများဖြင့် Customer များ၏လိုအပ်ချက်များနှင့် ကိုက်ညီမှုရှိအောင် ဆောင်ရွက်မည်ဖြစ်ပြီး မြန်မာ့ခရီးသွားဘဏ်အနေဖြင့် ဗဟိုဘဏ်မှ ချမှတ်ထားသောစည်းမျဉ်းစည်းကမ်းများ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ Transcom


# သင့် အတွက် ကျန်းမာရေး



သင့်အစာအိမ်ကို တကယ်ဂရုစိုက်တယ်ဆိုရင် အအေးစာတွေ စားသုံးခြင်း ရှောင်ပါ။



သင့် အူအတက် ကိုတကယ်ဂရုစိုက်တယ်ဆိုရင် သံပုရာရည်ကို မကြာခဏသောက်သုံးပေးပါ။



သင့်နှလုံးကို တကယ်ဂရုစိုက်တယ်ဆိုရင် အင်ဂျေ့စားပါ။

## မြန်မာနိုင်ငံသားနှစ်ဦး ဆိုင်ကယ်ဖြင့် နိုင်ငံပေါင်း ၃၀ ကျော်ကို ကမ္ဘာလှည့်ခရီးသွားမည်

ကိုအောင်ကျော်ဝင်း၊ ကိုစိုင်းဖွန်ဖတို့သည် စင်ကာပူ၊ မလေးရှား၊ ထိုင်း၊ တရုတ်၊ မွန်ဂိုလီးယား၊ ကာကစ္စတန်၊ ရုရှား၊ ဖင်လန်၊ ဆွီဒင်၊ နော်ဝေး၊ ဂျာမနီ၊ နယ်သာလန်၊ ဘယ်ဂျီယံ၊ အင်္ဂလန်၊ စကော့တလန်၊ ပြင်သစ်၊ စပိန်၊ ပေါ်တူဂီ၊ အီတလီ၊ ဆွစ်ဇာလန်၊ ဩစတြီးလျား၊ ချက်၊ ပိုလန်၊ ဆလိုဘတ်ကီးရီးယား၊ ဟန်ဂေရီ၊ ဆာဘေးရီးယား၊ မက်ဆီဒိုးနီးယား၊ ဂရိ၊ ဘူဂေးရီးယား၊ တူရကီ၊ အီရန်၊ အိန္ဒိယနှင့် နီပေါနိုင်ငံတို့ကို ကမ္ဘာလှည့်ခရီးအဖြစ်လှည့်လည် သွားလာကြမည်ဖြစ်ပြီး မိုင်ပေါင်းသုံးသောင်းကျော် ခရီးအကွာအဝေးရှိသည်ဟု သိရသည်။

ကိုအောင်ကျော်ဝင်းသည် ရန်ကုန်မြို့၊ ကမာရွတ်မြို့တွင် နေထိုင်သူဖြစ်ပြီး M&A iconic co.,Ltd ၏ ဒီဇိုင်းဌာနမှ CEO ဖြစ်သည်။ ၄င်းသည် ဝါသနာအရ Strong Interest in Sailing, boxing, riding and collecting rare bikes တို့ကိုကစားနေသူဖြစ်ပြီး ၁၉၉၅ ခုနှစ် အရှေ့တောင်အာရှအားကစားပွဲတွင် လက်ရွေးစင်အဖြစ် ကြေးတံဆိပ်ဆွတ်ခူးရရှိထားဖူးသူဖြစ်သည်။ ထို့အပြင် စိုင်းဖွန်ဖသည် ရှမ်းပြည်နယ်၊ တောင်ကြီးမြို့တွင်နေထိုင်သူဖြစ်ကာ ရွှေသံလွင်မီဒီယာ၏ ဒါရိုက်တာတစ်ဦးဖြစ်သည်။ Strong Interest in Cycling, riding and collecting rare bikes တို့တွင် ဝါသနာရှိသူဖြစ်ပြီး UNSW ။ Collage of Fine Arts – COFA ကချီးမြှင့်သည့် Achieved Golden Jubilee Scholarship ကို ရရှိထားသူဖြစ်သည်။ ထိုသို့ဖြင့် ၄င်းတို့နှစ်ဦးသည် ကျန်းမာရေးလိုက်စားသူများဖြစ်သကဲ့သို့ လူမှုအကျိုးပြုလုပ်ငန်းများကိုလည်းတွဲဖက်လုပ်ကိုင်လိုရာ ယခုကဲ့သို့ ဆိုင်ကယ်ဖြင့်ကမ္ဘာပတ် စီးနင်းမည့်အစီအစဉ်ဖြစ်လာရသည်ဟု သိရသည်။

ယခင်ကလည်း ဦးဘတုတ်နှင့် ဒေါ်တင်တင်စိန်တို့ ဇနီးမောင်နှံမှာ မြန်မာနိုင်ငံမှ ပထမဦးဆုံးခရီးရှည်ဆိုင်ကယ် မောင်းနှင်ခဲ့သူများအဖြစ် နိုင်ငံတကာတွင် မှတ်တမ်းတင်ခံထားရသူများဖြစ်ပြီး စစ်ကျန် BSA ( Birming ham Small Arms Company Limited ) ဆိုင်ကယ်ဟောင်း တစ်စီးဖြင့် နိုင်ငံ (၃၀)ကို တစ်နှစ်အတွင်း ဖြတ်သန်းစီးနင်းခဲ့ဖူးသည့်သမိုင်း ရှိခဲ့သည်ဟုသိရသည်။

ဇော်ဦး

## အဆောက်အဦ ဆောက်လုပ်လိုသူများတွက် နှစ်ရှည်အရစ်ကျငွေပေးချေမှုစနစ်အား မြန်မာနိုင်ငံတွင် ပထမဦးဆုံး စတင်မိတ်ဆက်

မြန်မာနိုင်ငံ၏ပုဂ္ဂလိကဘဏ်ဖြစ်သည့် ကမ္ဘောဇဘဏ်သည်နိုင်ငံသားများ၏ ကိုယ်ပိုင်အိမ်တစ်လုံး ပိုင်ဆိုင်လိုသည့် စိတ်ကူး အိပ်မက်ကို ဖြည့်ဆည်းပေးနိုင်ရန် ရည်ရွယ်၍ MYANMAR ART Construction & Development Co.,Ltd၊ i MyanmarHouse.com တို့နှင့်ပူးပေါင်းကာ အဆောက်အဦဆောက်လုပ်လိုသူများအတွက် မြန်မာနိုင်ငံတွင် နှစ်ရှည်အရစ်ကျ ငွေပေးချေခြင်းစနစ်အား ပထမဆုံးစတင်ဝန်ဆောင်မှုပေးနေပြီဖြစ်ကြောင်း မေလ (၂၁) ရက်တွင် ထုတ်ပြန်ကြေညာလိုက်သည်။

အဆောက်အဦး ဆောက်လုပ်လိုသူများအတွက် အဆိုပါဝန်ဆောင်မှုအစီအစဉ်အား မြန်မာနိုင်ငံအတွင်းရှိမည်သည့်နေရာဒေသနှင့် အဆောက်အအုံအတွက်မဆို နှစ်ရှည်အရစ်ကျစနစ်ဖြင့် တည်ဆောက်ပေးသွားမည်ဖြစ်သည်။

နှစ်ရှည်အရစ်ကျနှင့်ဆောက်လုပ်ခြင်းအတွက် ပထမဦးဆုံးအနေဖြင့် မြေအမျိုးအစားက နိုင်ငံတော်အသိအမှတ်ပြုထားသော ပိုင်ဆိုင်မှုခိုင်မာကြောင်း ပြသနိုင်သည့် မြေဖြစ်/မဖြစ် စစ်ဆေးသွားမည်ဖြစ်ပါသည်။ ဒုတိယအချက်အနေဖြင့် ဝင်ငွေခိုင်မာမှုရှိ/မရှိ ဆက်လက်စစ်ဆေးသွားမည်ဖြစ်သည်။ ဝင်ငွေခိုင်မာမှုရှိပြီး မြေအမျိုးအစားသည်လည်း နိုင်ငံတော်အသိအမှတ်ပြုထားကြောင်းခိုင်မာပါက နှစ်ရှည်အရစ်ကျစနစ်ဖြင့် ဝန်ဆောင်မှုကို လျှောက်ထားနိုင်မည်ဖြစ်သည်။

နှစ်ရှည်အရစ်ကျစနစ်ဖြင့် ဆောက်လုပ်လိုသူများအတွက် ကနဦးစတင်လျှောက်ထားရာတွင် မြေပိုင်ဆိုင်မှုအထောက်အထားမိတ္တူ၊ ဝင်ငွေရလမ်းဖော်ပြချက်မိတ္တူ၊ မှတ်ပုံတင်မိတ္တူ၊ သန်းခေါင်စာရင်းမိတ္တူ၊ အသုံးပြုနေသည့် ဘဏ်စာရင်းရှင်းတမ်း (၆)လစာတို့ဖြင့် စတင်လျှောက်ထားနိုင်ပြီဖြစ်ပြီး အဆိုပါ စာရွက်စာတမ်းများအား MYANMAR ART Construction & Development Co.,Ltd မှ စစ်ဆေးပြီး ကမ္ဘောဇဘဏ်သို့ ပဏာမစစ်ဆေးနိုင်ရန် တင်ပြပေးသွားမည်ဖြစ်ပါသည်။ ထိုသို့စတင်ဆောင်ရွက်သည့် အချိန်တွင် နှစ်ဦးသဘောတူစာချုပ်၊ ဆောက်လုပ်ခွင့်၊ ဘဏ်ချေးငွေမြေပုံထုတ်စာရွက်စာတမ်းများ၊ ဝင်ငွေရလမ်းဖော်ပြချက်များဖြင့် ကမ္ဘောဇဘဏ်သို့ တရားဝင်ပြန်လည်လျှောက်ထားမည်ဖြစ်သည်။ ထိုသို့လုပ်ငန်း ဆောင်ရွက်ခြင်းများအတွက် ဘဏ်ဘက်မှအချိန် ကာလအားဖြင့် အလုပ်လုပ်ရက်(၁၄)ရက်မှ တစ်လခန့်အထိသာ ကြာမြင့်မည်ဖြစ်သည်။

MYANMAR ART Construction & Development Co.,Ltd မှ မန်နေးဂျင်းဒါရိုက်တာ ဖြစ်သူ ဦးကျော်စွာဟိန်းမှ "ကမ္ဘောဇဘဏ်က ချေးငွေခွင့်ပြုမိန့်ကျလာပြီဆိုရင် ဘဏ်ကိုပိုင်ဆိုင်မှု စာရွက်စာတမ်းမှုရင်းများ အပ်နှံရပါမယ်။ ပြီးရင် ချေးငွေကို စတင်အသုံးပြုနိုင်ပါပြီ။ ဒီအချိန်အတွင်းမှာလည်း ဆောက်လုပ်ရေးလုပ်ငန်းများလည်း စတင်ဆောင်ရွက်နေမည်ဖြစ်ပါ တယ်"ဟုပြောသည်။

MYANMAR ART Construction & Development Co.,Ltd အနေဖြင့်ချေးငွေ စတင်လျှောက်ထားခြင်းမှစတင်ကာ ဆောက်လုပ်ရေးလုပ်ငန်းများ (၁၀၀) ရာခိုင်နှုန်းပြီးစီးပြီး BCC ကျသည်အထိ ဆက်လက်တာဝန်ယူဆောင်ရွက်ပေးမည်ဖြစ်သည်။

ES



# ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်းတွင် ၂၀၁၈ – ၂၀၁၉ ခုနှစ်အတွင်း ဖွင့်လှစ်ခဲ့သောသင်တန်းများနှင့် ခုနှစ်တာပြုပြင်တည်ဆောက်မှုများ

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်းသည် ဝန်ကြီးဌာနကွပ်ကဲမှုအောက်ရှိ ဌာနများမှ ဝန်ထမ်းများကို လူ့စွမ်းအားအရင်းအမြစ်များဖွံ့ဖြိုးတိုးတက်စေရေးအတွက် သင်တန်းများဖွင့်လှစ်သင်ကြားပို့ချပေးလျက်ရှိသည်။

နိုင်ငံတော်၏ ပို့ဆောင်၊ ဆက်သွယ်ရေးဝန်ဆောင်မှုကဏ္ဍများအတွက် စိတ်ဓာတ်၊ စည်းကမ်း၊ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားသည့် အရည်အသွေးပြည့်မီသောဝန်ထမ်းကောင်းများဖြစ်အောင် လေ့ကျင့်ပြုစုပျိုးထောင်ပေးရန် မူဝါဒများချမှတ်ဆောင်ရွက်လျက်ရှိသည်။

**ရည်မှန်းချက်များ**

ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်းသည် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာန၊ လုပ်ငန်းအဖွဲ့အစည်းများမှ အရာထမ်း၊ အမှုထမ်းများအားအောက်ပါရည်မှန်းချက်တာဝန်များကို ဦးတည်၍လေ့ကျင့်ပျိုးထောင်ပေးလျက်ရှိသည်။

(က) လုပ်ငန်းလက်စွဲပါ လုပ်နည်းစနစ်များနှင့် တိုးတက်လာသောနည်းပညာများကို ကျွမ်းကျင်တတ်မြောက်စေရေး လေ့ကျင့်ပေးရန်၊

(ခ) လက်ဝယ်ရှိစွမ်းအားစုများကို ထိရောက်စွာပေါင်းစပ်သုံးစွဲစီမံခန့်ခွဲ၍ လုပ်ငန်းတာဝန်များကိုပြီးမြောက်အောင်မြင်စွာထမ်းဆောင်နိုင်စေရန်၊

(ဂ) အမျိုးသားနိုင်ငံရေးဖြစ်စဉ်အား သိမြင်နားလည်ပြီးပြည်သူနှင့်ဆက်ဆံရေး တိုးတက်ကောင်းမွန်စေရန်၊ ရည်မှန်းဆောင်ရွက်လျက်ရှိသည်။

ဖော်ပြပါမူဝါဒများနှင့် ရည်မှန်းချက်တာဝန်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်းအနေဖြင့် ရှေ့ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များတွင် ကျောင်းရှိနည်းပြများ၊ ဝန်ထမ်းများနှင့် သင်တန်းသား/သင်တန်းသူများကို နည်းပညာနှင့်လုပ်ငန်းခွင်ကျွမ်းကျင်မှု အရည်အသွေးတိုးတက်မြင့်မားရေး၊ စိတ်ဓာတ်၊ စည်းကမ်း၊ ခံယူချက်တည့်မတ်မှန်ကန်စေရေးအတွက် ဦးတည်ရည်မှန်းလေ့ကျင့်ပျိုးထောင်ပေးရန်။

စာတွေ့သာမက လက်တွေ့နယ်ပယ်၌ပါ နှံ့စပ်ကျွမ်းကျင်စေရေးအတွက် လုပ်ငန်းခွင်နှင့်ဆက်စပ်သောစက်ရုံ၊ အလုပ်ရုံများ သင်တန်းများသို့သွားရောက်လေ့လာလေ့ကျင့်သင်ယူစေရန်။

ဝန်ထမ်းများ၏ လုပ်ငန်းခွင်ကျွမ်းကျင်မှုဆိုင်ရာ သင်တန်းများကို အခြေခံ၊ မွမ်းမံနှင့် ဉာဏ်သစ်လောင်းဟူ၍ အဆင့်ဆင့်ဖွင့်လှစ်သင်ကြားပေးခြင်း၊

တိုးတက်ပြောင်းလဲလာသော နည်းပညာများနှင့်လုပ်ငန်းခွင်ကျွမ်းကျင်မှု အရည်အသွေးတိုးတက်မြင့်မားရေးအတွက် ပြည်ပသို့ပညာတော်သင်များ စေလွှတ်ခြင်း၊ ပြည်တွင်းပြည်ပသင်တန်းများတွင် ကျောင်းမှဝန်ထမ်းများစဉ်ဆက်မပြတ် ပါဝင်တက်ရောက်စေခြင်း။

နယ်စပ်ဖြတ်ကျော် သယ်ယူပို့ဆောင်ရေးလုပ်ငန်းတွင် အထောက်အကူပြုနိုင်ရေးအတွက် နောက်တွဲပါယာဉ် (၂၂ ဘီးယာဉ်)များ မောင်းနှင်နိုင်မည့် ကျွမ်းကျင်ယာဉ်မောင်းများ မွေးထုတ်ပေးခြင်း၊

မြန်မာနိုင်ငံသားများအားလုံးအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ထုတ်ပေးနိုင်ရေးအတွက် ယာဉ်မောင်း၊ ယာဉ်ပြင်၊ ဂဟေ၊ လျှပ်စစ်အခြေခံသင်တန်းများ Public သို့ ဖွင့်လှစ်ပေးနိုင်ရေး စည်းရုံးဆောင်ရွက်ခြင်း၊

ဝန်ကြီးဌာန (၃)ခုအား ပေါင်းစုလိုက်သည့်အတွက် တိုးလာသောဌာနများ၏ လိုအပ်ချက်များနှင့်အညီလုပ်ငန်းခွင်ကျွမ်းကျင်မှုသင်တန်းများ တိုးမြှင့်ဖွင့်လှစ်သင်ကြားပေးနိုင်ခြင်း၊

နည်းပြများကို မွမ်းမံသင်တန်းများပေးခြင်း၊ အရည်အချင်းမြင့်မားသော ဘွဲ့ရဝန်ထမ်းများရွေးချယ်ခန့်အပ် တာဝန်ပေးခြင်းတို့ဖြင့် ကျောင်း၏ Capacity ကို မြှင့်တင်တည်ဆောက်ခြင်း။

လေ့ကျင့်ရေးကွင်းများကို အဆင့်မြှင့်တင်တည်ဆောက်ရန်နှင့် အရည်အသွေး၊ အရည်အချင်းရှိသော သင်ထောက်ကူပစ္စည်းများ စုဆောင်းဖြည့်တင်း၍သင်ကြားပေးရန်။

ကျောင်းနေပျော်စေရေးအတွက် ဝန်ထမ်းများနှင့်သင်တန်းသားများ၏ သက်သာချောင်ချိရေးကို အလေးထားဆောင်ရွက်ပေးခြင်းအပြင် သင်တန်းများတွင် Computer ဘာသာရပ်သင်ကြားသည့်အပြင် Internet, E-mail, Networking သင်ကြားပေးပြီး e-Government စနစ်အောင်မြင်ရေးကို အထောက်အပံ့ဖြစ်စေရန် စသည့်လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်လျက်ရှိသည်၊

ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်း၏ ဖွဲ့စည်းပုံတွင် ကျောင်းအုပ်ကြီးရုံးနှင့် ဒုတိယကျောင်းအုပ်ကြီးရုံးတို့ကို မဏ္ဍိုင်ပြု၍ စီမံခန့်ခွဲရေးဌာနနှင့် သင်ကြားလေ့ကျင့်ရေးဌာနဟူ၍ ဌာနကြီး (၂)ခုရှိသည့်အနက် စီမံခန့်ခွဲရေးဌာနအောက်တွင် ဌာနခွဲ (၂)ခုနှင့် သင်ကြားလေ့ကျင့်ရေးဌာနအောက်တွင် သင်တန်းဌာနခွဲ (၆)ခုတို့ဖြင့် ဖွဲ့စည်းထားရှိသည်။ ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်းရှိ (၃)နှစ်တာကာလအတွင်း ဖွဲ့စည်းပုံဝန်ထမ်းအင်အားကို အရာထမ်း (၃၅)ဦး၊ အမှုထမ်း (၂၃၀)ဦး၊ စုစုပေါင်း (၂၆၅)ဦး။ ၂၀၁၆–၂၀၁၇ ဘဏ္ဍာနှစ်တွင် အရာထမ်း (၂၇)ဦး၊ အမှုထမ်း (၁၃၀)ဦး၊ စုစုပေါင်း (၁၅၇)ဦး။ ၂၀၁၇–၂၀၁၈ ဘဏ္ဍာနှစ်တွင် အရာထမ်း (၃၁)ဦး၊ အမှုထမ်း (၁၄၃)ဦး၊ စုစုပေါင်း (၁၇၄)ဦး။ ယခုလက်ရှိ ၂၀၁၈–၂၀၁၉ ဘဏ္ဍာနှစ်တွင် အရာထမ်း (၃၁)ဦး၊ အမှုထမ်း (၁၄၄)ဦး၊ စုစုပေါင်း (၁၇၅)ဦး ခန့်ထားဆောင်ရွက်လျက်ရှိသည်၊

(၃)နှစ်တာကာလအတွင်း ပညာအရည်အချင်းမြင့်မားသော MA (English) (၂)ဦး၊ B.E ဘွဲ့ရ (၁၅)ဦး၊ B,Tech (၃)ဦး၊ LLB (၁)ဦး၊ B.A (English) (၁)ဦး၊ B.A (၃)ဦး၊ B.Sc (၇)ဦး၊ စုစုပေါင်း (၃၂)ဦးတို့ကို ကြိုတင်မျှော်မှန်း၍ လေ့ကျင့်ပျိုးထောင်ပေးခဲ့ပြီး အမြဲတမ်းဝန်ထမ်းများအဖြစ် ခန့်အပ်နိုင်ခဲ့သည်။

ထို့အပြင် ဌာနတွင်းမှ ဝန်ထမ်းများကိုလည်း ဖွဲ့စည်းပုံအင်အား၏ (၂/၃)အင်အားဘောင်အတွင်း၌ပင် ကျော်လွန်ခြင်းမရှိဘဲ ဖွဲ့စည်းပုံပါ လစ်လပ်ရာထူးနေရာများသို့ ဝန်ထမ်း (၈၄)ဦးကို ရာထူးတိုးမြှင့်ဆောင်ရွက်ပေးနိုင်ခဲ့သည်၊

ပြုပြင်တည်ဆောက်ရေးလုပ်ငန်းများ တိုးတက်အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှုအခြေအနေများအနေဖြင့်

**၂၀၁၆–၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း ပြုပြင်တည်ဆောက်ရေးလုပ်ငန်းများ**

သင်တန်းသားအိပ်ဆောင် (၉၀'× ၂၀'× ၁၀')၊ အုတ်ညှပ်၊ သွပ်မိုးနှင့် အထွေထွေပြုပြင်ခြင်း (၇)လုံး၊ 4 ½" အုတ်ခြံစည်းရိုးလုပ်ငန်း (၁၄၅၆'× ၆') (သံပန်းလုပ်ငန်းအပါအဝင်)၊ အမှုထမ်းနေအိမ် (၆)လုံး အထွေထွေပြုပြင်ခြင်း (၄၀'× ၂၀')ကြမ်းခင်းပြုပြင်ခြင်း၊ (၂၀'× 4 ½")မီးဖိုကြမ်းခင်းပြုပြင်ခြင်း၊ ၄" PVC ရေပိုက်လိုင်းများ လဲလှယ်ပြုပြင်ခြင်းနှင့် ရေသန့်မိလ္လာလုပ်ငန်းများပြုပြင်ခြင်း (၂၆၀၀')။



**၂၀၁၇–၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း ပြုပြင်တည်ဆောက်ရေးလုပ်ငန်းများ**

Transporter Truck နောက်တွဲယာဉ်မောင်း လေ့ကျင့်ရေးကွင်းတည်ဆောက်ခြင်း (၈၀'× ၂၂'× ၆") (၆၀'× ၂၂"× ၆") (T) ပုံစံ၊ သင်တန်းသားအိပ်ဆောင် သွပ်မိုးလဲလှယ်ခြင်းနှင့် အထွေထွေပြုပြင်ခြင်း (၉၀"× ၂၀"× ၁၀')(၁)လုံး၊ 4 ½" အုတ်ခြံစည်းရိုးလုပ်ငန်း (၁၀၄'× ၆') (သံပန်းလုပ်ငန်းအပါအဝင်)၊ ရေပိုက်လိုင်းများ လဲလှယ်ပြုပြင်ခြင်းနှင့် ရေသန့်မိလ္လာလုပ်ငန်းများပြုပြင်ခြင်း၊ အရာရှိသင်တန်းသားအိပ်ဆောင် (RC) တစ်ထပ်အကြီးစားပြုပြင်မွမ်းမံခြင်း (အောင်ဇေယျအိပ်ဆောင်)၊ ကျောင်းအုပ်ကြီးနှင့် ဒုတိယကျောင်းအုပ်ကြီးရုံး သန့်စင်ခန်းနှင့် ရေလောင်းရေအိမ်ဆောက်လုပ်ခြင်း။

**၂၀၁၈–၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်း ပြုပြင်တည်ဆောက်ရေးလုပ်ငန်းများ**

**၂၀၁၈ (ဧပြီလမှ စက်တင်ဘာလအထိ) (၆)လ**

4 ½" အုတ်ခြံစည်းရိုး အသစ်ပြုလုပ်ခြင်း (၁၆၈'× ၆')၊ သင်တန်းသားတန်းစီကွင်း (စစ်ရေးပြကွင်း)မြေထိန်းနံရံအကာ အုတ်ရေမြောင်း (၂၅၁'× ၂' .၆' × ၂')ပြုလုပ်ခြင်း။

**၂၀၁၈–၂၀၁၉ ဘဏ္ဍာရေးနှစ်**

သင်တန်းသားစာသင်ဆောင် (စက်ဆင်ဆောင်) သွပ်မိုးနှင့် မျက်နှာကြက်လဲလှယ်ခြင်း (၁၀၀'× ၃၀'× ၁၃')၊ ကျောင်းတွင်းလျှပ်စစ်လိုင်းများအား No-6 Copper Wire ဖြင့် အစားထိုးလဲလှယ်ခြင်းနှင့် Sub Meter တပ်ဆင်ခြင်း (၁၂၀)လုံး၊ သင်တန်းသားအိပ်ဆောင်ကြား ကွန်ကရစ်လမ်းသစ်ဖောက်လုပ်ခြင်း (၈၂၆'× ၁၂'× ၆")၊ ကားထားရန်အဆောက်အဦနေရာ (၁၀၀'× ၁၂' × ၆")၊ (၁၂၀'× ၃၀'× ၆") ကွန်ကရစ်ကြမ်းခင်းခြင်း၊ 4 ½" အုတ်ခြံစည်းရိုးလုပ်ငန်း (၂၅၀၀'× ၆') သံဆူးကြိုးတန်းပါ၊ နှစ်ခန်းတွဲရေလောင်းရေအိမ် (၉'× ၄'× ၇') ဆောက်လုပ်ခြင်းနှင့် မိလ္လာကန် (၈'× ၆'× ၆') ပြုလုပ်ခြင်းအပါအဝင် (၇)လုံး၊ ကျောင်းရှေ့ရှိ ယာဉ်ကြီးမောင်းလေ့ကျင့်ရေးကွင်း (၂၇၀၀'× ၁၂'× ၉") ကွန်ကရစ်လမ်းဖောက်လုပ်ခြင်း၊ သင်တန်းသားအိပ်ဆောင်ကြား အုတ်စီရေမြောင်း (၅၀၀'× ၄'× ၄') ပြုလုပ်ခြင်း၊ စားရိပ်သာတိုးချဲ့ဆောင် (၆၀၀'× ၂၈'× ၁၂') ဆောက်လုပ်ခြင်း (Steel Structure) ဖြင့် (လျှပ်စစ်မီးလိုင်းအပါအဝင်)၊ သင်တန်းသားအိပ်ဆောင်ကြားနှင့် ဌာနချုပ်ရုံးအနီး လမ်းများရေတိုက်စားမှုမဖြစ်ပေါ်စေရန်အတွက် အမိုးပိတ်ကွန်ကရစ်တံတား (၂၄'× ၃'× ၃'× ၆") (၆)ခုနှင့် (၂၄'× ၄'× ၆'× ၆") (၁)ခုပြုလုပ်ခြင်း၊ အရာထမ်းနေအိမ် အထွေထွေပြုပြင်ခြင်း (၃၀'× ၂၅' × ၁၀') (Wall, Ceiling, Painting)၊ သင်တန်းသားအိပ်ဆောင် (၉၀'× ၂၀' × ၁၀') (၂)လုံး အကြီးစားပြုပြင်ခြင်း၊ ဌာနချုပ်ရုံးအနီး မိုးရေကန် (၂၇'.၃"× ၁၁'× ၇'.၆") အား Ground Tank အဖြစ်ပြုလုပ်ခြင်းနှင့် ရေပိုက်သွယ်တန်းခြင်း (၁၄၀၀') သင်တန်းသားအရာရှိအိပ်ဆောင် အထွေထွေပြုပြင်ခြင်း (အောင်ဇေယျအိပ်ဆောင်)(၁၇၄'× ၄၆'× ၁၂'.၆")၊ ဒုတိယညွှန်ကြားရေးမှူး (သလရ)ရုံးခန်း (၃၀'× ၁၅'× ၁၂') (RC) တိုးချဲ့ခြင်း (ရေ/မီး အပါအဝင်)၊ ပေါက်ချောင်းရေစက်ရေဆိုးကန်ပေါ်ရှိပိုက်လိုင်းတွင် ပိုင်တိုင်စိုက်ထူခြင်း (၁၂'× ၅"× ၅")(၆၂)စုံ၊ သင်တန်းသူအိပ်ဆောင် (၉၀'× ၂၀'× ၁၂')ပေါ်တီကို (၂၀'× ၂၀'× ၁၂')အုတ်ညှပ်ဆောက်လုပ်ခြင်း (Steel Structure)ဖြင့် (လျှပ်စစ်မီးလိုင်းအပါအဝင်)၊ (၃)နှစ်တာကာလအတွင်း ဘဏ္ဍာရေးနှစ်အလိုက် သင်ထောက်ကူပစ္စည်းများ တိုးတက်ရရှိခဲ့မှုအခြေအနေမှာ

**၂၀၁၆–၂၀၁၇ ဘဏ္ဍာရေးနှစ်တွင်**

Desktop Computer Intel Core i7 ၂၅–လုံး၊ UPS (1250VA) ၂၅–လုံး၊ Digital Multifunction Copier ၂–လုံး၊ Printer (Canon LBP2900) ၁၂–လုံး။

**၂၀၁၇–၂၀၁၈ ဘဏ္ဍာရေးနှစ်တွင်**

Desktop Computer Intel Core i7 ၆–လုံး၊ UPS (1250VA) ၆–လုံး၊ Digital Multifunction Copier ၁–လုံး၊ Printer (Canon LBP2900) ၃–လုံး၊ Projector (View Sonic) ၁–လုံး၊ CCTV 4Channels Camera Package ၁–စုံ။

**၂၀၁၈–၂၀၁၉ ခုနှစ်အတွင်း**

Color Printer (Inkjet Type) ၃–လုံး၊ Digital Multi-Functional Copier ၂–လုံး၊ Projector with Screen ၁–စုံ၊

Huawei Company မှ ၂၁.၁၁.၂၀၁၇ ရက်တွင် Huawei Company မှ သင်ကြားလေ့ကျင့်ရေးထိရောက်အောင်မြင်စွာ ပို့ချနိုင်ရေးအတွက်ကျောင်းသို့ ကွန်ပျူတာနှင့် ကွန်ပျူတာဆက်စပ်ပစ္စည်းများကို ပေးပို့လှူဒါန်းခဲ့ပြီး Networking Course (ToT) သင်တန်းကို ၁၁.၁၂.၂၀၁၇ ရက်မှ ၂၁.၁၂.၂၀၁၇ ရက်အထိ သင်တန်းပို့ချပေးနိုင်ခဲ့သည်၊

Lap Top (New) Acer အမျိုးအစား ၃၀–လုံး၊ Lap Top (Used) Lenovo ၅၀–လုံး၊ Projector ၁–လုံး၊ Computer Table & Chair ၃၀–စုံ၊ 2HP Conditioner (Vertical) ၂–လုံး၊

သင်ကြားရေးယာဉ်စက်ခေါင်းအမှတ် DD1132 စက်ခေါင်းသယ်ယူ၍ ရထားသင်တန်းဌာနခွဲမှဖွင့်လှစ်လျက်ရှိသော သင်တန်းများတွင် တက်ရောက်လာသည့် သင်တန်းသားများအား သင်ကြားပို့ချရာတွင် ပိုမိုအထောက်အကူဖြစ်စေရန်အတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ လက်ဆောင်ရရှိသော စက်ခေါင်းများအနက် စက်ခေါင်းအမှတ် DD1132 ကို မြန်မာ့မီးရထားရွာထောင်စက်ခေါင်းစက်ရုံမှ သယ်ယူခဲ့ပြီး ကျောင်းရှိသရုပ်ပြသံလမ်းပေါ်တွင် ထားရှိအသုံးပြုလေ့ကျင့်ပေးလျက်ရှိခဲ့သည်။

လှမျိုး၊ ဘုန်းပိုင်ဦး



# Bridge Resource Management မောင်မှူး

**ရေယာဉ်မောင်းနှင်သည့် ထိန်းချုပ်ကွပ်ကဲစင်ရှိ အဖွဲ့ဝင်ရေယာဉ်ဝန်ထမ်းများ၊ ရေကြောင်းမောင်းနှင်မှု အထောက်အကူပြု ပစ္စည်းကိရိယာများ၊ ရေကြောင်းမောင်းနှင်မှုဆိုင်ရာ ပစ္စည်းကိရိယာများ၊ ရေကြောင်းမောင်းနှင်မှုဆိုင်ရာ သတင်းအချက်အလက်များ/ရာသီဥတု၊ မိုးလေဝသဆိုင်ရာ သတင်းအချက်အလက်များအပေါ်၊ စီမံခန့်ခွဲအကဲဖြတ် သုံးသပ်/ဆုံးဖြတ် ဆောင်ရွက်ချက်**

ရေယာဉ်မောင်းနှင်သည့် ပဲ့စင်ရှိ၊ အဖွဲ့ဝင်ရေယာဉ်ဝန်ထမ်းများ၊ ရေကြောင်းမောင်းနှင်မှု အထောက်အကူပြု ပစ္စည်းကိရိယာများ၊ရေကြောင်းမောင်းနှင်မှုဆိုင်ရာ ပစ္စည်းကိရိယာများ၊ ရေကြောင်းမောင်းနှင်မှုဆိုင်ရာ သတင်းအချက်အလက်များ/ရာသီဥတု၊ မိုးလေဝသဆိုင်ရာ သတင်းအချက်လက်များအပေါ်၊ စီမံခန့်ခွဲအကဲဖြတ် သုံးသပ်/ဆုံးဖြတ် ဆောင်ရွက်ချက်ကို ရေယာဉ်မောင်းနှင်သည့် ပဲ့စင်ရှိ၊ အဖွဲ့ဝင်ရေယာဉ်ဝန်ထမ်းများ၏ ပြုမူလုပ်ဆောင်ချက်များအပေါ် စီမံခန့်ခွဲမှုဟုလည်း ခေါ်ဝေါ်သုံးနှုန်းပြီး ကုန်တင်သည့်ဆိပ်ကမ်းမှ ကုန်ချမည့်ဆိပ်ကမ်းတိုင် ဘေးကင်းလုံခြုံသော ရေကြောင်းမောင်းနှင်မှုဖြစ်စေရန်–

၁။ ရေကြောင်းမောင်းနှင်မှုဆိုင်ရာ စက်ပစ္စည်းများ၏ သဘော်တည်နေရာနှင့် ရေပြင်အတိမ်အနက်ပြ သတင်းအချက်အလက်များ

၂။ ရေယာဉ်များတည်ရှိသွားလာမှုပြ ရေဒါသတင်းအချက်အလက်များ

၃။ မိုးလေဝသနှင့်ရာသီဥတုဆိုင်ရာ သတင်းအချက်အလက်များ (ဥပမာ မြူနှင်းများကျနေ၍ မြင်ကွင်းမရှင်းပါ။ လေပြင်းကျရောက်နေ၍ လှိုင်းကြီးနေပါ၍ မိမိဘေးကင်းလုံခြုံသောရေလမ်းကြောင်းကို ဂရုပြုမောင်းနှင်ပါ။ ဒီရေထချိန်ဖြစ်၍ ဆိပ်ကမ်းအထွက်သင်္ဘောများ ရေတက်ချိန်တွင် သတ်မှတ်လမ်းကြောင်း၏ ဘယ်ဘက်သို့ရောက်ရှိတတ်၍ ဂရုပြုပါ။)

၄။ ဆိပ်ကမ်းရေလမ်းကြောင်းသွားလာမှု ထိန်းချုပ်ကွပ်ကဲရေးမျှော်စင်မှ သတိပေးသတင်းအချက်အလက်များ (ဥပမာ ဆိပ်ကမ်းအတွင်း သတ်မှတ်ရေယာဉ်လမ်းကြောင်း၌ သင်္ဘောအရှိန်အနည်းဆုံး (၈)မိုင်ထက်မနည်းစေ/သင်္ဘောအရှိန် အများဆုံး (၁၂)မိုင်ထက်မများစေပဲ ဖြစ်ပေါ်နေသော ရေယာဉ်များသွားလာမှု/ရေစီး/လေတိုက်နှုန်း၊ ရာသီဥတုအခြေအနေနှင့် လျော်ညီစွာ ဂရုပြုမောင်းနှင်ပါ။

သတင်းအချက်အလက် ဖလှယ်နိုင်ရန် ရေဒီယို Channel ၁၄ ကို အမြဲဂရုပြု နားစွင့်ပါ။ ရေယာဉ်များ အချင်းချင်း သတင်းအချက်အလက်ဖလှယ်နိုင်ရန် ရေဒီယို Channel ၁၆ ကိုအမြဲဂရုပြု နားစွင့်ပါ။)

၅။ လုံလောက်သောအဖွဲ့ဝင်ရေယာဉ်ဝန်ထမ်းများ ရေကြောင်းမောင်းနှင်သည့်ပဲ့စင်၌ တာဝန်ချထား၍၊ လုံလောက်သော နားချိန်နှင့် အရက်သေစာသောက်စားမှု ကင်းစင်မှုရှိစေရန် ဂရုပြုပါ။

၆။ SITUATIONAL AWARENESS သတိကြီးစွာထား၍ အထူးဂရုပြုလုပ်ဆောင်ပါ။

ဘေးကင်းလုံခြုံချောမွေ့အောင်မြင်သော ရေကြောင်းမောင်းနှင်မှုမှာ ခေတ်မီရေကြောင်းအထောက်အကူပြု ပစ္စည်းကိရိယာများ၊ ဥပမာ–

၁။ ECDIS (Electronic Chart Display And Information System,interfaced with Gyro,GPS, Speed Log,Echo Sounder,Radars,AIS) သင်္ဘောတည်နေရာနှင့် ဆက်စပ်ရေအနက်၊ ရေတိမ်နေရာများ၊ ရေလမ်းကြောင်းဘေးအန္တရာယ်ရှိ ကျောက်ဆောင်/သင်္ဘောပျက်များ၊ သင်္ဘောဦးတည်အရပ်ဒီဂရီနှင့် ရေစီး/လေတိုက်နှုန်းကြောင့် အမှန်တကယ်ဦးတည်နေသော အရပ်ဒီဂရီသင်္ဘောမြန်နှုန်းနှင့် ရေစီး၊ လေတိုက်နှုန်းကြောင့် မျောပါနေသော ဦးတည်အရပ်ဒီဂရီနှင့် အရှိန်နှုန်း၊ AIS (Automatic Indentification System, အလိုအလျောက် မိမိရေယာဉ်အနီးရှိ ရေယာဉ်များ၏ Call Sign,IMO number, Course, Speed,ETA to next port,Drafts,Navigational Status) စသည့်သတင်းအချက်အလက်များ

၂။ VTIS (Vessel Traffic Information System) မှ သတိပေးထုတ်ပြန်သော ရေကြောင်းသွားလာမှု သတင်းအချက်အလက်များကို သင်္ဘောရေဒီယိုများမှတစ်ဆင့် ကြားနာဂရုပြုမောင်းနှင်ရပါမည်။

Ship's VHF Radio,listening channel 16 နှင့် Assigned Radio Channel မှ ကြားသိရသော ရေကြောင်းသွားလာမှု သတိပေးထုတ်ပြန်သော သတင်းအချက်အလက်များ (ဥပမာ သင်္ဘော "ကကက" ရေကြောင်းပြယူရန် သတ်မှတ်နေရာ က (၁)သို့ ချဉ်းကပ်နေသည်။ ယခု ဦးတည်ရေလမ်းကြောင်းမှားယွင်းမှုကြောင့် ရေတိမ်ဘက်သို့ဦးတည်နေ၍ သင်၏ဘယ်ဘက်သို့အမြန်ကွေ့၍ အရှိန်လျှော့ချပါ။ ယခုရောက်ရှိနေသောနေရာသည် ဆိပ်ကမ်းသို့အဝင်သင်္ဘောများနှင့် အထွက်သင်္ဘောများ ဆုံရာအရပ်ဖြစ်၍ အရှိန်လျှော့/ဖြည်းနှင်းစွာဂရုပြု မောင်းနှင်ပါ။)

အစရှိသော ရေကြောင်းဆိုင်ရာ သတင်းအချက်အလက်များအပေါ် ဆန်းစစ်၊ စိစစ်သုံးသပ်အကဲဖြတ်၍ အရေးကြီးမှုအစဉ်အတိုင်း ဦးစားပေးဆုံးဖြတ် လုပ်ဆောင်မောင်းနှင်ချက် ဖြစ်ပါသည်။

ရေလမ်းသွားလာမှုရှုပ်ထွေးသောနေရာများ/ရေကြောင်းကျဉ်းသောနေရာများ (သို့မဟုတ်)ဆိပ်ကမ်းသို့ ချဉ်းကပ်ရာရေပြင်များတွင်၊ အစရှိသော နေရာများတွင် ရေကြောင်းဆိုင်ရာသတင်းအချက်အလက်များအပေါ် ဆန်းစစ်၊ စိစစ်သုံးသပ်အကဲဖြတ်၍ အရေးကြီးမှုအစဉ်အတိုင်းဦးစားပေးလုပ်ဆောင်မှုများစွာမြင့်မားလာပြီး ဘေးအန္တရာယ်ကင်းရှင်းစေရန် အထူးဂရုပြုမောင်းနှင်ရမည် ဖြစ်ပါသည်။



ဘေးကင်းလုံခြုံရေးအတွက် အထူးအရေးကြီးနေသော၊ အတိမ်းအစောင်းမခံနိုင်သော ရေကြောင်းမောင်းနှင်မှု အခြေအနေတွင် ရေကြောင်းဆိုင်ရာသတင်းအချက်အလက်များအပေါ် မှားယွင်းမေ့လျော့ခြင်း (သို့မဟုတ်) မမှန်မကန် သုံးသပ်အကဲဖြတ်ခြင်းများကြောင့် မလိုလားအပ်သောရေကြောင်းဘေးကင်းဆိုင်ရာ အခြေအနေကို အလေးဂရုမပြုနိုင်ခြင်း ဖြစ်တတ်ပါတယ်။ စသောဂရုပြုဖွယ်များကို စီမံခန့်ခွဲ၊ သုံးသပ်၊ အကဲဖြတ်၊ ဆုံးဖြတ်လုပ်ဆောင်ချက် ဖြစ်ပါသည်။

ရေယာဉ်မောင်းနှင်သည့်ပဲ့စင်ရှိ အဖွဲ့ဝင်ရေယာဉ်ဝန်ထမ်းများ၊ ရေကြောင်းမောင်းနှင်မှု အထောက်အကူပြု ပစ္စည်းကိရိယာများ၊ ရေကြောင်းမောင်းနှင်မှုဆိုင်ရာ ပစ္စည်းကိရိယာများ၊ ရေကြောင်းမောင်းနှင်မှုဆိုင်ရာ သတင်းအချက်အလက်များ/ရာသီဥတု၊ မိုးလေဝသဆိုင်ရာ သတင်းအချက်အလက်များအပေါ် စီမံခန့်ခွဲအကဲဖြတ် သုံးသပ်/ဆုံးဖြတ် ဆောင်ရွက်ချက်၊ ချို့ယွင်းအားနည်းချက်များကြောင့် ကမ္ဘာ့ဒေသအသီးသီးရှိ အဓိကရေကြောင်းဆိုင်ရာ ထိခိုက်ပျက်စီးဆုံးရှုံးမှုများနှင့် ဆက်စပ်ရေပြင်ညစ်ညမ်းမှု၊ ရေလမ်းကြောင်းအဟန့်အတား၊ ပိတ်ဆို့ထိခိုက်မှုများကို ဖြစ်ပေါ်စေပါသည်။

ကမ္ဘာ့ဒေသအသီးသီးရှိ မကြာခဏဖြစ်ပွားလျက်ရှိသော ရေကြောင်းဆိုင်ရာ ထိခိုက်ပျက်စီးဆုံးရှုံးမှုများနှင့် ဆက်စပ်ရေပြင်ညစ်ညမ်းမှု၊ ရေလမ်းကြောင်းအဟန့်အတား၊ ပိတ်ဆို့ထိခိုက်မှုများ/မတော်တဆမှုများသည် ရေယာဉ်မောင်းနှင်သည့် ပဲ့စင်ရှိ အဖွဲ့ဝင်ရေယာဉ်ဝန်ထမ်းများ၊ ရေကြောင်းမောင်းနှင်မှု အထောက်အကူပြုပစ္စည်းကိရိယာများ၊ ရေကြောင်းမောင်းနှင်မှုဆိုင်ရာ ပစ္စည်းကိရိယာများ၊ ရေကြောင်းမောင်းနှင်မှုဆိုင်ရာ သတင်းအချက်အလက်များ/ရာသီဥတု၊ မိုးလေဝသဆိုင်ရာ သတင်းအချက်အလက်များအပေါ် စီမံခန့်ခွဲ အကဲဖြတ် သုံးသပ်/ဆုံးဖြတ် ဆောင်ရွက်ချက်၊ ချို့ယွင်းအားနည်းချက်များ/မှားယွင်းလုပ်ဆောင်ချက်များကြောင့်ဖြစ်ပါသည်။

ရေယာဉ်မောင်းနှင်သည့်ပဲ့စင်ရှိ အဖွဲ့ဝင်ရေယာဉ်ဝန်ထမ်းများ၊ ရေကြောင်းမောင်းနှင်မှုအထောက်အကူပြု ပစ္စည်းကိရိယာများ၊ ရေကြောင်းမောင်းနှင်မှုဆိုင်ရာ ပစ္စည်းကိရိယာများ၊ ရေကြောင်းမောင်းနှင်မှုဆိုင်ရာ သတင်းအချက်အလက်များ/ရာသီဥတု၊ မိုးလေဝသဆိုင်ရာသတင်းအချက်အလက်များအပေါ် စီမံခန့်ခွဲ အကဲဖြတ် သုံးသပ်/ဆုံးဖြတ်ဆောင်ရွက်ချက်များကို သဘောပေါက်နားလည်ပြီး ကျင့်သုံးလိုက်နာခြင်းသည် ရေကြောင်းဆိုင်ရာ ထိခိုက်ပျက်စီးဆုံးရှုံးမှုများနှင့် ဆက်စပ်ရေပြင်ညစ်ညမ်းမှု၊ ရေလမ်းကြောင်းအဟန့်အတား၊ ပိတ်ဆို့ထိခိုက်မှုများ/ရေကြောင်းဆိုင်ရာမတော်တဆထိခိုက်မှု ဘေးအန္တရာယ်များကို လျော့ကျစေပြီး ဖြစ်ပေါ်နေသော အခြေအနေ၊ အချိန်အခါနှင့်အညီ ဆီလျော်သော သုံးသပ်/ဆုံးဖြတ် လုပ်ဆောင်ချက်များကို ရရှိစေပါသည်။

အကောင်းဆုံး စီမံခန့်ခွဲမှု ကျင့်ထုံးနည်းနာများတွင်

–ရည်ရွယ်ချက်/ရည်မှန်းချက်၊ အောင်မြင်မှုပန်းတိုင်ကို ရှင်းလင်းဆွေးနွေး၊ အကောင်းဆုံးနည်းလမ်းကို အဖွဲ့ဝင်များအားလုံး သဘောပေါက်ကျင့်သုံးလိုက်နာခြင်း၊

–တိကျသေချာသော တာဝန်ခွဲဝေမှု/တာဝန်ကျေပွန်မှု၊ လုပ်ငန်းနှင့်မိမိအဖွဲ့ဝင်များအပေါ် စောင့်သိလေးစားမှု၊

–ထိရောက်သေချာ၊ ကျွမ်းကျင်၊ လုပ်ငန်းနိုင်နင်းသော အဖွဲ့ဝင်နှင့် ပံ့ပိုးဖြည့်ဆည်းပေးသော၊ ကောင်းမွန်သော၊ အဖွဲ့အစည်းရှိမှု၊

–လုပ်ငန်းရည်မှန်းချက်ကို အခြေအနေအချိန်အခါနှင့် ဆီလျော်စွာကျင့်သုံးလုပ်ဆောင်နိုင်သော စွမ်းဆောင်ရှင် တာဝန်ကျေပွန်သောဝန်ထမ်းကောင်းများ ရှိရန်အထူးလိုအပ်ပါကြောင်း လေးစားစွာဖြင့် တင်ပြအပ်ပါသည်။ ။



## Transcom News journal Cartoons





# ငယ်ဘဝစာမှတ်တရများထဲက တစ်ခုဖြစ်သည့် Aladdin



အာလာဒင်သည် ငယ်စဉ်ဘဝကတည်းကပင်ဖခင်ဖြစ်သူ နောက်အိမ်ထောင်ပြုကာ မိသားစုကိုပစ်သွားခဲ့သည့်အတွက် မိခင်နှင့်အတူ ချို့တဲ့စွာနေထိုင်ခဲ့ရသည်။ ထို့ပြင်အာလာဒင်ကလေးဘဝမှာပင် မိခင်ဖြစ်သူမှာလည်း ဓားပြများကြောင့် အသက်သေဆုံးခဲ့ရပြီးအခြားသော စောင့်ရှောက်သူများကြောင့်အသက်ရှင်ခဲ့ရသော်လည်း ချို့တဲ့စွာနေထိုင်ခဲ့ရသူဖြစ်သည်။

လမ်းဘေးတွင် အသက်ရှင်သန်ရေးအတွက် အစားအသောက်များရှာဖွေစားရင်း ပန်းသီးတစ်လုံးအား ခိုးယူမိသည့်အတွက်ဘုရင့်အကျဉ်းတိုက်တွင် ဖမ်းဆီးခြင်းခံရသည်။ ထို့နောက်ဘုရင့်အကျဉ်းတိုက်မှ အာလာဒင်တစ်ယောက်လွတ်မြောက်အောင်ကြိုးစားခဲ့ပြီးနောက် မီးခွက်စောင့်အဖြစ် ချုပ်နှောင်ခံထားရသည့် လိုတရ ဘီလူးတစ်ကောင်နှင့် မှော်မီးခွက်ကိုတွေ့ရှိခဲ့သည်။

ယင်းမှော်မီးခွက်အစွမ်းဖြင့် အာလာဒင်က သူချစ်သူAgrabah မြို့တော်၏ မင်းသမီး၊ ဆူလ်တန် ဘုရင်၏ သမီးတော် ဂျက်စမင်နှင့် နီးစပ်ရန်နှင့် မီးခွက်အစွမ်းဖြင့် Agrabah မြို့တော်ကို သိမ်းပိုက်ရန်ကြိုးစားနေသည့် မှုစလင်အကြီးအကဲ ဂျက်ဖာဆို သူ၏ရန်ကို ကာကွယ်ရန်ကြိုးစားရသည်များကို ရိုက်ကူးထားခြင်းဖြစ်သည်။

Aladdin(3D)ရုပ်ရှင်ကို ဒါရိုက်တာ Guy Ritchie ရိုက်ကူးပြီး Naomi Scott,Will Smith,Billy Magnussen,Alan Tudyk တို့ အဓိကပါဝင်သရုပ်ဆောင်ထားသည်။

မှော်မီးခွက်ကို ရှာတွေ့သည့် Aladdin သည် မီးခွက်စောင့် Genie ကြီး အကူအညီနှင့် Agrabah တိုင်းပြည်၏ မင်းသမီးလေး Jasmine ရဲ့ အချစ်ကိုရယူရန်ကြိုးစားရင်း မှော်မီးခွက်ကို လိုချင်နေသည့် မှော်ဆရာ Jafar ၏ အန္တရာယ်များနှင့် ရင်ဆိုင်ကြရသည့် အကြောင်းအရာများ . . . ငယ်ဘဝတွေအမှတ်တရများထဲကတစ်ခုဖြစ်သည့် Aladdin ကို ပျော်စရာကောင်းသည့် တေးသီချင်းများနှင့် မိသားစု အလိုက်ကြည့်သင့်သည့် ဇာတ်ကားအဖြစ် Aladdin(3D) ရုပ်ရှင်ဇာတ်ကားကို ရန်ကုန်၊ မန္တလေး အပါအဝင်မြို့ကြီးအများအပြားရှိရုပ်ရှင်ရုံများတွင် မေလ ၂၃ရက်မှစတင်ကာ နိုင်ငံတကာရုပ်ရုပ်ရုံများနှင့် အပြိုင်ပြသနေပြီလည်း ဖြစ်သည်။

ES







# ရုံတင်ဖို့ သုံးနှစ် စောင့်ခဲ့ရတယ်ဆိုတဲ့ "ယောက်ဖစစ်ဆင်ရေး" လာပြီ




မေပျိုသည် ငယ်စဉ်ကတည်းက မိဘများဆုံးပါးသွားခဲ့သည့်အတွက် အစ်ကိုသုံးဦး၏ အုပ်ထိန်းမှုအောက်တွင်ကြီးပြင်းလာခဲ့ရသူဖြစ်သည်။ မေပျို၏ အစ်ကိုဆွေညိုက စိုက်ပျိုးမွေးမြူရေး လုပ်ငန်း လုပ်ကိုင်နေပြီး အစ်ကိုလတ်ငွေကိုက ဟိုတယ်လုပ်ငန်း လုပ်ကိုင်သူဖြစ်သည်။ အစ်ကိုအငယ်ဆုံးလေချိုနှင့် မေပျိုတို့ကမူ အသက်အရွယ်အရမ်းမကွာသည့်အတွက်ပိုမိုရင်းနှီးခင်မင်ကြသည်။

အစ်ကိုများနှင့် နေထိုင်ကြီးပြင်းခဲ့ရသူမေပျိုက မိန်းမဆန်ဆန်မနေတတ်။ ယောက်ျားလျာ စိတ်ပေါက်ကာ အငယ်ဆုံးနှင့် မိသားစုတွင်ပြဿနာအရှာဆုံး ဖြစ်နေခဲ့သည်။မေပျိုကြောင့် အစ်ကိုကြီးဆွေညိုနှင့် အစ်ကိုလတ်ငွေကိုတို့လည်း အမြဲလိုဒုက္ခများခဲ့ရသည့်အတွက် မေပျိုအားမိန်းမ စိတ်ဝင်စားရေး ယောကျ်ားပေးစားမှဖြစ်မည်ဟု တွေးမိကြသည်။ ထို့နောက်တွင်အစ်ကိုသုံးယောက်ပူးပေါင်းကာ မေပျိုအား ယောကျ်ားပေးစားရန် အတွက် ယောက်ဖစစ်ဆင်ရေး တစ်ခုကို စတင်ခဲ့ကြသည်။


ငွေကိုနှင့်လေချိုတို့ ဦးဆောင်သည့် ယောက်ဖစစ်ဆင်ရေးတွင်အဓိကပစ်မှတ်ဖြစ်လာသူက တိုးတိုးဖြစ်သည်။ မေပျိုတို့၏ဖခင်ဖြစ်သူနှင့်ရုပ်ချင်း ချွတ်စွပ်တူလွန်းသည့်တိုးတိုးကို ငွေကိုနှင့်လေချိုတို့က ခင်အောင်ပေါင်းကာမေပျိုနှင့် နီးစပ်မှုရရှိစေရန်ကြိုးပမ်းရာမှဖြစ်ပေါ်လာသည်ကို ဟာသဇာတ်ကားအဖြစ်ရိုက်ကူးထားခြင်းဖြစ်သည်။

ယောက်ဖစစ်ဆင်ရေး ဇာတ်ကားသည် လွင်မင်းအုံဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို ဒါရိုက်တာညီညီထွန်းလွင်က ရိုက်ကူးထားပြီး ဇေရဲထက်၊ ခင်ဝင့်ဝါ၊ ရာဇာနေဝင်း၊ ခင်လှိုင်၊ ကျော်ကျော်၊ မေပန်းချီ၊ ယွန်းရွှေရည်နှင့် အနုပညာရှင်များစွာပါဝင်သရုပ်ဆောင်ထားခြင်းဖြစ်သည်။

အဆိုပါယောက်ဖစစ်ဆင်ရေးဇာတ်ကားရုံတင်ရန် သုံးနှစ်ခန့်စောင့်ခဲ့ရပြီး ဇာတ်လမ်းဇာတ်ကွက်အရ ရယ်စရာဖြစ်အောင် ရိုက်ကူးထားသောကြောင့် ပရိသတ်အကြိုက်တွေ့မည်ဟု ဒါရိုက်တာညီညီထွန်းလွင်က ဆိုထားတဲ့ဇာတ်ကား . . . ယောက်ဖကို ဘယ်လို Lesson ပေးပြီး ဘယ်လိုရယ်စရာဇာတ်ကွက်များနှင့် ရိုက်ကူးထားသည်ဆိုတာဖြင့် . . .။

ES

# သတ်ဖြတ်ခံရသော ဂျာနယ်လစ်များကို ပုပ်ရဟန်းမင်းကြီး ဂုဏ်ပြု



ပုပ်ရဟန်းမင်းကြီး ဖရန်စစ်က ကိုယ့်အလုပ်ကိုယ်လုပ်နေရင်း သတ်ဖြတ်ခံရသည့် ဂျာနယ်လစ်များကို ဂုဏ်ပြုပြီး မီဒီယာလွတ်လပ်ခွင့်သည် နိုင်ငံတစ်နိုင်ငံ၏ အခြေအနေ ကောင်းမွန်ရေး အဓိကကျသော လက္ခဏာတစ်ခုဖြစ်သည်ဟု ပြောကြားခဲ့သည်။ အီတလီနိုင်ငံတွင် နိုင်ငံခြားမီဒီယာအဖွဲ့အစည်းသို့ ပြောကြားသော မိန့်ခွန်းအတွင်း ၎င်းက ဂျာနယ်လစ်များအနေဖြင့် သတင်းတုများကိုရှောင်ရှားရန်နှင့် သတင်းခေါင်းကြီးပိုင်းတွင် မပါဝင်နိုင်တော့သော်လည်း ခံစားနေကြဆဲ လူများ၏ အတိဒုက္ခများအတွက် ဆက်လက်သတင်းရေးသားဖော်ပြရန်၊ အထူးသဖြင့် ဘင်္ဂါလီ(မူရင်း၌ ရိုဟင်ဂျာဟု ဖော်ပြထား)နှင့် ယာဇီဒီလူမျိုးများ၏ ဒုက္ခများကို ဆက်လက်ဖော်ပြရန် တိုက်တွန်းခဲ့သည်။

စစ်ပွဲများနှင့် အခြားဆိုးရွားသော အခြေအနေများအတွင်း ဖြစ်ပျက်နေသော အကြောင်းအရာများကို သတင်းပို့ရန် နိုင်ငံများအတွင်း သတ္တိရှိရှိ စွန့်လွှတ်အလုပ်လုပ်ရင်း သတ်ဖြတ်ခံရသည့် သတင်းထောက်များအကြောင်းကြားသိရသဖြင့် ရင်နာကြောင်း ပုပ်ရဟန်းမင်းကြီးက ပြောကြားသည်။

နိုင်ငံခြားမီဒီယာအဖွဲ့အစည်းဥက္ကဋ္ဌ ပက်ထရီစီယာသော မတ်စ်ကသတင်းထောက်များ အလုပ်လုပ်နေရင်း သတ်ဖြတ်ခံရမှုဖြစ်ရပ်များကို ပုပ်ရဟန်းမင်းကြီးအား ပြောပြခဲ့သည်။

မီဒီယာလွတ်လပ်ခွင့်သည် နိုင်ငံတစ်နိုင်ငံ၏ ကောင်းမွန်သောအခြေအနေကို ဖော်ပြသည့်အရေးပါသော အခြေအနေဖြစ်သည်ဟု ဖရန်စစ်က ပြောကြားသည်။

နိုင်ငံခြားမီဒီယာများနှင့် မိသားစုဝင် ၄၀၀ ကျော်ပါဝင်သော ပရိသတ်သို့ ပုပ်ရဟန်းမင်းကြီး ဖရန်စစ်က မိန့်ခွန်းပြောကြားရာတွင်မည်သည့် နိုင်ငံ၏အမည်မျှ ထုတ်ဖော်ပြောကြားခဲ့ခြင်း မရှိပေ။

မိမိတို့သည် ဖိနှိပ်ခံနေရသောစားစာခံများဘက်က ရပ်တည်သည့် ဂျာနယ်လစ်များလိုအပ်ကြောင်း ၎င်းကပြောကြားသည်။

လရောင်—Ref: Reuters

# ယူကရိန်းသမ္မတသစ်က ပါလီမန်ကို ဖျက်သိမ်း ရှောင်တခင် ရွေးကောက်ပွဲခေါ်ယူ

ယူကရိန်းသမ္မတသစ်ဗိုလို ဒီမာဇီလန်စကီးက သမ္မတအဖြစ် ကျမ်းသစ္စာကျိန်ဆိုပြီးနောက် ပါလီမန်ကို ဖျက်သိမ်းကြောင်းနှင့် ရှောင်တခင်ရွေးကောက်ပွဲ ခေါ်ယူကြောင်း ကြေညာခဲ့သည်။ ဟာသပညာရှင်ဟောင်းမှ သမ္မတဖြစ်လာသူ ဇီလန်စကီးကယခင်သမ္မတ ပိုရိုရှန်ကိုအပေါ် သစ္စာခံသူများပြည့်နေသော ပါလီမန်တွင် ၎င်း၏ပါတီသစ်မှ လူများအနိုင်ရရန်ရည်မှန်းနေသည်။

ရွေးကောက်ပွဲကို ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလတွင် ကျင်းပမည်ဟု မျှော်လင့်သော်လည်း သမ္မတသစ်က ၎င်းအပေါ်လူကြိုက်များမှု မြင့်တက်နေစဉ် ရွေးကောက်ပွဲကျင်းပရန် ဆုံးဖြတ်ခြင်းဖြစ်သည်။

ယခင်က နိုင်ငံရေးအတွေ့အကြုံမရှိသော ဇီလန်စကီးသည် ပြီးခဲ့သည့်လက ရွေးကောက်ပွဲတွင် ပိုရိုရှန်ကိုအပေါ် အပြတ်အသတ်အနိုင်ရရှိခဲ့သည်။

နိုင်ငံအရှေ့ပိုင်းတွင် မော်စကိုထောက်ခံသော သူပုန်များနှင့် ဖြစ်ပေါ်နေသည့် ငါးနှစ်ကြာ ပဋိပက္ခအဆုံးသတ်ရေးသည် မိမိ၏ ဦးစားပေးကိစ္စဖြစ်သည်ဟု ဇီလန်စကီးက ပြောသည်။

ဇီလန်စကီးသည် အစိုးရအရာရှိများ အဂတိလိုက်စားမှု တိုက်ဖျက်မည်ဟူသော မဲဆွယ်ပွဲကတိဖြင့် စည်းရုံးလှုံ့ဆော်ခဲ့သည့် ရှောင်တခင်ရွေးကောက်ပွဲ မကျင်းပမီ နှစ်လတွင် လွှတ်တော်အမတ်များအနေဖြင့် ဖမ်းဆီးခြင်းမှ ကင်းလွတ်ခွင့်ပေးထားခြင်းကို ဖယ်ရှားမည့် ဥပဒေတစ်ရပ်ပြဋ္ဌာန်းမည်ဟု သမ္မတက ပြောသည်။

ထို့အပြင် အရာရှိများက မိမိကိုယ်ကို ချမ်းသာကြွယ်ဝအောင် ပြုလုပ်ခြင်းပိတ်ပင်သည့် ဥပဒေတစ်ရပ်ပြဋ္ဌာန်းရန် ဇီလန်စကီးက အမတ်များအား ပြောကြားသည်။

လရောင်
—Ref: Reuters

# ဒုံးကျည်ကာကွယ်ရေးစနစ်များကို ရုရှားနှင့် ပူးပေါင်းထုတ်လုပ်မည်ဟု တူရကီသမ္မတကြုံးဝါး



S-400ဒုံးကျည်ကာကွယ်ရေးစနစ်များကို ရုရှားနိုင်ငံမှ ဝယ်ယူရေးသည် ပြီးပြတ်ပြီးသား သဘောတူညီချက်ဖြစ်ကြောင်း တူရကီသမ္မတ အာဒိုဂန်က မေလ ၁၈ ရက်တွင် ပြောကြားပြီး တူရကီအစိုးရအနေဖြင့် S-500ဒုံးကျည်ကာကွယ်ရေးစနစ်များကို ရုရှားနှင့်ဖက်စပ်ထုတ်လုပ်မည်ဟုဆိုသည်။ ရုရှားထံမှ S-400 ဒုံးကျည်ကာကွယ်ရေးစနစ်များ ဝယ်ယူမည့်တူရကီ၏ အစီအစဉ်သည် အလွန်ပြဿနာပေးကြောင်း အမေရိကန်တာဝန်ရှိသူများက ပြောထားသည်။

ထို့အပြင် ယင်းစနစ်များက လော့ခ်ဟီမာတင်ကော်ပိုရေးရှင်းထုတ် ဂျက်လေယာဉ်များကို ကြားဖြတ်ဟန့်တားနိုင်သောကြောင့် တူရကီအစိုးရနှင့် ပူးပေါင်းဆောင်ရွက်နေသော F-35 တိုက်လေယာဉ်အစီအစဉ်ကို အန္တရာယ်ကျရောက်စေနိုင်ကြောင်း အမေရိကန်တာဝန်ရှိသူများက ပြောကြားသည်။

သို့သော် အစ္စတန်ဘူလ်မြို့ရှိ တက္ကသိုလ်ကျောင်းသားများနှင့် တွေ့ဆုံမေးမြန်းခန်း အစီအစဉ်တွင် အာဒိုဂန်က တူရကီသည်နည်းပညာပိုင်းဆိုင်ရာလုပ်ငန်း လုပ်ဆောင်ခဲ့ကြောင်းနှင့် ယင်းကဲ့သို့ ပြဿနာမဖြစ်ပွားနိုင်ကြောင်း တွေ့ရှိခဲ့သည်ဟု ပြောသည်။

"သူတို့က (အမေရိကန်) အခုဆိုရင်မလိုလားတာတစ်ချို့ပြသရင်း ဘောလုံးကို ကြားခံလူဆီမှာပဲပုတ်နေပါတယ်။ ဒါပေမဲ့ အနေးနဲ့အမြန်ဆိုသလို ကျွန်တော်တို့ F-35 တိုက်လေယာဉ်တွေ လက်ခံရရှိမှာပါ။ အမေရိကန်က F-35 လေယာဉ်တွေကို မပေးပို့ဘဲနေတာကရွေးချယ်ခွင့်တစ်ခုမဟုတ်ပါဘူး"ဟု အာဒိုဂန်က ပြောသည်။

လရောင်—Ref: Reuters



## ပင်လယ်ကွေ့ကောင်စီနှင့် အာရပ်လိဂ် အရေးပေါ်အစည်းအဝေးကျင်းပရန် ဆော်ဒီအာရေးဗီးယား တောင်းဆို

ဒေသအတွင်း မြင့်တက်လာသောတင်းမာမှုများအကြောင်း ဆွေးနွေးရေး ဆော်ဒီအာရေးဗီးယားအစိုးရက ပင်လယ်ကွေ့ပူးပေါင်းဆောင်ရွက်ရေး ကောင်စီနှင့်အာရပ်လိဂ်အရေးပေါ်အစည်းအဝေးများ ကျင်းပရန်တောင်းဆိုသည်။ ဒေသအတွင်းလတ်တလောကာလ၌ ကျူးကျော်မှုများနှင့်ယင်းနောက်ဆက်တွဲများကို ဆွေးနွေးရန် မေလ ၃၀ရက်တွင် မက္ကာမြို့၌ အရေးပေါ်ထိပ်သီးအစည်းအဝေးနှစ်ခုကျင်းပရေး ဆော်ဒီဘုရင်ဆယ်လ်မန်က ပင်လယ်ကွေ့ခေါင်းဆောင်များနှင့် အာရပ်နိုင်ငံများအားဖိတ်ခေါ်ထားသည်။

အီရန်ခြိမ်းခြောက်မှုများနှင့် ပတ်သက်၍ အမေရိကန်က လေယာဉ်တင်သင်္ဘောတစ်စီးနှင့် ဗုံးကြဲလေယာဉ်များ ဖြန့်ကြက်ထားခြင်းနှင့်အတူ ပင်လယ်ကွေ့၌ တင်းမာမှုများ မြင့်တက်နေသည်။

အီရန်နှင့် စစ်ခင်းရန်မလိုသေးကြောင်း၊ သို့သော် ကိုယ်ပိုင်အကျိုးစီးပွားများကို ကာကွယ်ရန် အသင့်ရှိကြောင်း ဆော်ဒီနိုင်ငံခြားရေးဝန်ကြီး အယ်လ်ဂျူဘီယာက ပြောသည်။

"ဆော်ဒီအစိုးရအနေနဲ့ စစ်ပွဲမလိုလားပါဘူး။ စစ်ဖြစ်ဖို့လည်း မရည်ရွယ်ပါဘူး။ ဒါပေမဲ့ ကိုယ်ကျိုးစီးပွားတွေကို ကာကွယ်ဖို့ အရာရာလုပ်ဆောင်မှာပါ"ဟု အယ်လ်ဂျူဘီယာက ပြောသည်။

ယူအေအီးရေပိုင်နက်အနီးတွင် ဆော်ဒီသင်္ဘောနှစ်စီးအပါအဝင် ရေနံတင်သင်္ဘောလေးစီးမေလ ၁၂ ရက်က ထူးထူးဆန်းဆန်းဖြစ်ပေါ်ခဲ့သော အဖျက်အမှောင့်တိုက်ခိုက်မှုများ၌ ထိခိုက်ပျက်စီးခဲ့သည်။ လရောင်

ပိုင်ဆောင်ဆက်သွယ် သတင်းဂျာနယ်
TRANSCOM NEWS JOURNAL
www.transcomjournal.com


# ညစ်ညမ်းဇာတ်ကား မှားယွင်းဖွင့်မိခြင်းကြောင့် လန်ဒန်ရထားအာဏာပိုင်များ ပြန်လည်တောင်းပန်




ရထားတွင် တပ်ဆင်ထားသော လော်စပီကာစနစ်မှတစ်ဆင့် ညစ်ညမ်းဇာတ်ကားအသံများ ထွက်ပေါ်လာရာမြို့ ပတ်ရထားစီးခရီးသည်များ ဇဝေဇဝါဖြစ်ခဲ့သည်။ အင်္ဂလန်နိုင်ငံ လန်ဒန်မြို့ South Western ရထားလိုင်းစီးနင်းသော ခရီးသည်များသည် ရထားလော်စပီကာမှထွက်ပေါ်လာသော ညစ်ညမ်းဇာတ်ကားအသံများနားထောင်ခဲ့ရပြီး ယင်းအခိုက်အတန့်ကို ပေါလ်ဘရန်တန်ဆိုသူ ခရီးသည်ကဗီဒီယိုမှတ်တမ်းတင်ရိုက်ကူးခဲ့သည်။

South Western ရထားလိုင်း ဝန်ထမ်းတစ်ဦးက ရထားလော်စပီကာစနစ်ဖွင့်ထားစဉ် ညစ်ညမ်းဇာတ်ကားကို အမှတ်မထင်ဖွင့်မိကာ ခရီးသည်များ ဇဝေဇဝါဖြစ်စေခဲ့ပုံပေါ်သည်။ ပေါလ်ဘရန်တန်က ဗီဒီယိုဖိုင်တွင် "ရထားမောင်းသူက လော်စပီကာစနစ် ဖွင့်ထားတာကို သတိမထားမိဘဲ ညစ်ညမ်းဇာတ်ကားကြည့်မိ" ဟုရေးကာ တွစ်တာတွင် ပို့စ်တင်ခဲ့သည်။

ဗီဒီယိုဖိုင်တွင် အမျိုးသမီးကြီးတစ်ဦးက "ဒါက ရထားမောင်းတဲ့သူဆီက လာတာဟုတ်ရဲ့လား" ဟု မေးမြန်းရာ အခြားတစ်ဦးက "မဟုတ်ဘူး၊ ဒါကတစ်ယောက်ယောက်ရဲ့ဖုန်းက ဖြစ်မယ်"ဟု ပြန်လည်ဖြေကြားသည်။

ကြည့်ရှုသူရှစ်သိန်းခန့်ရှိသော ယင်းဗီဒီယိုဖိုင်အောက်တွင် လူမှုမီဒီယာအသုံးပြုသူများက အပြောင်အပျက်မှတ်ချက်အများအပြား ရေးသားခဲ့သည်။

"အနည်းဆုံးတော့ တစ်ယောက်ယောက်က အလုပ်သွားရင် မြို့ပတ်ရထားစီးဖို့ ကြိုက်မှာပေါ့"ဟု အသုံးပြုသူတစ်ဦးက မှတ်ချက်ပေးသည်။

ယင်းဖြစ်ရပ်ကြောင့် South Western ရထားလိုင်းတာဝန်ရှိသူတစ်ဦးက တောင်းပန်ပြီး စုံစမ်းစစ်ဆေးနေသည်ဟု ပြောသည်။

"South Western ရထားလိုင်းမှာ ညစ်ညမ်းဝက်ဘ်ဆိုက်တွေအပါအဝင် မသင့်တော်တဲ့ အကြောင်းကိစ္စတွေကို တားမြစ်ထားတဲ့ မူဝါဒရှိပါတယ်။ ရထားပေါ်မှာ၊ ဒါမှမဟုတ်ဘူတာရုံတွေမှာရှိတဲ့ ဝိုင်ဖိုင်ဝန်ဆောင်မှုတွေမှာ ဒါတွေကို တားမြစ်ထားပါတယ်။ ဒါဘယ်လိုဖြစ်လဲဆိုတာ စုံစမ်းနေပါတယ်။ ဒီအဖြစ်အပျက်က လုံးဝလက်မခံနိုင်တဲ့ ကိစ္စဖြစ်လို့ရထားစီးပြည်သူတွေကို တောင်းပန်ပါတယ်"ဟုယင်းပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

လရောင်

# ကျောင်းသားများ၏ အကြွေးအားလုံးကို ဘီလျံနာသူဌေးကြီး ရောဘတ်အက်ဖ်စမစ် ပေးချေမည်

နည်းပညာရင်းနှီးမြှုပ်နှံသူ ဘီလျံနာသူဌေးကြီးရောဘတ်အက်ဖ်စမစ်က ၎င်းတို့အကြွေးများကို ပေးချေမည်ဟု ပြောကြားခြင်းဖြင့်ဂျော်ဂျီယာပြည်နယ် မြို့တော်အတ္တလန်တာရှိ ဘွဲ့ရကျောင်းသားများကို အံ့အားသင့်စေခဲ့သည်။ အမေရိက၏ အရက်ရောဆုံး လူမည်းသူဌေးများတွင် ပါဝင်သောစမစ်သည် အစဉ်အလာအရ လူမည်းယောကျ်ားလေး ကောလိပ် Morehouse တွင် မိန့်ခွန်းပြောကြားခဲ့သည်။

ဒေါ်လာသန်းနှင့်ချီကုန်ကျမည့် ယခုအစီအစဉ်တွင် ကျောင်းသား ၄၀၀ ခန့်အကျိုးခံစားခွင့်ရမည်ဖြစ်သည်။

ယင်းသတင်းကြောင့် ၂၀၁၉ အတန်းနှင့် ၎င်းတို့၏ ဆရာ၊ ဆရာမများ မှင်တက်ပြီးနောက် လက်ခုပ်သြဘာပေးခဲ့သည်။

Forbes မဂ္ဂဇင်းအဆိုအရ စမစ် (၅၆) နှစ်သည် ကန်ဒေါ်လာငါးဘီလီယံ ချမ်းသာသည်ဟုသိရသည်။

စမစ်သည် Morehouse ကောလိပ်၌ ဂုဏ်ထူးဆောင် ဒေါက်တာဘွဲ့ရရှိမည်ဖြစ်ပြီး ကောလိပ်သို့ ကန်ဒေါ်လာ ၁ ဒသမ ၅ သန်း လှူဒါန်းမည်ဟု ကြေညာထားသည်။

လရောင်
Ref: BBC

# တောင်တက်လမ်းပြတစ်ဦး ဧဝရက်တောင်ထိပ်သို့ (၂၄) ကြိမ် တက်ရောက်ပြီး စံချိန်သစ်တင်



နီပေါ တောင်တက်လမ်းပြ (ရှာပါ)ကာမီရီတာ (၄၉)နှစ်သည် ဧဝရက်တောင်ထိပ်သို့ (၂၃) ကြိမ်မြောက် တက်ရောက်နိုင်ပြီးနောက် ပြီးခဲ့သည့် သီတင်းပတ်က စံချိန်သစ်တင်ခဲ့သော်လည်း မေလ ၂၁ ရက်က (၂၄) ကြိမ်မြောက်တက်ရောက်ကာ ၎င်း၏ စံချိန်ဟောင်းကို ထပ်မံချိုးဖျက်ခဲ့သည်။ ရီတာသည်တစ်ပတ်အတွင်း ဧဝရက်တောင်ထိပ်သို့ နှစ်ကြိမ်တက်ရောက်နိုင်ခြင်းဖြစ်သည်။

၈,၈၄၈ မီတာမြင့်သော ဧဝရက်တောင်ထိပ်သို့ ၁၉၉၄ ခုနှစ်က ပထမဆုံးအကြိမ်ရောက်ရှိပြီးနောက် ရီတာသည်ရှာပါသက်တမ်း (၂၅)နှစ်အတွင်း ပါကစ္စတန်နိုင်ငံရှိကမ္ဘာ့ဒုတိယအမြင့်ဆုံး K2 တောင်ထိပ်အပါအဝင် မီတာ ၈,၀၀၀ မြင့်သော ထောင်ထိပ်ငါးခုပေါ်သို့ (၃၅) ကြိမ် ခြေချနိုင်ခဲ့သည်။

၎င်းသည် ပြီးခဲ့သည့်နှစ်က ဧဝရက်တောင်ထိပ်သို့ (၂၂)ကြိမ်မြောက်တက်ရောက်ပြီး ရှာပါနှစ်ဦး ပူးတွဲပိုင်ဆိုင်ထားသော (၂၁) ကြိမ်စံချိန်ကို ချိုးဖျက်ခဲ့သည်။

ပူးတွဲစံချိန်ပိုင်ရှင်ရှာပါနှစ်ဦးစလုံးသည် ယခုအခါ တောင်တက်လမ်းပြအဖြစ်မှ အနားယူသွားပြီဖြစ်သည်။ ၁၉၅၃ ခုနှစ်က အဒ်မန့်ဒ်ဟီလာရီနှင့် တန်ဖိုင်နော်ဂေးတို့ဧဝရက်တောင်ထိပ်သို့ ပထမဆုံးအကြိမ် ခြေချနိုင်ပြီးနောက် တောင်တက်လုပ်ငန်းသည် အကျိုးအမြတ်များသော စီးပွားရေးလုပ်ငန်းတစ်ခု ဖြစ်လာသည်။

ယခုနှစ် နွေဦးပေါက် တောင်တက်ရာသီတွင် နီပေါအစိုးရက တောင်တက်သမား ၃၈၁ ဦးကို ဧဝရက်တောင်ပေါ်သို့ တက်ရောက်ခွင့်စံချိန်တင်ခွင့်ပြုထားပြီး တစ်ဦးစီလျှင် ဒေါ်လာ ၁၁,၀၀၀ ကုန်ကျသည်။

သို့သော် ယခုတောင်တက်ရာသီအတွင်း ပြည်ပတောင်တက်သမားခြောက်ဦး သေဆုံးပြီး နှစ်ဦးပျောက်ဆုံးခဲ့သည်။

လရောင် – Ref: AFP

# ကန်လွှတ်တော်အမတ်များက တရုတ်ကျောင်းသား သုတေသီများကို ဗီဇာတင်းကျပ်လို

တရုတ်စစ်ဘက်က အလုပ်ခန့်အပ်ထားသော (သို့ မဟုတ်) စပွန်ဆာပေးထားသူများကို အမေရိကန်နိုင်ငံသို့ ကျောင်းသားဗီဇာ (သို့မဟုတ်) သုတေသန ဗီဇာထုတ်ပေးခြင်းမှ တားမြစ်ရေးရည်ရွယ်သော ဥပဒေကို သမ္မတဒေါ်နယ်ထရန့်၏ အပေါင်းပါရီပက်ဘလေကန် အမတ်အချို့က လွှတ်တော်သို့ တင်ပြသည်။

ယင်းဥပဒေကြမ်းအရ အမေရိကန်အစိုးရအနေဖြင့် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်နှင့် လက်တွဲနေသော သိပ္ပံပညာနှင့် အင်ဂျင်နီယာအဖွဲ့အစည်းများကို စာရင်းပြုစုထား၍ ယင်းအဖွဲ့အစည်းများက အလုပ်ခန့်အပ်ထားသော စပွန်ဆာပေးထားသူများကို ဗီဇာရရှိခြင်းမှ တားဆီးရေးဖြစ်သည်။

အမေရိကန်နှင့် တရုတ်ကြားကုန်သွယ်ရေးစစ်ပွဲပိုမိုပြင်းထန်လာစဉ် အဆိုပါ ဥပဒေကြမ်းပေါ်ထွက်လာခြင်းဖြစ်သည်။

အမေရိကန်တက္ကသိုလ်များနှင့် အခြားအဖွဲ့အစည်းများတွင် တရုတ်နိုင်ငံသားများ၏ ဉာဏ်ပစ္စည်းခိုးယူမှု (သို့မဟုတ်) လျှို့ဝှက်ထောက်လှမ်းမှုဖြစ်နိုင်ခြေအပေါ် စိုးရိမ်မှုများကို အမေရိကန်အရာရှိအချို့က ပြောကြားနေစဉ်ယင်းယခုဥပဒေကြမ်း ထွက်ပေါ်လာခြင်းဖြစ်သည်။

သို့သော် အမေရိကန်နှင့် တက္ကသိုလ်အရာရှိများက အလွန်အကျွံတုံ့ပြန်ခြင်းကို သတိပေးထားသည်။ အမေရိကန်အဖွဲ့အစည်းများတွင် တရုတ်ပညာရှင်များနှင့် ကျောင်းသားများပါဝင်သော အရေးကြီးသည့် အခန်းကဏ္ဍကိုအသိအမှတ်ပြုရမည်ဖြစ်ကာ လုံခြုံရေးအန္တရာယ်ကိုလည်း သတိထားရမည်ဟု ၎င်းတို့က ပြောကြားသည်။

ယင်းဥပဒေကြမ်းကို အထက်လွှတ်တော်ရီပက်ဘလေကန်များဖြစ်သော ချပ်ဂရက်စလေ၊ တွန်ကော်တွန်၊ တက်ခရုဇ်နှင့် မာရှာဘလက်တန်း၊ ဂျော့ရှ်ဟော်လီတို့က တင်ပြပြီးအောက်လွှတ်တော်တွင် မိုက်ဂယ်လက်ဂါကမိတ်ဆက်သည်။

လရောင်



# အမေရိကန်နှင့် စစ်ပွဲဖြစ်လာမည်မဟုတ်ဟု အီရန်နိုင်ငံခြားရေးဝန်ကြီး ပြောကြား

အမေရိကန်နှင့် တင်းမာမှုများ မြင့်တက်ခြင်းနှင့် စပ်လျဉ်း၍ စိုးရိမ်ပူပန်နေခိုက် အီရန်နိုင်ငံခြားရေးဝန်ကြီး မိုဟာမက်ဂျာဗက်ဒ်ဇာရစ်ဖ်က ဒေသတွင်း စစ်ပွဲဖြစ်ပွားမည်ဟု မယုံကြည်ကြောင်း ပြောသည်။ အီရန်အစိုးရအနေဖြင့် စစ်ပွဲမလိုလားကြောင်း၊ အီရန်နှင့် ထိပ်တိုက်ရင်ဆိုင်ရန် မည်သည့်နိုင်ငံတွင်မျှ အကြံ (သို့မဟုတ်) စိတ်ကူးမရှိကြောင်း ဇာရစ်ဖ်က အီရန်နိုင်ငံပိုင် သတင်းအေဂျင်စီ IRNAအား ပြောသည်။

အမေရိကန်သည် အီရန် ခြိမ်းခြောက်မှုများနှင့်ပတ်သက်၍ လတ်တလောရက်များအတွင်း ပင်လယ်ကွေ့ဒေသသို့ စစ်သင်္ဘောများနှင့်လေယာဉ်များ ဖြန့်ကြက်ခဲ့သည်။

သို့သော် အမေရိကန်သမ္မတဒေါ်နယ်ထရန့်က ပဋိပက္ခကို ရှောင်လွှဲလိုကြောင်း ပြောကြားထားသည်။

မေလ ၁၈ ရက်က တရုတ်အလည်အပတ်ခရီးစဉ်အဆုံး၌ ဇာရစ်ဖ်က IRNA အား "ထရန့်က စစ်ပွဲမလိုလားပါဘူး။ ဒါပေမဲ့ သူ့အနားမှာရှိတဲ့လူတွေဟာ "အမေရိကကိုတစ်ဖန်ပြန်လည်ကြီးကျယ်အောင်လုပ်ကြပါစို့" ဆိုတဲ့ ဥပါယ်တံမျဉ်သုံးပြီး အီရန်နဲ့ စစ်ခင်းဖို့သူ့ကို တွန်းအားပေးနေပါတယ်"ဟုပြောသည်။

အီရန်နျူအစီအစဉ်အဆုံးသတ်စေရေး အပြန်အလှန်အဖြစ် ပိတ်ဆို့အရေးယူမှုများဖြေလျှော့ပေးရန်ရည်ရွယ်သည့် ၂၀၁၅ နိုင်ငံတကာသဘောတူညီချက်မှ ဒေါ်နယ်ထရန့်က အမေရိကန်ကို ပြီးခဲ့သည့်နှစ်အတွင်း ဆွဲထုတ်ပြီးနောက် ယင်းနှစ်နိုင်ငံကြား တင်းမာမှုများကြီးထွားလာသည်။

အမေရိကန်သည် စစ်သင်္ဘောများနှင့်လေယာဉ်များကို ပင်လယ်ကွေ့ဒေသသို့ စေလွှတ်ဖြန့်ကြက်ထားပြီး အမေရိကန်များအပေါ်ဖြစ်နိုင်ခြေရှိသော အီရန်ခြိမ်းခြောက်မှုနှင့် ပတ်သက်၍ ထောက်လှမ်းရေးသတင်းများအကြောင်းပြုကာ အီရတ်နိုင်ငံမှ ဝန်ထမ်းအချို့ထွက်ခွာရန် ညွှန်ကြားခဲ့သည်။

လရောင်—Ref: BBC



# အမေရိကန်နှင့် ရုရှားတို့ ဆီးရီးယားတွင် တွဲလုပ်နိုင်သော်လည်း ရွေးကောက်ပွဲကိစ္စ၌ အငြင်းပွား

ရုရှားသမ္မတ ဗလာဒီမာပူတင်က အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ခ်ပွန်ပီယိုကို လက်ခံတွေ့ဆုံစဉ် ဆီးရီးယားတွင် အတူတကွ အလုပ်လုပ်ရေးအပါအဝင် ပိုမိုကောင်းမွန်သော ဆက်ဆံရေးကို မျှော်လင့်ကြောင်း အမေရိကန်နှင့်ရုရှားက ပြောကြားသော်လည်း ရွေးကောက်ပွဲဝင်ရောက်စွက်ဖက်မှုကိစ္စ၌ နှစ်ဖက်တင်းမာမှုများရှိခဲ့သည်။ ပူတင်နှင့် ပွန်ပီယိုတို့သည်ရုရှားပင်လယ်နက်အပန်းဖြေမြို့ ဆိုချီတွင် နှစ်နာရီခန့် ဆွေးနွေးပြီး ပွန်ပီယိုသည် ၁၀ လအတွင်းရုရှားခေါင်းဆောင်ကို ပထမဆုံးတွေ့ဆုံသည့် အဆင့်အမြင့်ဆုံးအမေရိကန်အရာရှိ ဖြစ်လာသည်။

ပွန်ပီယို၏ အလည်အပတ်ခရီးဖြင့် ရုရှားအမေရိကန် ဆက်ဆံရေး အကျိုးဖြစ်ထွန်းစေလိုကြောင်းနှင့် နှစ်ဖက်ဆက်ဆံရေး ပိုမိုဖွံ့ဖြိုးတိုးတက်စေလိုသည်ဟု ပူတင်က ပြောသည်။

ပွန်ပီယိုက မိမိတို့နှစ်နိုင်ငံကြားပူးပေါင်းဆောင်ရွက်မှုလုပ်နိုင်သော နယ်ပယ်များတွေ့ရှိထားကြောင်းနှင့် ဆီးရီးယားနိုင်ငံတွင်လိပ်ခဲတည်းလည်း အခြေအနေကို ချိုးဖျက်နိုင်မည်ဟု မျှော်လင့်ကြောင်း ပြောကြားသည်။

ထို့အပြင် အမေရိကန်နှင့် ရုရှားသည် အမေရိကန်က တပ်ဖွဲ့များရုပ်သိမ်းရန် ပြင်ဆင်နေသော အာဖဂန်နစ္စတန်နှင့် မြောက်ကိုရီးယားကိစ္စများတွင် အမြင်ချင်းတူညီသည်ဟု ပွန်ပီယိုက ပြောသည်။

ဒေါ်နယ်ထရန့်၏ မဲဆွယ်အဖွဲ့က ရုရှားနှင့် ပူးပေါင်းကြံစည်မှုမရှိဟု တွေ့ရှိခဲ့သော အထူးစုံစမ်းစစ်ဆေးရေးမှူး ရောဘတ်မူလာ၏ ၂နှစ်ကြာစုံစမ်းစစ်ဆေးမှုကိုလည်း ပူတင်က ချီးကျူးပြောကြားသည်။


စောစောပိုင်းက ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂျီလက်ဗ်ရော့နှင့်ပြုလုပ်သော ပူးတွဲသတင်းစာရှင်းလင်းပွဲတွင် ပွန်ပီယိုက ရွေးကောက်ပွဲစွက်ဖက်မှုနှင့်ပတ်သက်၍ အမြင်ကွဲပြားခဲ့ကြောင်း ဝန်ခံပြောကြားပြီး ရုရှားအနေဖြင့် ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲ၌ ဝင်ရောက်မနှောင့်ယှက်ရန် သတိပေးပြောကြားသည်။

ရုရှားနိုင်ငံခြားရေးဝန်ကြီး လက်ဗ်ရော့က ယင်းကိစ္စကို ဖောင်းပွအောင်လုပ်ပြီး ပူးပေါင်းကြံစည်မှုပြောကြားခြင်းများကို ပြစ်တင်ရှုတ်ချကာ ဆိုက်ဘာလုံခြုံရေးကိစ္စများတွင် အမေရိကန်နှင့် ပူးပေါင်းလုပ်ဆောင်လိုသည်ဟု ပြောကြားသည်။

လရောင်



# တရုတ်နိုင်ငံတွင် ဝီကီပီဒီးယားကို ဘာသာစကားအားလုံးဖြင့် တားမြစ်




အသုံးပြုသူများက ပြင်ဆင်ဖြည့်စွက်နိုင်သော အွန်လိုင်းစွယ်စုံကျမ်း ဝီကီပီဒီးယားကို တရုတ်က ဘာသာစကားအားလုံးဖြင့် တားမြစ်ကာ ယင်းဝက်ဘ်ဆိုက်အပေါ် တားမြစ်မှုတိုးမြှင့်ခဲ့ကြောင်း ဘီဘီစီသတင်းက ဖော်ပြသည်။

စောစောပိုင်းက တားမြစ်မှုတွင် အင်တာနက်အသုံးပြုသူများအား တရုတ်ဘာသာဖြင့် ဖော်ပြမှုကို ကြည့်ရှုခွင့်တားမြစ်ပြီး ဒလိုင်းလားမားနှင့် တီယန်မင်ရင်ပြင် အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုကဲ့သို့ အထိခိုက်မခံနိုင်သော ရှာဖွေမှုများအတွက် စာမျက်နှာများကို တားမြစ်ခဲ့သည်။

အင်တာနက်ဆင်ဆာ ဖြတ်တောက်ရေးအဖွဲ့(OONI)၏ ဖော်ပြချက်အရ ယင်းတားမြစ်မှုမှာ ဧပြီနှောင်းပိုင်းကတည်းက ထားရှိခြင်းဖြစ်သည်။

ယင်းဆင်ဆာဖြတ်တောက်မှုနှင့် ပတ်သက်၍ ၎င်းတို့ အသိပေးချက် တစ်စုံတစ်ရာလက်ခံရရှိခြင်းမရှိဟု ဝီကီပီဒီးယားဖောင်ဒေးရှင်းက ကြေညာချက်တစ်ရပ်၌ ဖော်ပြထားသည်။

အွန်လိုင်းသတင်း အချက်အလက်များသို့ ဝင်ရောက်ခွင့်အပေါ် ထိန်းချုပ်ထားမှုကို မကြာမီနှစ်များက တင်းကျပ်ခဲ့သော တရုတ်နိုင်ငံတွင် ဝီကီပီဒီးယားသည် ဝင်ရောက်ခွင့်မရသောပိုများလာသည့် ဝက်ဘ်ဆိုက်များစာရင်း၌ ပါဝင်လာသည်။

ဂူးဂဲလ်နှင့် ဖေ့စ်ဘွတ်ခ်၊ Linkedin တို့သည် တားမြစ်ခံထားရပြီးဖြစ်သော ဝက်ဘ်ဆိုက်များ၌ပါဝင်ပြီး အင်တာနက်အသုံးပြုသူများသည် တားမြစ်မှုကို ရှောင်လွှဲရန် ပုဂ္ဂလိကကွန်ရက်များ အသုံးပြုနေရသည်။

နယ်စည်းမထား သတင်းထောက်များအဖွဲ့၏ ၂၀၁၉ ခုနှစ် ကမ္ဘာ့မီဒီယာလွတ်လပ်ခွင့်ညွှန်းကိန်းတွင် တရုတ်သည် နိုင်ငံ ၁၈၀ စာရင်း၌ ၁၇၇ နေရာတွင် ရှိနေသည်။

ယင်းစောင့်ကြည့်ရေးအဖွဲ့၏ သီးခြားလေ့လာမှုတစ်ရပ်တွင် တရုတ်သည်ပြည်တွင်း၌သာ ဆင်ဆာဖြတ်တောက်နေသည်မဟုတ်ဘဲ ဝေဖန်မှုများကို တားဆီးရန်နှင့် ဝါဒဖြန့်ရန် ကြိုးပမ်းမှုအတွင်း နိုင်ငံခြားမီဒီယာများသို့ ထိုးဖောက်ဝင်ရောက်ရန်လည်း ကြိုးပမ်းနေကြောင်း ဖော်ပြထားသည်။

လရောင်

# နယူးဇီလန် ပစ်ခတ်မှုကို အကြောင်းပြု၍ ဖေ့စ်ဘွတ်ခ်က Live လွှင့်ခြင်း စည်းကမ်းများတင်းကျပ်




ခရစ်စ်ချာ့ချ်မြို့တွင် အစုလိုက်အပြုံလိုက် ပစ်ခတ်သတ်ဖြတ်မှုပြီးနောက် အွန်လိုင်းအကြမ်းဖက်မှုကို တားဆီးရန် ရည်ရွယ်သော ကမ္ဘာ့ခေါင်းဆောင်များ၏ အစည်းအဝေးမတိုင်မီဖေ့စ်ဘွတ်ခ်က ၎င်းတို့၏ Live ထုတ်လွှင့်ပြသခြင်းနှင့် သက်ဆိုင်သော စည်းမျဉ်းစည်းကမ်းများကို တင်းကျပ်ကြောင်း ပြောကြားသည်။ မတ်လ ၁၅ ရက်က ခရစ်စ်ချာ့ချ်မြို့ရှိ ဗလီနှစ်လုံးတွင် သေနတ်သမားတစ်ဦးက လူ ၅၁ ဦးကို ပစ်သတ်ပြီး ယင်းတိုက်ခိုက်မှုများကို ဖေ့စ်ဘွတ်ခ်ပေါ်၌ တိုက်ရိုက်ထုတ်လွှင့်သည်။

ယင်းမှာ နယူးဇီလန်၏ အဆိုးရွားဆုံးသော ငြိမ်းချမ်းချိန်ကာလပစ်ခတ်မှုဖြစ်ပြီး နည်းပညာကုမ္ပဏီများအနေဖြင့် ၎င်းတို့၏ ဝန်ဆောင်မှုများတွင် အစွန်းရောက်မှုများကို တိုက်ဖျက်ရေးပိုမိုလုပ်ဆောင်ရန် တိုက်တွန်းမှုများ ဖြစ်ပေါ်စေသည်။

ဖေ့စ်ဘွတ်ခ်ပေါ်တွင် အပြင်းထန်ဆုံး စည်းမျဉ်းများကို ချိုးဖောက်ခြင်းအတွက် စည်းကမ်းပိုင်းအရေးယူဆောင်ရွက်မှုနှင့် ရင်ဆိုင်ခဲ့ရသူများကို အသုံးပြုခွင့်ယာယီတားမြစ်ကာ ဖေ့စ်ဘွတ်ခ် Live အသုံးပြုခြင်း မူဝါဒတစ်ရပ်ကိုမိတ်ဆက်ကြောင်း ကြေညာချက်တစ်ရပ်၌ ဖော်ပြထားသည်။

ပထမဆုံးချိုးဖောက်သူများကို Live အသုံးပြုခြင်းကို ကာလအပိုင်းအခြားအလိုက် တားမြစ်မည်ဖြစ်ကြောင်း ဖေ့စ်ဘွတ်ခ်ကုမ္ပဏီက ပြောသည်။

အသုံးပြုခွင့်ပိတ်ပင်သောကာလ မည်မျှကြာရှည်မည်ကို ဖေ့စ်ဘွတ်ခ်က ဖော်ပြခြင်းမရှိသော်လည်း ပြောရေးဆိုခွင့်ရှိ အမျိုးသမီးတစ်ဦးက ယင်းစည်းမျဉ်းသစ်များအရ သေနတ်သမားအနေဖြင့် ၎င်း၏ အကောင့်တွင် Live လွှင့်ခြင်းကို အသုံးပြုရန်ဖြစ်နိုင်မည်မဟုတ်ဟု ပြောသည်။

အွန်လိုင်းတွင် အကြမ်းဖက်အစွန်းရောက်ဖော်ပြမှုများ ရှင်းလင်းရေးကတိတစ်ရပ်ကိုကမ္ဘာ့ခေါင်းဆောင်များနှင့်နည်းပညာ ကုမ္ပဏီအကြီးအကဲများ လက်မှတ်ထိုးစေရေး ကြိုးပမ်းမည့် အစည်းအဝေးတစ်ရပ်ကို နယူးဇီလန်ဝန်ကြီးချုပ်နှင့် ပြင်သစ်သမ္မတတို့က ပူးတွဲဥက္ကဋ္ဌအဖြစ်ကျင်းပရန် စီစဉ်ထားစဉ် အထက်ပါကြေညာချက်ထွက်ပေါ်လာခြင်းဖြစ်သည်။

လရောင်

# ဇွန်လစောစောပိုင်းတွင် Brexit အကောင်အထည်ဖော်ရေး ဥပဒေကြမ်း မဲခွဲဆုံးဖြတ်မည်

အစိုးရနှင့် လေဘာပါတီအကြား သဘောတူညီမှုရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ဇွန်လစောစောပိုင်း၌ လွှတ်တော်အမတ်များအား ဥရောပမှ ဗြိတိန်ထွက်ခွာရေး (Brexit)နှင့်ပတ်သက်၍ ထပ်မံမဲခွဲခိုင်းမည်ဖြစ်ကြောင်း ဗြိတိန်ဝန်ကြီးချုပ်ရုံးက ပြောကြားခဲ့သည်။

Brexit ဆီသို့ ဦးတည်မည့် ဥပဒေကြမ်းကို မဲခွဲဆုံးဖြတ်ရေးသည် ဥရောပမှ ဗြိတိန်ထွက်ခွာရေးလွှတ်တော်အမတ်များ နွေရာသီအနားမယူမီမဖြစ်မနေလုပ်ဆောင်ရမည့်ကိစ္စဟု ပြောရေးဆိုခွင့်ရှိသူက ပြောသည်။

သို့သော် ယင်းမဲခွဲဆုံးဖြတ်မှုသည် ဝန်ကြီးချုပ်နတ်ထွက်ရေး သဘောတူညီချက်အပေါ် အဓိပ္ပာယ်ပြည့်ဝသော စတုတ္ထမဲခွဲဆုံးဖြတ်မှုအဖြစ် ရှုမြင်မည်မဟုတ်ပေ။

ပါတီနှစ်ရပ်က သဘောတူညီထားခြင်းမရှိပါက ယင်းဥပဒေကြမ်းကိုထောက်ခံမည်မဟုတ်ဟု လေဘာပါတီသတင်းရင်းမြစ်များက ပြောကြားသည်။

ဝန်ကြီးချုပ်၏ Brexit သဘောတူညီချက်ကို အမတ်များက သုံးကြိမ်တိုင် ပယ်ချပြီးနောက် အာဏာရကွန်ဆာဗေးတစ်နှင့် အတိုက်အခံလေဘာပါတီကြားချိန်ညှိနှိုင်းရေးဆွေးနွေးမှုများ စတင်ခဲ့သည်။

နတ်ထွက်ရေးသဘောတူညီချက် ဥပဒေကြမ်းကို ရှေ့သို့တိုးကာ မဲခွဲဆုံးဖြတ်ခြင်းဖြင့် ဝန်ကြီးချုပ်အနေဖြင့် နွေရာသီမတိုင်မီ ဥရောပမှ ဗြိတိန်ထွက်သွားမှုဖြစ်ပေါ်လာရေး တွန်းအားပေးနိုင်မည်ဟု ဘီဘီစီနိုင်ငံရေးသတင်းထောက် လိန်းဝက်ဆန်က ပြောကြားသည်။

ဝန်ကြီးချုပ် ထရီဆာမေနှင့် အတိုက်အခံလေဘာပါတီခေါင်းဆောင် ဂျယ်ရီမီကိုဘန်တို့ အင်္ဂါနေ့က ထပ်မံတွေ့ဆုံပြီး နှစ်ဖက်ကြားဆွေးနွေးပွဲနှင့်ပတ်သက်၍ တိုးတက်မှုများ လေ့လာခဲ့သည်။

ဆွေးနွေးမှုအပြုသဘောဆောင်သည်ဟု ဝန်ကြီးချုပ်ရုံးနံပါတ် (၁၀) ဒေါင်းနင်းလမ်းက ဖော်ပြသည်။

လရောင်





# ရက်ဂေး အယ်လ်ဘမ် အသစ် အမည် မပေးရသေးတဲ့ ရီဟားနား

ဖက်ရှင်လုပ်ငန်းသစ် Fenty ကို ယခုသီတင်းပတ်အတွင်း မိတ်ဆက်ရန် ပြင်ဆင်ရင်း အလုပ်ရှုပ်နေသည့် အဆိုတော်ရီဟားနားက အယ်လ်ဘမ်အသစ်၏ အမည် မပေးရသေးသော်လည်း ယင်းမှာ ရက်ဂေးအမျိုးအစား အယ်လ်ဘမ်ဖြစ်ကြောင်းပြောကြားသည်။

The New York Times Style မဂ္ဂဇင်းနှင့် တွေ့ဆုံမေးမြန်းရာတွင် ရီဟားနားက ယင်းအယ်လ်ဘမ်အသစ်အတွက် လေဒီဂါဂါ၊ ဒရိတ်ခ်တို့နှင့် လက်တွဲထားခြင်း မရှိဟု ပြောကြားသည်။

လေဒီဂါဂါသည် အင်စတာဂရမ်တွင် ရီဟားနားနှင့် မိတ်ဆွေဖွဲ့လိုက်သဖြင့် ၎င်းတို့နှစ်ဦးပူးပေါင်းကာ တစ်စုံတစ်ခု ဖန်တီးမည်ဟူသော ပြောဆိုမှုများထွက်ပေါ်ခဲ့သည်။

ရီဟားနားက အယ်လ်ဘမ်အသစ် အမည်မပေး ရသေးဟုဆိုသော်လည်း R9 ဟူသောအမည်သည် ခေါင်းထဲတွင် စွဲမြဲနေပြီဖြစ်သဖြင့် အယ်လ်ဘမ်တွင် R9 ဟု အမည်ပေးရန်ဖြစ်နိုင်ကြောင်းပြောကြားသည်။

လရောင်
MTV



# သားပုပ်လေလွှင့် မှတ်ချက် ပေးသူတွေကို အရေးယူမယ့် လီမင်ဟိုရဲ့ ကုမ္ပဏီ

လီမင်ဟိုနှင့်ပတ်သက်၍ သားပုပ်လေလွှင့်မှတ်ချက်ပေးသူများကို ဥပဒေအရအရေးယူမည်ဟု ၎င်း၏အေဂျင်စီ MYM Entertainment က ထုတ်ပြန်သည်။

သရုပ်ဆောင်လီမင်ဟိုနှင့် ပတ်သက်၍ အခြေအမြစ်မရှိသော ကောလာဟလများ၊ သားပုပ်လေလွှင့်မှတ်ချက်၊ မိုဒ်ရေးတင်သူများကို ဥပဒေကြောင်းအရ အရေးယူမည်ဖြစ်ကြောင်း အသိပေးလိုက်သည်ဟု MYM ထုတ်သတင်းတွင် ဖော်ပြထားသည်။

မိမိတို့၏ ဝန်ထမ်းများနှင့် ပရိသတ်များထံမှအထောက်အထားများ စုဆောင်းပြီးနောက် ဆိုးလ်မဟိုခရိုင်တရားရုံးတွင် ဖွဲ့ချက်တင်ထားသည်ဟုလည်း ယင်းကုမ္ပဏီကပြောသည်။

ယင်းအတောအတွင်း လီမင်ဟိုသည် The King: The Everlasting Monarch ဒရာမာ တွင်ပါဝင်သရုပ်ဆောင်ထားပြီး ၂၀၂၀ခုနှစ်တွင်ပြသမည်ဟု သတင်းများကဖော်ပြသည်။

လရောင်

ပို့ဆောင်ဆက်သွယ် သတင်းဂျာနယ်
TRANSCOM NEWS JOURNAL
www.transcomjournal.com



# ပီအက်စ်ဂျီနှင့် မန်စီးတီးက ဘောလုံးလောကကို ဖျက်ဆီးနေဟု လာလီဂါဥက္ကဋ္ဌဝေဖန်




ပီအက်စ်ဂျီနှင့် မန်စီးတီးတို့သည် ငွေအမြောက်အမြား သုံးစွဲခြင်းနှင့်အတူ ဥရောပဘောလုံးလောကကို ကြီးမားသောထိ ခိုက်ပျက်စီးမှုဖြစ်စေသည်ဟု လာလီဂါဥက္ကဋ္ဌဂျာဗီယာတီဘတ်စ်က ပြစ်တင်ဝေဖန်ခဲ့သည်။

ပရီးမီးယားလိဂ်ချန်ပီယံမန်စီးတီးနှင့် လီဂူးဝမ်းချန်ပီယံ ပီအက်စ်ဂျီတို့သည် ငွေအမြောက်အမြားသုံးစွဲထားခြင်းနှင့်အတူ ၎င်းတို့ရာဇဝင်တွင် အအောင်မြင်ဆုံး အချိန်များကို ပိုင်ဆိုင်ထားပြီး ပြင်သစ်ကလပ်ကို ကာတာကငွေကြေးထောက်ပံ့ကာ အင်္ဂလန်ကလပ်ကို ယူအေအီးပိုင်ရှင်များက ငွေကြေးထောက်ပံ့သည်။

ယင်းနှစ်သင်းစလုံးသည် ကမ္ဘာ့ကစားသမားအပြောင်းအရွှေ့ဈေးကွက်ကို ကမောက်ကမဖြစ်အောင်လုပ်နေကာ ငွေကြေးသုံးစွဲမှုကို ယင်းအသင်းများ ကိုယ် တိုင်ထိန်းချုပ်သင့်သည်ဟု တီဘတ်စ်ကစွပ်စွဲပြောကြားသည်။ မန်စီးတီးနှင့် ပီအက်စ်ဂျီသည် အစိုးရချုပ်ကိုင်ထားသော ကလပ်များဖြစ်နေခြင်းသည် ပြဿနာဖြစ်ကြောင်း၊ ၎င်းတို့ကစားသမားခေါ်ယူမည်ဆိုပါက ရေနံ နှင့်သဘာဝဓာတ်ငွေ့ရောင်းရငွေများကို သုံးစွဲကြောင်း လာလီဂါအကြီးအကဲက စွပ်စွဲသည်။

၎င်းတို့က အမိက ကစားသမားများကို ထိန်းထားရန် ငွေအမြောက်အမြားသုံးစွဲပြီး အပြောင်းအရွှေ့ဈေးကွက်အတွင်း ဂျူဗင်တပ်နှင့် ရီးရဲလ်၊ ဘိုင်ယန်ကဲ့သို့အသင်းများက ပီအက်စ်ဂျီနှင့် မန်စီးတီး လက်မဦးစေရန် ကစားသမားများကို ကြေးတိုးပေးနေရကြောင်း၊ မန်စီးတီးနှင့် ပီအက်စ်ဂျီကြောင့် ဥရောပဘောလုံးလောကကို ကြီးမားသောထိခိုက်မှုဖြစ်စေကြောင်း တီဘတ်စ်က စွပ်စွဲသည်။ ထူးခန့်ဇင်

# ၂၀၂၂ ကာတာ ကမ္ဘာ့ဖလားပြိုင်ပွဲ ၄၈ သင်း အစီအစဉ်ကို ဖီဖာပယ်ဖျက်




၂၀၂၂ ကာတာကမ္ဘာ့ ဖလားပြိုင်ပွဲတွင် ပြိုင်ပွဲဝင် ၄၈ သင်းအထိ တိုးချဲ့ရေးအစီအစဉ်ကို ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (FIFA) က စွန့်လွှတ်ခဲ့သည်။

လက်ရှိ ၃၂ သင်းမှ ၄၈ သင်းသို့ တိုးချဲ့မည့်အစီအစဉ်ကို မူလက ၂၀၂၆ တွင် ကျင်းပရန် စီစဉ်ခဲ့သော်လည်း ၂၀၂၂ ကာတာ ကမ္ဘာ့ဖလားသို့ ရှေ့တိုးကျင်းပဖွယ်ရှိသည်ဟု ဖီဖာဥက္ကဋ္ဌ ဂျီယန်နီအင် ဖန်တီနိုက ပြီးခဲ့သည့်နှစ်၌ ပြောကြားခဲ့သည်။ ယင်းသို့ ပြောင်းလဲပါက ကာတာအနေဖြင့် အိမ်ရှင်တာဝန်များကို ဒေသတွင်း အခြားနိုင်ငံများနှင့်မျှဝေရန် လိုအပ်မည်ဖြစ်သည်။

သို့သော် ကျယ်ကျယ်ပြန့်ပြန့်နှင့် စေ့စပ်သော တိုင်ပင်ခြင်း လုပ်ငန်းစဉ်ပြီးနောက် ယင်းအပြောင်းအလဲကို ယခုအချိန်လုပ်နိုင်မည်မဟုတ်ဟု ဆုံးဖြတ်ခဲ့ကြောင်း ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် က ပြောကြားသည်။

ပြိုင်ပွဲဝင် ၄၈ သင်းကို ကာတာက ၎င်းတို့ဘာသာအိမ်ရှင်အဖြစ်ကျင်းပရေးဖြစ်နိုင်ခြေကိုလေ့လာကြည့်ရှုသင့်ကြောင်း၊ သို့သော် ပြင်ဆင်မှုများအတွက် အသေးစိတ်အကဲဖြတ်ရန် အချိန်မလုံလောက်သောကြောင့် ယင်းအစီအစဉ်ကို ဆက်မလုပ်ရန်ဆုံးဖြတ်ခဲ့သည်ဟု ဖီဖာက ပြောကြားသည်။ ကာတာကမ္ဘာ့ဖလား ကျင်းပရေးအဖွဲ့ကလည်း ထုတ်ပြန်ချက်တစ်စောင်၌ ပြောကြားရာတွင် မိမိတို့အနေဖြင့် ၂၀၂၂ ပြိုင်ပွဲအား ၄၈ သင်းတိုးချဲ့ကျင်းပရေးစိတ်ကူးကိုလက်ခံပြီး ပြင်ဆင်ခဲ့သည်ဟု ပြောကြားသည်။

သို့သော် ကာတာကမ္ဘာ့ဖလားကို လာမည့်သုံးနှစ်ခွဲတွင် စတင်မည်ဖြစ်ကာ မိမိတို့အနေဖြင့် ၃၂ သင်းကမ္ဘာ့ဖလားကို အကောင်းဆုံးပြိုင်ပွဲတစ်ခုဖြစ်ရေး၊ ကမ္ဘာ့ကဂုဏ်ယူစရာဖြစ်ရေး သေချာစေရန်ဆက်လက်စိတ်ညွှတ်ထားသည်ဟု ကာတာကမ္ဘာ့ဖလား ကျင်းပရေးအဖွဲ့က ပြောကြားသည်။ ထူးခန့်ဇင်



# လာမည့်နှစ်တွင် အောင်သူကို ပြန်လည်ခေါ်ယူရန် စီစဉ်ထားဟု ရတနာပုံအသင်းပိုင်ရှင်ပြော

ထိုင်းလိဂ် - ၁ ကလပ် မြောင်တောင်ယူနိုက်တက်တွင် အငှားသွားရောက်ကစားနေသည့် မြန်မာ့လက်ရွေးစင်တိုက်စစ်မှူးအောင်သူကို ၂၀၂၀ ဘောလုံးရာသီ၌ ရတနာပုံအသင်းသို့ ပြန်လည်ခေါ်ယူရန်စီစဉ်ထားကြောင်း အသင်းပိုင်ရှင် ဒေါက်တာစိုင်းဆမ်ထွန်းက ပြောကြားသည်။

အောင်သူသည် ထိုင်းလိဂ် -၁ ပွဲစဉ်(၁၁) အထိ မြောင်တောင်အသင်း၌ မိနစ် ၃၃၀သာ ပွဲထွက်ကစားခွင့်ရရှိပြီး ဂိုးဖန်တီးနိုင်မှု၊ ဂိုးသွင်းယူနိုင်မှုမရှိသေးဘဲ ရုန်းကန်နေရသည်။

ရတနာပုံ တိုက်စစ်မှူး အောင်သူသည် ယခုနှစ် ဘောလုံးရာသီတွင် ထိုင်းလိဂ် - ၁ ကလပ် မြောင်တောင်အသင်းသို့ တစ်ရာသီ အငှားစာချုပ်ဖြင့် သွားရောက်ကစားနေသည်။ သို့သော် မြောင်တောင်ယူနိုက်တက်သည်ယခုနှစ်တွင် ရလဒ်များ ဆိုးရွားနေပြီး နည်းပြ အပြောင်းအလဲ ဖြစ်ပေါ်ကာ အောင်သူလည်းပွဲထွက်ကစားခွင့်ရရန် ရုန်းကန်နေရသည်။

၂၀၁၉ ထိုင်းလိဂ် - ၁ ပွဲစဉ် (၁၁) အပြီးတွင် မြောင်တောင်အသင်းက နှစ်ပွဲနိုင်၊ နှစ်ပွဲသရေ၊ ခုနစ်ပွဲ ရှုံးနိမ့်ကာရှစ်မှတ်သာရရှိပြီး အမှတ်ပေးဇယားအောက် ဆုံးနေရာ၌ ကျရောက်နေသည်။ (၂၂) နှစ်အရွယ်အောင်သူသည် ၂၀၁၈ ဘောလုံးရာသီတွင် ထိုင်းလိဂ်-၁ ကလပ် Police Tero အသင်းသို့ အငှားသွားရောက် ကစားစဉ်က ခြေစွမ်းပြနိုင်ပြီးပွဲ ၃၀ပွဲ ထွက်ခွင့်ရရှိကာ ၁၁ ဂိုးသွင်း၊ ရှစ်ဂိုးဖန်တီးနိုင်ခဲ့သည်။

ထူးခန့်ဇင်

# ရန်ကုန်တွင် ဖူဆယ်အားကစားရုံ တည်ဆောက်ရန် ဖီဖာက ကန်ဒေါ်လာ နှစ်သန်း ထောက်ပံ့

ရန်ကုန်မြို့၌ နိုင်ငံတကာအဆင့်မီ ဖူဆယ်အားကစား ရုံသစ်တည်ဆောက်ရန် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)က မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ထံကန်ဒေါ်လာနှစ်သန်းထောက်ပံ့မည်ဖြစ်ကြောင်း ဘောလုံးအဖွဲ့ချုပ်က သတင်းထုတ်ပြန်သည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် ဖူဆယ်အားကစားရုံ သစ်တည်ဆောက်ရန် ၂၀၁၈ က FIFA Forward Program ဖြင့် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်ထံ တင်ပြတောင်းခံပြီး ဖီဖာကခွင့်ပြုကြောင်း ယခုနှစ်မေလတွင် အကြောင်းပြန်ခဲ့သည်။

အဆိုပါ ဖူဆယ်ကွင်းတည်ဆောက်ရေး ၂၀၁၈ ဒီဇင်ဘာ ၇ ရက်က တင်ဒါကြေညာပြီးနောက် အောင်မြင်သည့် Suntac ကုမ္ပဏီအနေဖြင့် လက်ရှိတွင် တည်ဆောက်ရေးလုပ်ငန်းများ စတင် ဆောင်ရွက်နေကြောင်း ဘောလုံးအဖွဲ့ချုပ်က ထုတ်ပြန်သည်။

ပရိသတ်နှစ်ထောင်ခန့်ဆံ့ ဖူဆယ်အားကစားရုံသစ်ကို သုဝဏ္ဏဘောလုံးကွင်း ကားပါကင်နေရာ၌ တည်ဆောက်နေပြီး ၂၀၂၀ နှစ်လယ်တွင် ပြီးစီးမည်ဖြစ်သည်။

ထို့အပြင် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် သုဝဏ္ဏဘောလုံးကွင်းမီးစင်မီးလုံးများ Flood Light အဆင့်မြှင့်တင်ရန် ကန်ဒေါ်လာတစ်သိန်းခွဲနှင့် လေ့ကျင့်ရေးကွင်းသစ်အတွက် လိုအပ်မည့် ကန်ဒေါ်လာတစ်သိန်း၊ စုစုပေါင်း ကန်ဒေါ်လာနှစ်သိန်းခွဲကိုလည်း FIFA Forward Program အတိုင်း ဆက်လက်တင်ပြမည်ဖြစ်ကြောင်း ဘောလုံးအဖွဲ့ချုပ်က သတင်းထုတ်ပြန်သည်။

ထူးခန့်ဇော်







## တရားဝင် ရွေးကောက်ပွဲရလဒ်များ ကြေညာပြီးနောက် ဂျကာတာမြို့ အဓိကရုဏ်းများအတွင်း လူခြောက်ဦး သေဆုံး

တရားဝင်ရွေးကောက်ပွဲရလဒ်များ ကြေညာအပြီး အင်္ဂါနေ့ညက အဓိကရုဏ်းဖြစ်ပွားကာ ဂျကာတာမြို့တွင်လူခြောက်ဦးသေဆုံးခဲ့သည်။ သေဆုံးသူခြောက်ဦး၊ ဒဏ်ရာရသူ ၂၀၀ ကျော်ရှိကြောင်း တာရာကန်ဆေးရုံ၌ ဂျကာတာ အုပ်ချုပ်ရေးမှူး အန်နစ်ဘာစဝန်ဒန်က Detik သတင်းဌာနအား မေလ ၂၂ ရက်က ပြောသည်။

ပြီးခဲ့သည့်လက ရွေးကောက်ပွဲပြီးနောက် သမ္မတဂျိုကိုဝီဒိုဒိုပြန်လည်ရွေးကောက်ခံရကြောင်း ပြသသည့် တရားဝင်ရလဒ်များကို ကြေညာပြီးနောက် အဓိကရုဏ်းများဖြစ်အောင် လှုံ့ဆော်သည်ဟု စွပ်စွဲခံထားရသူ ၂၀ဦးကို ဖမ်းဆီးထားကြောင်း ရဲတပ်ဖွဲ့ပြောရေး ဆိုခွင့်ရှိသူတစ်ဦးက ဗုဒ္ဓဟူးနေ့၌ ပြောကြားသည်။

ဂျကာတာမြို့လယ်တာနာအဘန်းဒေသရှိ လမ်းထဲတွင် ကခုန်နေသော ဆန္ဒပြသူဒါဇင်ပေါင်းများစွာ၏ နောက်ကွယ်မှ မီးခိုးများထွက်ပေါ်လာသည်ကို ရုပ်သံဖိုင်များ၌ မြင်တွေ့ရသည်။

ရွေးကောက်ပွဲကြီးကြပ်ရေးအဖွဲ့ရှေ့ရှိ သီးခြားအုပ်စုတစ်စုကရဲတပ်ဖွဲ့ကို ကျောက်ခဲများဖြင့် ပစ်ပေါက်ခဲ့ကြောင်း ရိုက်တာသတင်းဌာန မျက်မြင်သက်သေတစ်ဦးက ပြောသည်။

ဝီဒိုဒိုသည် မဲအားလုံး၏ ၅၅ ဒသမ ၅ ရာခိုင်နှုန်းရပြီး ၎င်း၏ ပြိုင်ဘက်ဗိုလ်ချုပ်ဟောင်းပရာ ဘိုဝိုဆူဘီယန်တိုသည် ၄၄ ဒသမ၅ ရာခိုင်နှုန်းရကြောင်း ဖော်ပြသော ဧပြီ ၁၇ ရက် ရွေးကောက်ပွဲ ပုဂ္ဂလိကစစ်တမ်းများ၏ တရားဝင်မဟုတ်သောရလဒ်များကို အထွေထွေရွေးကောက်ပွဲကော်မရှင် (KPU) က အင်္ဂါနေ့တွင် အတည်ပြုသည်။

ကမ္ဘာ့တတိယအကြီးဆုံး ဒီမိုကရေစီနိုင်ငံတွင် မဲစုစုပေါင်း ၁၅၄ သန်းအနက် ဝီဒိုဒိုသည် ၈၅ သန်းကျော်ရရှိသော်လည်း ပရာဘိုဝိုက ကျယ်ပြန့်သော လိမ်လည်မှုရှိသည်ဟု ယုံကြည်ကြောင်း သတင်းထောက်များအားပြောကြားပြီး စောစောပိုင်းတစ်ရက်က ဂျကာတာမြို့၌ထောက်ခံသူ ၁,၀၀၀ ခန့်စုဝေးခဲ့သည်။

လိမ်လည်မှုရှိသည်ဆိုသော ပြောကြားမှုများကို ရွေးကောက်ပွဲကြီးကြပ်ရေး အေဂျင်စီတစ်ခုက တနင်္လာနေ့က ပယ်ချထားပြီး အထောက်အထားမရှိဟု ပြောသည်။ ရွေးကောက်ပွဲသည်အမှီ အခိုကင်းပြီး လွတ်လပ်သည်ဟုအမှီအခိုကင်းသော လေ့လာစောင့်ကြည့်သူများက ပြောသည်။

လရောင်

Ref: Reuters

## ဗြိတိန်ဝန်ကြီးချုပ် ထရီဆာမေ ဇွန်လ ၇ ရက်တွင် ရာထူးမှ နုတ်ထွက်မည်



ဒေါင်းနင်းလမ်းတွင် ထုတ်ပြန်သော ကြေညာချက်တစ်ရပ်အတွင်း ၎င်းက ၂၀၁၆ ခုနှစ် အီးယူလူထုဆန္ဒခံယူပွဲရလဒ်အလေးထားရန် အကောင်းဆုံးကြိုးစားခဲ့သည်ဟု ဖော်ပြသည်။

ကွန်ဆာဗေးတစ်ပါတီ ခေါင်းဆောင်နေရာ ယှဉ်ပြိုင်နေစဉ်အတွင်း ၎င်းအနေဖြင့် ဝန်ကြီးချုပ်အဖြစ် ဆက်လက်တာဝန်ယူမည်ဟု မစ္စစ်မေကပြောသည်။ ၎င်းအနေဖြင့် ဇွန်လ ၇ ရက်တွင် ယင်းပါတီခေါင်းဆောင်နေရာမှထွက်လျှင် ခေါင်းဆောင်နေရာယှဉ်ပြိုင်မှုလာမည့်တစ်ပတ်တွင် စတင်မည်ဖြစ်သည်။

ဝန်ကြီးချုပ်သည် ပါတီနစ်ရပ်မှ ထောက်ခံမှုရရန် ရည်ရွယ်သော လိုက်လျောမှုများပါဝင်သည့် ၎င်း၏နောက်ဆုံးအီးယူမှ ဗြိတိန်ထွက်ခွာမည့် အစီအစဉ်ကိုဆန့်ကျင်သော လွှတ်တော်အမတ်များထံမှ တန်ပြန်ရိုက်ချက်များ ရင်ဆိုင်ခဲ့ရသည်။

အန်ဒရီယာလိဒ်ဆင်သည် လွှတ်တော်ခေါင်းဆောင်နေရာမှ ဗုဒ္ဓဟူးနေ့ကနုတ်ထွက်ပြီး လူထုဆန္ဒခံယူပွဲရလဒ်အတိုင်း လုပ်ဆောင်နိုင်မည်ဟု မယုံကြည်တော့ကြောင်း ၎င်းကပြောသည်။

မစ္စစ်မေသည် ဒေးဗစ်ကင်မရွန်းပြီးနောက် ဝန်ကြီးချုပ်အဖြစ် သုံးနှစ်ကြာတာဝန်ယူပြီး ယင်းမတိုင်မီက ပြည်ထဲရေးဝန်ကြီးအဖြစ် ခြောက်နှစ်တာဝန်ယူခဲ့သည်။

ဗြိတိန်ဝန်ကြီးချုပ်တာဝန်ယူရခြင်းသည် ဘဝတွင်ဂုဏ်ယူစရာဖြစ်သည်ဟု ထရီဆာမေမျက်ရည်ကျရင်း ပြောသည်။

လရောင်– Ref: BBC




## ဟွာဝေးနှင့်ဆက်စပ်လုပ်ကိုင်သော လုပ်ငန်းများကို ဂျပန်ပင်နာဆိုးနစ်ကုမ္ပဏီကြီးရပ်ဆိုင်း

လုံခြုံရေးဆိုင်ရာစိုးရိမ်မှုများနှင့်ပတ်သက်၍ အမေရိကန်က တားမြစ်ခဲ့ပြီးနောက် တရုတ်နည်းပညာကုမ္ပဏီကြီးဟွာဝေးနှင့် လုပ်ငန်းများရပ်ဆိုင်းကြောင်း ဂျပန် Panasonic ကုမ္ပဏီကြီးက ပြောကြားသဖြင့် ဟွာဝေးနှင့်အဆက်ဖြတ်သော လုပ်ငန်းအရေအတွက်ပိုများလာသည်။

ဂျပန်နှင့်ဗြိတိန်မိုဘိုင်းလ်ဖုန်းလိုင်းကုမ္ပဏီကြီးလေးခုက 5G ဟွာဝေးဖုန်းအသစ်များ စတင်ထုတ်လုပ်မည့်အချိန်ကို ဆိုင်းငံ့ကြောင်း ပြောကြားပြီးတစ်ရက်အကြာတွင်ယင်းကြေညာချက်ထွက်ပေါ်လာခြင်းဖြစ်သည်။

အမေရိကန်အစိုးရ၏ တားမြစ်မှုတွင် ပါဝင်သောဟွာဝေးနှင့် ၎င်း၏ကုမ္ပဏီအုပ်စု ၆၈ ခုနှင့် စီးပွားရေးလုပ်ငန်းအပြန်အလှန်ဆက်သွယ်မှုအားလုံးကို မိမိတို့ ရပ်ဆိုင်းကြောင်း Panasonic ကုမ္ပဏီပြောရေးဆိုခွင့်ရှိသူ ဂျိုးဗလန်းကပြောသည်။

ဝါရှင်တန်၏ တားမြစ်ချက်များက ဟွာဝေးသို့ Panasonic က ထောက်ပံ့ပေးနေသော ဆက်စပ်ပစ္စည်းအချို့ထုတ်လုပ်နေသည့် အမေရိကန်နိုင်ငံတွင် ထုတ်လုပ်သည့်ထုတ်ကုန်များအပေါ် သက်ရောက်မှုရှိလာသည်။

လုံခြုံရေးအန္တရာယ်ရှိသည်ဟု ယူဆသော နိုင်ငံခြားဆက်သွယ်ရေးပစ္စည်းများကို အမေရိကန်ကုမ္ပဏီများအသုံးပြုမှုတားမြစ်ရန် သမ္မတဒေါ်နယ်ထရန့်က ပြီးခဲ့သည့်တစ်ပတ်က နိုင်ငံတော် အရေးပေါ်အခြေအနေကြေညာခဲ့ပြီးနောက် ယင်းဆုံးဖြတ်ချက်က ဟွာဝေးကိုဖိအားပိုလာစေသည်။

အိမ်ဖြူတော်က ပစ်မှတ်ထားသော ကုမ္ပဏီ(သို့မဟုတ်)နိုင်ငံကို သီးခြားထုတ်ဖော်ပြောဆိုခြင်းမရှိသော်လည်း ယင်းလုပ်ရပ်သည် ဟွာဝေးကို ရည်ရွယ်ပုံရသည်။ယင်းဆုံးဖြတ်ချက်ကြောင့် ကမ္ဘာ့တစ်ဝန်းစမတ်ဖုန်းအများစုတွင် အသုံးပြုနေသော Andriod Operating System ပိုင်ဆိုင်သည့် အမေရိကန်အင်တာနက်ကုမ္ပဏီကြီး ဂူးဂဲလ်အပါအဝင်ဟွာဝေးနှင့် ဆက်ဆံမှုများမှ နောက်ဆုတ်ရန်ကုမ္ပဏီများစွာက ဆောင်ရွက်ခဲ့ကြသည်။

လရောင်

Ref:Agencies